


# အမှောင်လွှမ်းနေသောချိုင့်ဝှမ်း

## ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်းရွှေတူးဖော်ရေးလုပ်ငန်းနှင့်စစ်တပ်တိုးချဲ့မှု

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့မှ ထုတ်ဝေသော အစီရင်ခံစာဖြစ်သည်

# အမှောင်လွှမ်းနေသောချင့်ဝှမ်း

## ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်းရွှေတူးဖေါ်ရေးလုပ်ငန်းနှင့်စစ်တပ်တိုးချဲ့မှု

ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ **KDNG** မှ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသည်။

ဤအစီရင်ခံစာတမ်းပါဓာတ်ပုံများအားလုံးသည်၊ သီးခြားဖော်ပြထားခြင်းမရှိလျှင် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ **KDNG** မူပိုင်ဖြစ်သည်။ ဤစာတမ်းကို ရေးသားပြုစုသူများက ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ **KDNG** သို့ ကြိုတင် ဆက်သွယ်၍ ခွင့်ပြုချက်ရယူခြင်းမပြုဘဲ ဓာတ်ပုံများကို တဆင့်ကူးယူဖြန့်ဝေခြင်းမပြုရန် မေတ္တာရပ်ခံပါသည်။

**ဆက်သွယ်ရန်**

**kdngroup@gmail.com**

**P.O Box. 140. Chiang Mai University, Chiang Mai 50202, Thailand**

**ကျေးဇူးတင်လွှာ**

ဤအစီခံစာထုတ်ဝေရန်နှင့် သုသေသနပြုလုပ်ရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးကြသော တသီးပုဂ္ဂလမိတ်ဆွေများနှင့် အဖွဲ့အစည်းများကို ကျနော်တို့ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့မှ လေးလေးနက်နက် ကျေးဇူးတင်ကြောင်း ဖေါ်ပြလိုပါသည်။ ကျနော်တို့အနေနဲ့ အားလုံးကို အသိအမှတ်ပြု ဂုဏ်ပြု၍ သူတို့၏ ပေးဆပ်ဆောင်ရွက်မှုများကို မှတ်တမ်းတင် ဖော်ပြလိုပါသော်လည်း လုံခြုံရေးကြောင့် သူတို့နာမည်များကို လျှို့ဝှက်ထားရပါသည်။ အချိန်အတန်ကြာ ယူခဲ့သော ဤလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အစီရင်ခံစာ မူကြမ်းနှင့် ဘာသာပြန်ခြင်းကို ပြင်ဆင်ပေးသောသူ၊ မြေပုံဆွဲခြင်းအားဖြင့် အချိန်ယူကူညီကြသော လုပ်ဖေါ်ကိုင်ဘက်များကိုလည်း ကျေးဇူးတင်ပါသည်။ ယခုလို အစီရင်ခံစာအုပ်တစ်အုပ်အဖြစ် တည်ရှိလာရန်အတွက် ငွေကြေးအကူအညီနှင့် လိုအပ်သော ပစ္စည်းများကို ထောက်ပံ့ပေးသူများကိုလည်း ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့မှ အထူးကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်ဖေါ်ပြလိုပါသည်။

### ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG)

**KDNG** သည် ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်သော ကချင်ပြည်နယ်အတွင်းနှင့် ပြည်ပနိုင်ငံများရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးဆိုင်ရာအဖွဲ့များနှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၏ ကွန်ယက်တစ်ခု ဖြစ်ပါသည်။ **KDNG** ၏ ဦးတည်ချက်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံအဖွဲ့အစည်းများနှင့် အတူလက်တွဲပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လူမှုရေးနှင့်နိုင်ငံရေးတိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်စေရန်အတွက်တိုက်ပွဲဝင်နေကြသော ဒေသခံပြည်သူများအတွက် တန်းတူညီမျှမှုနှင့်တရားမျှတမှု အပေါ် အခြေခံသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်မြှင့်တင်ပေးရန် ဖြစ်သည်။

# မာတိကာ


**အစီရင်ခံစာအကျဉ်းချုပ် ........................................................ ၁**

**နိဒါန်းနှင့် အသုံးပြုခဲ့သည့် သုတေသနဆိုင်ရာနည်းနာ ........................................ ၃**

**အခန်း (၁) ဟူးကောင်းချိုင့်ဝှမ်းဒေသ ........................................................ ၅**

လူနေမှုဘဝ ........................................................ ၆
ကချင်ပြည်နယ်၏နိုင်ငံရေးနှင့် သမိုင်းနောက်ခံ ........................................................ ၆
ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တော ........................................................ ၇
သဘာဝပတ်ဝန်းကျင် ........................................................ ၈
လူမျိုးများနှင့်ယဉ်ကျေးမှု ........................................................ ၈
လီဒိုလမ်းမကြီး ........................................................ ၈
နိုင်ငံရေးနောက်ခံ ........................................................ ၉

**အခန်း (၂) ဟူးကောင်းချိုင့်ဝှမ်းဒေသကို စစ်တပ်ထိန်းချုပ်လာမှု ........................................................ ၁၁**
မြေပုံ (ကချင်ပြည်နယ်တွင်းရှိ နအဖစစ်တပ်ရင်းများ –၁၉၉၄) ........................................................ ၁၂
မြေပုံ (ကချင်ပြည်နယ်တွင်းရှိ နအဖစစ်တပ်ရင်းများ – ၂၀၀၆) ........................................................ ၁၃
တနိုင်းမြို့ကို မြန်မာစစ်တပ်ထိန်းချုပ်လာမှု ........................................................ ၁၄

**အခန်း (၃) ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေတူးဖော်ရေးလုပ်ငန်းများ ........................................................ ၁၇**
၁၉၉၄ ခုနှစ် နောက်ပိုင်း ရွှေတွင်းများ အကြီးအကျယ်တူးဖော်လုပ်ကိုင်လာခြင်း ........................................................ ၁၈
၁၉၉၄ ခုနှစ်၌ ဟူးကောင်းဒေသတွင် ရွှေတူးဖော်သောနေရာများပြ မြေပုံ ........................................................ ၂၀
၂၀၀၆ ခုနှစ်၌ ဟူးကောင်းဒေသတွင် ရွှေတူးဖော်သောနေရာများပြမြေပုံ ........................................................ ၂၁
ဟူးကောင်းချိုင့်ဝှမ်းမှ ရွှေရှာနည်းများ ........................................................ ၂၃
ရွှေတောများ လုပ်ကိုင်ဆောင်ရွက်ပုံ ........................................................ ၂၆
ဇယား (ရွှေလုပ်ငန်းနှင့် ပါဝင်ပတ်သက်နေသူများ) ........................................................ ၂၈
ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေမှော်များ ပိတ်သိမ်းသည့် လက္ခဏာမတွေ့ရှိရခြင်း။ ........................................................ ၃၀
ရွှေမှော်များ။ (နအဖ) စစ်အစိုးရထိပ်တန်းခေါင်းဆောင်များအတွက်၊
အမြတ်အစွန်းကြီးသော စီးပွားရေး လုပ်ငန်း ........................................................ ၃၂

**အခန်း (၄) ရွှေတူးဖေါ်ခြင်းကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ**
**အကျိုးသက်ရောက်မှုများ ........................................................ ၃၃**
နောက်ထပ်ဘေးမဲ့တောတစ်ခု လုယက်ဖျက်ဆီးခံရခြင်း ........................................................ ၃၇
ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှုများ ........................................................ ၃၈
ရွှေတွင်းမတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ ........................................................ ၃၈
ကျန်းမာရေးပြုစုစောင့်ရှောက်မှု မလုံလောက်ခြင်း ........................................................ ၄၀
ပြဒါးအဆိပ်သင့်ခြင်း ........................................................ ၄၀
**အခန်း (၅) ရွှေမှော်ဒေသများကျယ်ပြန့်လာမှုကြောင့်ဖြစ်ပေါ်လာသော**
**လူမှုရေးဆိုင်ရာအပြောင်းအလဲများ ........................................................ ၄၃**
၂၀၀၅ခုနှစ် ဟူးကောင်းချိုင့်ဝှမ်းရှိ ဘိန်းခင်းများပြမြေပုံ ........................................................ ၄၄
*ကချင်ပြည်နယ်မှ မူးယစ်ဆေးဝါးပြဿနာ* ........................................................ ၄၅
ပညာသင်ကြားရန် အခွင့်အလမ်း မရရှိခြင်း ........................................................ ၄၆
*ရွှေမှော်ဒေသများအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု* ........................................................ ၄၇

*မူးယစ်ဆေးဝါးမျိုးကွဲများ* .................... ၄၈
မူးယစ်ဆေးဝါး ဈေးနှုန်းများ .................... ၄၉
ရွှေမှော်ဒေသများရှိ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု .................... ၅၀
အစိုးရမူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးအတွင်း၊ ဥပဒေမဲ့သတ်ဖြတ်မှု .................... ၅၁
ဟန်ပြ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်များ .................... ၅၂
ရွှေမှော်မှ ကလေးတစ်ယောက်၏ အတွေ့အကြုံ .................... ၅၂

**ရွှေမှော်ဒေသများရှိ ပြည့်တန်ဆာလုပ်ငန်း** .................... ၅၄
အတိဒုက္ခရောက်သူများအပေါ် အမြတ်ထုတ်ခြင်း .................... ၅၆
သီးခြားဖြစ်ရပ် လေ့လာတွေ့ရှိချက် .................... ၅၇
အတင်းအကျပ် ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်းတွင် (နအဖ) အာဏာပိုင်များ၏
လျှို့ဝှက်ပူးပေါင်းကြံစည်မှု .................... ၅၇
ပြည့်တန်ဆာများ ရင်ဆိုင်နေကြရသော အန္တရာယ်များ .................... ၅၈
အိပ် (ချ်) အိုင် ဗွီ၊ အေအိုင်ဒီအက် (စ်) **(HIV/AIDS)** .................... ၅၉

**ရွှေမှော်ဒေသများတွင် လောင်းကစားမှု** .................... ၆၁
**ဒေသခံကိုယ်စားလှယ်များထံမှ အကောက်ကောက်ခြင်း** .................... ၆၂
**ထီပေါက်ခြင်း၏ကျိုန်စာ၊ ချဲထီပေါက်သူတစ်ဦး၏ ဖြစ်ရပ်** .................... ၆၃

**အခန်း (၆) နိဂုံး** .................... ၆၅

**စာမျက်နှာအောက်ခြေ ရှင်းလင်းချက်** .................... ၆၈

**နောက်ဆက်တွဲ** .................... ၇၀
ရွှေတူးဖော်ရာနေရာများနှင့် ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ကုမ္ပဏီများ
ရွှေတူးဖော်ခြင်းဆိုင်ရာ တွေ့ဆုံမေးမြန်းချက် .................... ၇၁
မြေယာ သိမ်းဆည်းမှုတွေ့ဆုံမေးမြန်းချက် .................... ၇၅
မူးယစ်ဆေးပြဿနာ တွေ့ဆုံမေးမြန်းချက် .................... ၈၁
ပြည့်တန်ဆာလုပ်ငန်း တွေ့ဆုံမေးမြန်းချက် .................... ၈၄

အတိုကောက်နာမည်များ

| | |
|---|---|
| **ASEAN** | **Association of South East Asian Nations** |
| **KDNG** | **Kachin Development Networking Group** |
| **KIA** | **Kachin Independent Army** |
| **KIO** | **Kachin Independence Organization** |
| **NDA-K** | **New Democratic Army – Kachin** |
| **MWAF** | **Myanmar Women's Affairs Federation** |
| **SLORC** | **State Law and Order Restoration Council** |
| **SPDC** | **State Peace and Development Council** |
| **UNODC** | **United Nations Office on Drugs and Crime** |
| **USDA** | **Union Solidarity and Development Association** |
| **UN** | **United Nations** |
| **WCS** | **Wildlife Conservation Society** |

# အစီရင်ခံစာ အကျဉ်းချုပ်




မြန်မာနိုင်ငံ၏မြောက်ဘက်၊ ကချင်ပြည်နယ်ရှိ ဝေးကွာလှမ်းပြီး၊ သဘာဝပတ်ဝန်းကျင် အရကြွယ်ဝစုံလင်သည့်၊ ဟူးကောင်းချိုင့်ဝှမ်း ဒေသသည်၊ ကမ္ဘာ၏ ဇီဝရုက္ခမျိုးကွဲများ ထွေပြားစုံလင်ရာ၊ အထူးဒေသတစ်ခုအဖြစ်၊ နိုင်ငံတကာကပင် အသိအမှတ်ပြုထားကြရပါ သည်။ အလားတူ၊ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော၊ စစ်အစိုးရနှင့် သဘာဝ တောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ **Wildlife Conservation Society** တို့ကလည်း၊ ဤချိုင့်ဝှမ်းဒေသအတွင်း ကမ္ဘာ၏အကြီးဆုံး ကျားမျိုးများစောင့်ရှောက် ထိန်းသိမ်းရေးဒေသအဖြစ်၊ သတ်မှတ်ထူထောင်ထားကြပါသည်။ သို့သော်လည်း၊ ထိုဒေသအတွင်း နေထိုင်နေကြသော ပြည်သူများ၏ ဘဝအခြေအနေကိုမူ အာရုံစိုက်အလေးပေးခြင်း မခံခဲ့ကြရပါ။ ဒေသခံသုတေသီများက ဆောင်ရွက်ခဲ့ကြသော ဤအစီရင်ခံစာသည်၊ စစ်အစိုးရ၏ စစ်တပ်အင်အားတိုးချဲ့ချထားလာမှုနှင့် မိမိတို့အကျိုးအတွက်ကိုသာကြည့်၍ တိုးချဲ့ ဆောင်ရွက်နေကြသော ရွှေတူး ဖော်သည့်လုပ်ငန်းများကြောင့်၊ ထိုဒေသအတွင်းရှိ ရပ်ရွာ၊ လူမှုအသိုင်းအဝိုင်းများကို မည်မျှ ထိခိုက်ပျက်စီးစေခဲ့သည်၊ သစ်တောများနှင့် ရေထွက်စမ်းများကို မည်မျှဖျက်ဆီးခဲ့ကြသည် ဟူသော လူအများဖော်ပြခဲ့ဖူးခြင်း မရှိသေးသည့် အကြောင်းဖြစ်ရပ်များကို တင်ပြထားပါသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသကို၊ ၁၉၉၀ ခုနှစ်များ၊ အလယ်ပိုင်းကာလအထိ၊ မြန်မာစစ်အစိုးရက ယေဘုယျအားဖြင့်၊ မထိမတို့ဘဲထား ရှိခဲ့ပါသည်။ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် စစ်အစိုးရတို့အကြား၊ ၁၉၉၄ ခုနှစ်တွင်၊ အပစ်အခတ်ရပ်စဲ ရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးသည့်နောက်ပိုင်းတွင်၊ ငြိမ်းချမ်းရေးရလာမှုကြောင့် ဒေသအတွင်းပိုမိုဖွံ့ဖြိုး တိုးတက်လာလိမ့်မည်၊ ဘဝအခြေအနေမြင့်မားလာလိမ့်မည်ဟု ဒေသခံများက မျှော်လင့်ချက်ထားခဲ့ကြပါသည်။ သို့သော် လည်း၊ စစ်အစိုးရ၏ ထိန်းချုပ်မှု ပိုမိုလာခဲ့ပြီး၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၏ ပေါကြွယ်ဝသော သဘာဝသယံဇာတများသည်၊ ထိုဒေသအတွက် ကျိန်စာဆိုးသဖွယ် ဖြစ်လာခဲ့ရပါသည်။

အပစ်အခတ်ရပ်စဲရေးပြုခဲ့သော်လည်း၊ စစ်အစိုးရသည် ဟူးကောင်းချိုင့်ဝှမ်းဒေသ၏ ပင်မမြို့ဖြစ်သော၊ တနိုင်းဒေသတွင် စစ်ဘက်နှင့် အရပ်ဘက်အုပ်ချုပ်ရေးယန္တယားများကို တိုးချဲ့ ချထားလာခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင်၊ ဤအစီရင်ခံစာ၏ မှတ် တမ်းများအရ၊ စစ်တပ်အာဏာပိုင်များက တနိုင်းမြို့တွင်၊ အိမ်နှင့် ခြံမြေကေတစ်ရာကျော်ကို သိမ်းယူခဲ့ကြပြီး၊ ဉယျာဉ်နှင့်လယ် မြေ ၁၅၀ ကေကို သိမ်းပိုက်ယူငင်ခဲ့ကြပါသည်။ အချို့သောအိမ်နှင့် ခြံများကို စစ်တပ်စခန်းများအခြေစိုက်ရန် အတွက်အသုံး ပြုခဲ့ပြီး၊ အချို့ကို စစ်တပ်၏ အကျိုးစီးပွားအတွက် စီးပွားရေးသမားများထံသို့ ပြန်လည်ရောင်းချခဲ့ပါသည်။

ရွှေတွင်းဒေသများမှ ရရှိသောဝင်ငွေများကို ထိန်းချုပ်နိုင်ရန်နှင့် တိုးချဲ့ရရှိနိုင်ရန်အတွက်၊ စစ်အစိုးရက အချို့သောသီးသန့်ကုမ္ပဏီ များသို့ ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း ရွှေထုတ်လုပ်ခွင့်ကို ၂၀၀၂ ခုနှစ်မှစတင်၍ ရောင်းချပေးခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ခဲ့မှုကြောင့် မူလက လွတ်လပ်စွာရွှေကျင်နေကြသောအခြေအနေမှ၊ စီးပွားရေးလုပ်ပိုင်ခွင့် ရရှိသူလုပ်ငန်းရှင်များက စက်ကိရိယာများဖြင့် စီးပွားဖြစ်တူးဖော်ထုတ်လုပ်ကြသည့် အသွင်သို့ပြောင်းလာခဲ့ပါသည်။ စစ်အစိုးရ၏ သတ္တုတွင်းဝန်ကြီးဌာနသည်၊ လုပ်ပိုင်ခွင့်များ ချပေးသည့်ကိစ္စအပေါ် ငွေကြေးအမြောက်အများ ရယူသည်သာမက၊

ရရှိသောအမြတ်များအပေါ်မှ နှစ်စဉ် ၃၅ မှ ၅၀ ရာခိုင်နှုန်း အထိ အခွန်ကောက်ယူပါသည်။ ထို့အပြင် ဒေသဆိုင်ရာစစ်တပ် တပ်မှူးများ၊ မြို့နယ်နှင့် ဒေသခံအုပ်ချုပ်ရေးဌာနများသို့လည်း အခြားသော အထွေထွေကြေးများကို ပေးကြရသည့်အပြင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးကို လည်း ပုဂ္ဂိုလ်ရေးအရ လာဘ်ပေးကြရ ပါသေးသည်။ စစ်အစိုးရက ကချင်ပြည်နယ်အတွင်း ရွှေထုတ်လုပ်တူးဖော်ခွင့်ကို ပိတ်ပင်တားမြစ်ကြောင်း ရံဖန်ရံခါထုတ်ပြန်ကြေငြာ ခဲ့သော်လည်း၊ ဤအစီခံစာ၏ တွေ့ရှိချက်အရ ဤအမိန့်များသည် ယာယီသဘော သာဖြစ်ပြီး၊ သီးခြားကွက်၍ ပိတ်ပင်ခြင်းမျိုးသာ ဖြစ်ပါသည်။ ဤသို့ပိတ်ပင်တားမြစ်ခြင်းနည်းကိုသုံး၍ ရွှေတွင်းများမှရရှိလာမည့်ဝင်ငွေများကို ထိန်းချုပ်နိုင်ရန်၊ စစ်အစိုးရ၏ ဆောင် ရွက်ချက်သာ ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရက၊ ချိုင့်ဝှမ်းဒေသအတွင်း နိုင်ငံရေးနှင့် ဘဏ္ဍာရေးအရ တင်းကျပ်စွာပိုမိုထိန်းချုပ်လာသည့် အခြေအနေတွင်၊ ရွှေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ၌၊ ၎င်းကိုယ်တိုင်ချမှတ်ထားသော (အကန့်အသတ်ဖြင့်သာလွှမ်းခြုံ နိုင်သည့်) သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို၊ စည်းကြပ်ခြင်း မပြုပါ။ ဤသို့ စည်းမျဉ်းကြပ်မတ်မှုမရှိခြင်းကြောင့် သစ်တောများပြုန်းတီးရခြင်း၊ မြစ်ကမ်းများ တိုက်စားပြိုကျ ခြင်း၊ မြစ်ကြောင်း ပြောင်းလဲစီးဆင်းခြင်းများ ဖြစ်ပေါ်လာစေပါသည်။ ရွှေတွင်းလုပ်သားများမှာလည်း အန္တရာယ်ပြွမ်းလှသည့် လုပ်ငန်းခွင်ကြောင့်သော်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရနိုင်ကြောင့်သော်လည်းကောင်း၊ ပြင်းထန်စွာဒဏ်ရာရ ထိခိုက်ကြပြီး၊ သေဆုံး သည်အထိ ဖြစ်ကြရပါသည်။ ပြဒါးဆိပ်သင့်မှုကြောင့် ဖြစ်ရသော၊ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆိုင်ရာထိခိုက်နစ်နာရမှု များကို ယခုတိုင် စစ်ဆေးအကဲဖြတ်နိုင်ခြင်း မရှိသေးပါ။

သို့သော်လည်း၊ ဤသို့ အလုအယက်ရွှေတူးဖော်ထုတ်လုပ်လာကြခြင်းကြောင့်၊ သိသာထင်ရှားသောအကျိုးဆက်မှာ ဒေသခံ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုပင် ဖြစ်ပါသည်။ ယာယီဝင်ရောက်အခြေချလာသူများ များပြားလာပြီး၊ စီးပွားဖြစ်လုပ်ငန်းများ ဖြစ်ပေါ်လာသည့်အပြင်၊ ပင်ပန်းကြမ်းတမ်းသောလုပ်ငန်းခွင်၌ လုပ်ကိုင်ကြရခြင်း၊ ပညာရေးအခွင့်အလမ်းကင်းမဲ့နေခြင်းနှင့် ဆင်းရဲမွဲတေမှုကြီးမားနေခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာ လုပ်ငန်း၊ လောင်းကစားဝိုင်းများ ထူပြောများပြားလာပါတော့သည်။ ရွှေမှော်ဒေသတစ်ခုတွင် ခန့်မှန်းချေအရ နေထိုင်သူလူဦး ရေ၏ (၈၀) ရာခိုင်နှုန်းမှာ ဘိန်းမဲစွဲနေသည်ဟု ခန့်မှန်းထားကြပြီး၊ (၃၀) ရာခိုင်နှုန်းခန့်မှာ ဘိန်းဖြူ (ဟီးရိုးအင်း) နှင့် မီသာအမ်ဖီတမင်း စိတ်ကြွဆေးသုံးစွဲ နေကြပါသည်။ မူးယစ်ဆေး အကြောတွင်းထိုးသွင်းခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်းကြောင့်၊ ကိုယ်ခံအားကျ ရောဂါပိုး ကူးစက်ပြန့်ပွား မှုကိုလည်း တိုးတက်လာစေပါသည်။ ဤသို့လူမှုပြဿနာများကို ဖြေရှင်းပေးရမည့်အစား၊ ဒေသခံ (နအဖ)အာဏာပိုင်များသည်၊ ဤသို့တရားမဝင်လုပ်ငန်းများကို အခွန်ကောက်ခွင့်ပြုထားကြပြီး၊ ဤရာဇဝတ်မှုများ နှိမ်နင်းရေးလုပ်ငန်းများကိုပင် တားဆီးဟန့်တားနေကြပါသည်။

(နအဖ) စစ်အစိုးရက၊ ကချင်ပြည်နယ်ကို ၎င်း၏နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်၏ စံပြဒေသအဖြစ် ကြွားဝါဖော်ပြနေကြပြီး၊ ကချင်တိုင်းရင်းသားများသည် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့်အတွက်ကြောင့်၊ ကောင်းကျိုးဆုလာဒ်များကို ခံစားနေကြရပြီဟု ဆိုနေပါသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ဖြစ်ပျက်နေသော ဖြစ်ရပ်များသည်၊ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များအတွင်း ပါဝင်ဆောင်ရွက်မှုကြောင့်၊ ဒေသခံပြည်သူများ လုံးဝအကျိုးမရှိဖြစ်ရပုံနှင့် (နအဖ) စစ်အစိုးရအနေဖြင့်၊ ၎င်း၏ စစ်ရေးရည်မှန်းချက်များနှင့် ဘဏ္ဍာရေးအကျိုးစီးပွားကို၊ မည်သို့တိုးချဲ့လာပုံကို ဖော်ပြနေပါသည်။ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို ပစ်ပယ်ကာ၊ ဤသို့ရေတိုအမြင်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ဤအစီရင်ခံစာသည်၊ ဒေသခံပြည်သူများက ဤသို့ပျက်စီးမှုသို့ဦးတည်စေသည့်၊ ရေရှည်တည်တံ့မှု မရှိနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို၊ ထုတ်ဖော်ပြောဆိုလာကြသည့်အပေါ် မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် တရားမမျှတမှုများကို၊ ခုခံကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းကြပုံများကို အထောက်အထားဖြင့် တင်ပြထားပါသည်။ ဤသို့ရဲရင့်ပြောင်မြောက်သည့် လုပ်ဆောင်ချက်များကို ထောက်ခံအားပေးသင့်လှပါသည်။



# နိဒါန်းနှင့် အသုံးပြုခဲ့သည့် သုတေသနဆိုင်ရာနည်းနာ

ကချင်ပြည်နယ်သည်၊ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းတွင်တည်ရှိသောပြည်နယ်ဖြစ်ပြီး တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပြည်နယ်ဖြစ်သည်။ လူဦးရေအားဖြင့် ၁သန်းမှ ၁. ၅ သန်းကြားရှိမည်ဟု ခန့်မှန်းရပြီး အများစုမှာ ကချင်လူမျိုး များဖြစ်ကြသည်။ ကချင်ပြည်နယ်သည် သစ်တော၊ ဓာတ်သတ္တုပစ္စည်းများနှင့် တွင်းထွက်ကျောက်မျက် ရတနာများအပါအဝင် သဘာဝသယံဇာတပေါကြွယ်ဝသော ပြည်နယ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် တော်ဝင်ကျောက်စိမ်း **(Imperial jade)** နှင့် ဂျေဒိုက် **(Jadeite)** ခေါ် ရှားပါးပြီးအဖိုးတန်လှသော ကျောက်စိမ်းမျိုးတွေ့ရှိနိုင်သော နေရာနှစ်နေရာအနက်မှ တစ်နေရာဖြစ်သည်။

၁၉၉၀ ခုနှစ်များ နှစ်လယ်ပိုင်းမှစ၍ စနစ်တကျထိန်းချုပ်မှုများနှင့် စည်းမျဉ်းစည်းကမ်းများ သေချာစွာချမှတ်ထားမှုမရှိသော၊ ရွှေတူး ဖော်ခြင်းလုပ်ငန်းသည် လျှင်မြန်စွာကျယ်ပြန့်လာခဲ့ရာ၊ ဆွေးနွေးငြင်းခုံစရာ ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ ထိုသို့ရွှေတူးဖော်ခြင်း လုပ်ငန်းများကြောင့်၊ ရွှေမှော်များပတ်ဝန်းကျင်တွင် နေထိုင်ကြသူများကိုသာမက၊ ကချင်လူမျိုးအများစုအတွက်ပါ ပြင်းထန်ဆိုးရွားသော လူမှုရေးပြဿနာများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဒေသခံအဖွဲ့အစည်းများမှ လူငယ် များသည်၊ ၎င်းတို့၏လူမှုအဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာနေသော အခြေအနေကို စိုးရိမ်ပူပန်လာကြသဖြင့်၊ ထိုကိစ္စရပ်ကို အဓိက ထား အာရုံစိုက်လာစေရန် တင်ပြခဲ့ကြပါသည်။ အထူးသဖြင့် အမှန်တကယ်ဖြစ်ပျက်နေသော အခြေအနေနှင့် ဒေသခံလူထုအပေါ် အကျိုးသက်ရောက်မှုများကို သုတေသနပြု၍ တင်ပြခဲ့ကြပါသည်။ ထို့ကြောင့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ **KDNG** က မကြာသေးမီကမှ တိုးချဲ့ဖော်ထုတ်လာသော ဟူးကောင်းချိုင့်ဝှမ်းရွှေတူးဖေါ်ရေးလုပ်ငန်းအခြေအနေကို အထူးလေ့လာဖွယ်ကိစ္စတစ်ခုအဖြစ် သုတေ သနပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ၁၉၉၄ ခုနှစ်မတိုင်မီအထိ၊ လက်ရှိစစ်အစိုးရက များစွာအာရုံ စိုက်မခံရသောဒေသဖြစ်ရာ၊ အစိုးရက ထိုဒေသတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်လာခဲ့ပြီးနောက် ဖြစ်ပေါ်လာသော အကျိုး ဆက်၊ အထူးသဖြင့် ရွှေမှော်များကြောင့် ဖြစ်ပေါ်လာသော လူမှုရေး အကျိုးဆက်များကို တင်ပြရန်အတွက် နမူနာကောင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းသည်၊ လျှို့ဝှက်ထားပြီး၊ လူအများအတွက် ပွင့်လင်းမြင်သာမှုမရှိသောကြောင့်၊ ရွှေတွင်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လူအများသိရှိနိုင်သော သတင်းရင်းမြစ်များမှ ရယူနိုင်ရန်ခက်ခဲလှပါ သည်။ ထို့ကြောင့် ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ **KDNG** မှ သုတေသီ (၃) ဦးတို့သည် ၂၀၀၄ ခုနှစ်နှောင်းပိုင်းမှ ၂၀၀၆ ခုနှစ် နှောင်းပိုင်းကာလအထိ၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အချက်အလက်များ စုဆောင်းကောက်ယူ၍ သုတေသနပြုလုပ်ခဲ့ပါသည်။ သုတေသီများသည် ရွှေတွင်းလုပ်သားများ၊ တွင်းပိုင်များ၊ ရွှေတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ ဝန်ထမ်းများ၊ ရွှေမှော်ရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနှင့် ဈေးဆိုင်ပိုင်ရှင်များ၊ ဆရာဝန်များ၊ ရွှေမှော်အုပ်ချုပ်ရေး ကော်မီတီဝင်များ၊ ဒေသခံရွာသူရွာသားများ၊ မူးယစ် ဆေးဝါးသုံးစွဲသူများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများ၊ ပြည့်တန်ဆာများ၊ အနှိပ်ခန်းပိုင်ရှင်များ၊ နိုင်ငံတော်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး (ကြံ့ဖွံ့) အဖွဲ့ဝင်များ၊ ကေအိုင်အိုမှ အရာရှိများကို တွေ့ဆုံမေးမြန်းခဲ့ကြပါသည်။ (တွေ့ဆုံမေးမြန်းမှုစာရင်းများနှင့် ပတ်သက် ၍ အသေးစိတ်စာရင်းကို နောက်ဆက်တွဲများတွင်ကြည့်ပါ။) ရွှေတူးဖော်ခြင်း၏ သဘာဝပတ်ဝန်းကျင်ပျက်စီးစေမှုအပေါ် အခြား အစီရင်ခံ စာများတွင်လည်း၊ သုတေသနပြုထားပြီးဖြစ်ရာ၊ **KDNG** သည် အဓိကအားဖြင့် တွေ့ဆုံမေးမြန်းမှုများကို ရွှေမှော်များတွင်လုပ်ငန်းများဆောင်ရွက်ကြပုံ စံနစ်များနှင့် လူမှုရေးဆိုင်ရာအကျိုး သက်ရောက်မှုအပေါ်တွင်သာ အဓိကအာရုံစိုက် ပြုလုပ်ခဲ့ပါသည်။

ယခုစာတမ်းအတွက် ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ရွှေမှော် (၃) ခုကို အထူးပြုလေ့လာခဲ့ပါသည်။ ၎င်းတို့မှာ တုံမလီ၊ နမ်ဗြူနှင့် ရှင်ဘွိယန် ရွှေမှော်တို့ဖြစ်ကြပါသည်။ တုံမလီနှင့် နမ်ဗြူရွှေတောကို (ကေအိုင်အို) အဖွဲ့က တစ်စိတ်တစ်ပိုင်းအားဖြင့် အုပ်ချုပ် စီမံခန့်ခွဲနိုင်ခွင့်ရှိပြီး၊ ရှင်ဘွိယန်ရွှေမှော်ကမူ လက်ရှိအာဏာသိမ်းစစ်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) က ထိန်းချုပ် စီမံခန့်ခွဲမှုအောက်၌ တည်ရှိပါသည်။ အချို့နေရာများတွင် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်ဆက်သွယ်ရေး မဆိုထားနှင့်၊ ကားလမ်းပင်မရှိပါ။ သုတေသီများသည် ဝေးလံခက်ခဲသောခရီးကြမ်းများကို လမ်းလျှောက်သွားခဲ့ကြရပြီး တွေ့ရှိချက်များကိုလည်း မြန်မြန်ဆန်ဆန် ပြန်လည်မပေးပို့နိုင်ခဲ့ကြပါ။ ဟူးကောင်းချိုင့်ဝှမ်းဒေသကို (နအဖ) စစ်အစိုးရက တင်းကျပ်စွာထိန်း ချုပ်ထားသဖြင့် သတင်းအချက်အလက်များကို လုံခြုံစိတ်ချစွာ ပေးပို့ရန်ခက်ခဲလှပါသည်။

ဤစာတမ်းကို **KDNG** သုတေသီများရယူခဲ့သော တရားဝင်စာရွက်စာတမ်းများ၊ ဒေသခံအာဏာပိုင်များနှင့် ရွှေရှာဖွေထုတ်လုပ် ရေးကုမ္ပဏီများအကြား ချုပ်ဆိုထားသော သဘောတူစာချုပ်များအပေါ် အခြေပြုရေးသားထားခြင်းဖြစ်သော်လည်း၊ ပါဝင်သူများ၏ လုံခြုံရေးအတွက် ဖော်ပြရန် မဖြစ်နိုင်ပါ။ ထို့အပြင် စာတမ်းကို အချက်အလက်များ ပိုမိုပြည့်စုံ စေရန်အတွက် **KDNG** သည် သတင်းဌာနများ၊ အခြားအဖွဲ့အစည်းများ၏ သုတေသနစာတမ်းများ၊ အစီရင်ခံစာများ၊ ဆောင်းပါးများ၊ ကုလသမဂ္ဂမှ ကိန်းဂဏန်း များနှင့် သမိုင်းဆိုင်ရာအချက်အလက်များကိုပါ ရယူစုဆောင်းခဲ့ပါသည်။



© Hseng Noung Lintner

# အခန်း ၁

## ဟူးကောင်းချိုင့်ဝှမ်းဒေသ

ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ကချင်ပြည်နယ်အနောက်ပိုင်း၊ အိန္ဒိယနိုင်ငံနယ်စပ်အနီးတွင်တည်ရှိသည်။ အရှေ့ဘက်တွင် ကူမွန်တောင်တန်းနှင့် အနောက်ဘက်တွင် ပတ်ကွိုင်တောင်တန်းကြားတွင်တည်ရှိသော ချိုင့်ဝှမ်းဖြစ်သည်။ ပတ်ကွိုင်တောင်တန်းသည် ချင်းတွင်းနှင့် ဗြဟ္မပုတ္တရမြစ်တို့အတွက် ရေဝေတောင်ကြောဖြစ်ပြီး၊ ကူမွန်တောင်တန်းသည် ကချင်ပြည်နယ်အတွင်းရှိ ချင်းတွင်းနှင့် ဧရာဝတီမြစ်များအတွင်းသို့ စီးဝင်သော မြစ်လက်တက်များအတွက် ရေလှောင်ဧရိယာများ တည်ရှိရာဖြစ်သည်။ တောင်ပေါ်စမ်းချောင်းများသည် တောင်ပေါ်ရေဝေကြောမှ ဟူးကောင်းချိုင့်ဝှမ်းလွင်ပြင်သို့ ဦးတည်စီးဆင်းလာပြီး၊ ချင်းတွင်းမြစ်နှင့် တနိုင်းမြစ်တို့ အတွက် အကြီးဆုံးမြစ်လက်တက်အဖြစ် ပေါင်းစည်းသွားကြသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသကို ကျေးရွာပေါင်း ၆၀၊ ကျေးရွာအုပ်စုပေါင်း ၁၇ စုဖြင့် ပိုင်းခြားထားပြီး၊ ၂၀၀၅ခုနှစ် နအဖအစိုးရ၏ တရားဝင်မှတ်ပုံတင်ထားချက်အရ စုစုပေါင်းလူဦးရေ ၃၂၉၈၁ ရှိသည်။ သို့သော် ၂၀၀၆ခုနှစ် ပြောင်းရွှေ့နေထိုင်လာကြသသော ရွှေမှော်မှအလုပ်သမားအပါအဝင် ခန့်မှန်းလူဦးရေ (၇၀၀၀၀–၁၀၀၀၀၀) ခန့်နေထိုင်သည်။ အကြီးဆုံးမြို့မှာ တနိုင်းမြို့ဖြစ်ပြီး၊ မြစ်ကြီးနားမြို့၏ အနောက်ဘက် ၁၂၅ မိုင်အကွာ ချင်းတွင်းမြစ်ဖျား၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ဒုတိယကမ္ဘာစစ်ကာလတွင်းက၊ အမေရိကန်မဟာမိတ်တပ်ဖွဲ့များ အသုံးပြုခဲ့သော လီဒိုလမ်းမကြီးသည် ဤချိုင့်ဝှမ်းလွင်ပြင်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ (ဖော်ပြပါပုံကိုကြည့်ပါ။) ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ထိုအချိန်ကတည်းက မြန်မာ့တပ်မတော်၏ စစ်ရေးအခြေချတည်ဆောက်မှုများမှ လွဲ၍၊ ဖွံ့ဖြိုးတိုးတက်မှု မရှိသလောက်ပင် ဖြစ်ခဲ့ပါသည်။

*လူနေမှုဘဝ*

ဟူးကောင်းချိုင့်ဝှမ်းဒေသသည် တနိုင်းမြစ်တစ်ဘက်တစ်ချက်ရှိ မြေဆီသြဇာကြွယ်ဝလှသော မြေနုများနှင့် ချောင်းငယ် မြောင်းငယ်များရှိသဖြင့် အမျိုးမျိုးသောသီးပင်၊ စားပင်များစိုက်ပျိုးနိုင်သော လယ်မြေယာမြေများ များစွာရှိသော ဒေသဖြစ်သည်။ ဒေသခံများသည် တောင်အောက်မြေနိမ့်ပိုင်းတွင် ရေသွင်းစပါးစိုက်ပျိုးကြပြီး၊ တောင်ပေါ်မြေမြင့်ပိုင်းတွင် ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ထို့အပြင်အိမ်မွေးတိရိစ္ဆာန်များကိုလည်း မွေးမြူကြသေးသည်။ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် တောတွင်းမှ သစ်တောထွက်ပစ္စည်းများနှင့် အသီးအနှံများ ရှာဖွေဆွတ်ခူးခြင်းဖြင့် အသက်မွေးကြသူများလည်း ရှိသည်။ အချို့မှာ ရွှေကျင်ခြင်း၊ သလင်းကျောက်များ၊ ပလက်တီနမ်ခေါ် ရွှေဖြူများ၊ ပယင်းနှင့် ပတ္တမြားစသော ကျောက်မျက်ရတနာများ ရှာဖွေတူးဖော်ခြင်းဖြင့် လည်း အသက်မွေးကြသည်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူ အချို့လည်း ရှိသည်။

## ကချင်ပြည်နယ်၏နိုင်ငံရေးနှင့် သမိုင်းနောက်ခံ

ဗြိတိသျှတို့သည် ကချင်ပြည်နယ်ကို ၁၈၈၆ ခုနှစ်မှစ၍၊ ဂျပန်တို့မြန်မာနိုင်ငံကို ကျူးကျော်သည့် ၁၉၃၉ ခုနှစ်အထိ ကိုလိုနီပြုခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရချိန်မှစပြီး ဗဟိုအစိုးရနှင့် တောင်တန်းဒေသအကြား အာဏာခွဲဝေမှုနှင့် ပတ်သက်၍ သဘောကွဲလွဲမှုများ၊ ကတိကဝတ်ချိုးဖျက်မှုများ၊ မညီမျှမှုများဖြစ်ပေါ်ခဲ့ရပြီး၊ ပြည်တွင်းစစ်ဖြစ်ခဲ့ရသည်။ တိုတောင်းသောပါလီမန်အစိုးရ အုပ်ချုပ်မှုကာလအပြီး၊ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် စစ်အာဏာရှင်အစိုးရအဆက်ဆက်၏ အုပ်စိုးမှုကို ခံခဲ့ရသည်။ ထိုစစ်အာဏာရှင်အစိုးရများအနက် နောက်ဆုံးစစ်အစိုးရမှာ ယခုလက်ရှိအုပ်စိုးနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အစိုးရပင် ဖြစ်သည်။

ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** နှင့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် **KIA** တို့ကို ၁၉၆၁ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ နှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်တိုက် ခိုက်ခဲ့ကြပြီးနောက်၊ (ကေအိုင်အို) နှင့် (ကေအိုင်အေ) တို့သည် မိမိတို့၏နိုင်ငံရေးပြဿနာကို စေ့စပ်ဆွေးနွေးသောနည်းဖြင့် ဖြေရှင်းနိုင်မည်ဟူသော ရည်မှန်းချက်ဖြင့် ၁၉၉၄ ခုနှစ်တွင် (နအဖ) စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် အနာဂတ်မြန်မာနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲရန်အတွက်၊ ဟန်ပြအဖြစ်ကျင်းပသော စစ်အစိုးရ၏ အမျိုးသားညီလာခံတွင်၊ (ကေအိုင်အို) ကိုယ်စားလှယ်များကို၊ လေ့လာသူအဖြစ်သာ တက်ရောက်ခွင့်ပြုခဲ့သည်။ သို့ သော် အမျိုးသားညီလာခံကြီး၊ မပြီးနိုင်မစီးနိုင် ရေရှည်ဆွဲနေစဉ်ကာလအတွင်း နအဖ စစ်အစိုးရသည် ကချင်ပြည်နယ်အတွင်းရှိ ၎င်း၏ စစ်တပ်ဖွဲ့အရေအတွက်ကို တပ်ရင်းပေါင်း (၂၆) ရင်းမှ (၄၁) ရင်းသို့တိုင် တိုးချဲ့ချထားခဲ့သည်။ နောက်ဆုံး ၂၀၀၄ ခုနှစ်တွင် (ကေအိုင်အို) သည် အမျိုးသားညီလာခံသို့ အပြည့်အဝ တက်ရောက်ခွင့်ရခဲ့သော်လည်း၊ အများစုက အမျိုးသားညီလာခံမှလုပ်ငန်းစဉ်မှ အဓိပ္ပါယ်ရှိသောအပြောင်းအလဲများ ဖြစ်ပေါ်လာမည်ကို ယုံကြည်မှုမရှိဘဲ၊ သံသယရှိနေကြပါသည်။

အပစ်အခတ်ရပ်စဲခဲ့သည့်အချိန်မှစပြီး၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု သိသိသာသာတိုးတက်ဖြစ်ပေါ်လာခဲ့ခြင်းမရှိသော်လည်း၊ ကချင်ခေါင်းဆောင်အများအပြားကိုမူ စီးပွားရေးအပေါ်တွင်သာ အာရုံစိုက်ဆောင်ရွက်လာအောင် သွေးဆောင်ဖျားယောင်းခြင်းခံခဲ့ကြ ရသည်။ (နအဖ) စစ်အစိုးရသည် ကချင်လူမျိုးများအကြား အစိတ်စိတ်အမွှာမွှာကွဲထွက်သွားစေရန်အတွက် စီးပွားရေးအခွင့်အရေး များပေးခြင်းဖြင့် လုပ်ဆောင်ခဲ့သည်။

# ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တော

၂၀၀၁ ခုနှစ်တွင် အမေရိကန်အခြေစိုက်၊ သဘာဝတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်း စောင့်ရှောက်ရေးအသင်း **WCS** ၏ အကူအညီဖြင့်၊ (နအဖ) စစ်အစိုးရသည် ဟူးကောင်း ချိုင့်ဝှမ်းကို သဘာဝတောရိုင်းတိရိစ္ဆာန်များဘေးမဲ့တောအဖြစ် စတင်တည်ထောင်ခဲ့ သည်။ ၂၀၀၄ ခုနှစ်တွင် ထိုဘေးမဲ့တောကို သုံးဆတိုးချဲ့ခဲ့သဖြင့် ယခုဆိုလျှင် ကမ္ဘာ့အကြီးဆုံး ကျားဘေးမဲ့ဧရိယာ ဖြစ်လာပါသည်။ အဆိုပါအသင်း၏ အင်တာနက်စာမျက်နှာ တွင်၊ ဖော်ပြထားချက်များအရ ထိုဘေးမဲ့ တောတွင် ဟူးကောင်းချိုင့်ဝှမ်းဒေသ တစ်ခုလုံးပါဝင်ပြီး၊ ဧရိယာအကျယ်အဝန်း အားဖြင့် (၂၁, ၈၉၀) စတုရန်းကီလိုမီတာ ရှိပါသည်။ အမေရိကန်ပြည်ထောင်စု၏ ဗားမောင့် ပြည်နယ်မျှ ကျယ်ဝန်းပါသည်။ တဆက်တစပ်တည်းစောင့်ရှောက်ထားသော အခြားဧရိယာ (၃) ခုကို ပါထည့်ပေါင်းလျှင်၊ မြောက်ပိုင်းဒေသ သစ်တောဧရိယာတစ်ခုလုံး အကျုံးဝင်သော သစ်တောကြီးဖြစ်လာပြီး၊ မြေနိမ့်ပိုင်း အင်ဒို–မလေးယန်း သစ်တောများမှသည်၊ တရုတ်–ဟိမဝန္တာ သစ်တော မျိုးတွင် တွေ့ရလေ့ရှိသော၊ ဂေဟာစနစ်မျိုးကို တွေ့မြင် နိုင်သော၊ ဘယ်လဂျီယမ်နိုင်ငံအရွယ် နီးပါးမျှ ကျယ်ဝန်းသည့် ဘေးမဲ့တောကြီးဖြစ်လာပါသည်။[၅] **WCS** အဖွဲ့ကြီးက၊ ဟူးကောင်းကျား ဘေးမဲ့တောသည် ကမ္ဘာပေါ်ရှိ သဘာဝတောရိုင်းတိရိစ္ဆာန် ဘေးမဲ့တော များအနက် အရေးအကြီးဆုံးဘေးမဲ့တော ဖြစ်သည်ဟု ဆိုပါသည်။ ယူနက်စကို **UNESCO** မှအရာရှိများ ကလည်း၊ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောကို ကမ္ဘာ့အမွေအနှစ် ဒေသအဖြစ်သတ်မှတ်ရန် အားတက်သရောထောက်ခံ တောင်းဆို နေကြပါ သည်။[၆] ၁၉၉၉ ခုနှစ်များမှစ၍ ရွှေမှော်များ ပေါ်ပေါက်လာခြင်းအပါအဝင်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲများသည်၊ လူကြောင့်ဖြစ်သော သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပေါ်လာစေခဲ့ကြောင်း၊ **WCS** အဖွဲ့က ဝန်ခံပြောဆိုခဲ့ပါသည်။ သို့သော် လည်း **WCS** အဖွဲ့နှင့် သစ်တောဝန်ကြီးဌာန တို့၏ပူးပေါင်း အားထုတ်မှုကြောင့်၊ "ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေမှော်များအားလုံးနီးပါး ပိတ်သိမ်းပြီး ဖြစ်သည်ဟုဆိုပါသည်။"[၇] အလားတူ ဟူးကောင်းချိုင့်ဝှမ်း ကျားဘေးမဲ့တော၏ အောင်မြင်မှုနှင့် ပတ်သက်သော အကြောင်းကို၊ **WCS** အဖွဲ့မှ အလဲန် ရာဘင်နိုဝစ်ဇ် **Alan Rabinowitz** ရေးသားသောဆောင်းပါးတစ်ပုဒ်ကို နေရှင်နယ် ဂျော်ဂရပ်ဖစ်မဂ္ဂဇင်း ***National Geographic*** က ဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးတွင် ရာဘင်နိုဝစ်ဇ်က သူတိုက်တွန်း ဖြောင်းဖျနိုင်သမျှသော အစိုးရအရာရှိတိုင်းကို၊ တိုက်တွန်းနားချခဲ့သဖြင့်၊ ယခုအခါ ရေဝတီမြစ်တကြောရှိ ရွှေမှော်များအားလုံးကို ၂၀၀၅ ခုနှစ်ကုန်ပိုင်းတွင် ပိတ်သိမ်းရန်အမိန့်ထုတ်ပြန်ထားသည်ဟု ဖော်ပြထားပါသည်။[၈] **KDNG** ၏ ဟူးကောင်းချိုင့်ဝှမ်းဒေသ သုတေသနတွေ့ရှိချက်များအရ ရွှေမှော်များအားလုံး ပိတ်သိမ်းခြင်းမရှိသေးသည့်အပြင် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်နေသောရွှေမှော်များ ပိုမိုကျယ်ပြန့်ကြီးထွားလာနေသည်ကို ထင်ရှားစွာမြင်တွေ့ရပါသည်။ ၂၀၀၅ ခုနှစ်နှစ်ကုန်ပိုင်းတွင် ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေမှုများနှင့် ပတ်သက်သည့် အထောက်အထားများကိုလည်း ရယူနိုင်ခဲ့ပါသည်။ အဆင့်ဆင့်သော (နအဖ) အာဏာပိုင်များသည် ထိပ်ပိုင်းမှအောက်ခြေအထိ ရွှေတူးဖေါ်ရေးလုပ်ငန်းမှ အကျိုးအမြတ်များ ရရှိနေကြဆဲဖြစ်သဖြင့်၊ ရွှေမှော်များကို ထိရောက်တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ် နည်းများ ချမှတ်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေမရှိပါ။




မှတ်ချက်။ ။ တိုးချဲ့ရန်လျာထားသောနယ်မြေသည် (၂၀၀၄) ခုနှစ်ဒီဇင်ဘာလတွင် သစ်တောဝန်ကြီးဌာနမှ အတည်ပြုထားပြီးဖြစ်သော နယ်မြေဖြစ်ပြီး KDNG ၏ ကွင်းဆင်းလေ့လာချက်အရ ရွှေမှော်များကို တွေ့ရှိရသည်။ စာမျက်နှာ–၂၁ တွင်ကြည့်

## လီဒိုလမ်းမကြီး

လီဒိုလမ်းမကြီး (တစ်ခါတရံ ရေပြင်ညီလမ်းမကြီး **Stilwell Road** သို့မဟုတ် မြန်မာလမ်းမကြီးဟုလည်း ခေါ်သည်။) ဒုတိယကမ္ဘာစစ်ကာလက၊ အင်ဂျင်နီယာ အတတ်၏ ကျွမ်းကျင်မှုပြယုဂ်တစ်ခုလည်း ဖြစ်သည်။ ၁၁၇၀ ကီလိုမီတာရှည်လျားပြီး၊ အိန္ဒိယနိုင်ငံအရှေ့ မြောက်ပိုင်းရှိ လီဒိုမြို့နှင့် တရုတ်နိုင်ငံအနောက် တောင်ပိုင်း ကူမင်းမြို့တို့ကို ဆက်သွယ်ထားသော အဝေးပြေး လမ်းမကြီး ဖြစ်သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတွင်းရှိ၊ ဂျပန်တို့ သိမ်းပိုက်ထားသော နယ်မြေများသို့ မဟာမိတ် တပ်ဖွဲ့များအတွက် လိုအပ်သော လက်နက်နှင့် ရိက္ခာပစ္စည်းများ သယ်ယူပို့ဆောင်ပေးခဲ့သော လမ်းမကြီးဖြစ်သည်။ ထိုလမ်းမကြီးကို တည်ဆောက်ပေး ခဲ့ကြသည့် လူများအနက်၊ ကချင်တပ်ဖွဲ့တို့သည် ဂျပန်ဘုရင့် တပ်မတော်ကို တိုက်ခိုက်ရာတွင် ဗြိတိသျှနှင့် အမေရိကန်ပြောက်ကျား တပ်ဖွဲ့များအတွက် အရေးကြီးသော အကူတပ်များဖြစ်ခဲ့ကြသည်။ ယနေ့ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ထိုလမ်းမကြီးသည် နမ္မတီးနှင့် တနိုင်းကြားတွင် တစ်နှစ်ပတ်လုံး သွားလာနိုင်သော မြေသားလမ်းအဖြစ် ဆက်လက် အသုံးပြုနိုင်နေဆဲ ဖြစ်သည်။ နှစ်များစွာပြုပြင် ခြင်းမရှိသော်လည်း၊ ရှင်ဘွီယန်အထိ တံတား များစွာမှာ ယခုအထိ ခိုင်ခံ့နေဆဲ ဖြစ်သည်။ သို့သော် ရှင်ဘွီယန်မှ အိန္ဒိယနယ်စပ် အထိ လမ်းပိုင်းမှာ လှိုင်းထပေါက်ပြဲနေပြီး၊ မိုးတွင်းကာလများတွင် အသုံးပြုနိုင်ခြင်း မရှိတော့ပါ။[၁၀]

*သဘာဝပတ်ဝန်းကျင်*

ကချင်ပြည်နယ်သည် ကမ္ဘာပေါ်တွင် ဇီဝရုက္ခမျိုးကွဲ **(Biodiversity)** ကို အကောင်းဆုံးထိန်းသိမ်းထားနိုင်သော စိတ်ဝင်စားစရာ အကောင်းဆုံး နေရာ (၈) ခုအနက်၊ တစ်နေရာအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသော အင်ဒို–မြန်မာဒေသ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ ထိုအထူးနေရာများသည် မျိုးတုံးပျောက်ကွယ်လုဖြစ်နေသော၊ သီးခြားနေရာဒေသအချို့တွင်သာ ရံဖန်ရံခါ တွေ့ရ လေ့ရှိသော ရှားပါးဇီဝရုက္ခမျိုးစိတ်များ စုဝေးရှင်သန်ရာနေရာများ ဖြစ်ပါသည်။[၁] ဟူးကောင်းချိုင့်ဝှမ်းဒေသသည် မိုးသစ်တောများ ရှင် သန်တည်ရှိရာ ဒေသတစ်ခုဖြစ်ပြီး အာရှတိုက်တွင် ကျားအများဆုံး နေထိုင်ရာဒေသလည်း ဖြစ်သည်။ (ဖော်ပြပါပုံကို ကြည့်ပါ။) ၁၉၉၉ ခုနှစ် သဘာဝတောရိုင်း တိရိစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ **Wildlife Conservation Society** က၊ တာဝန်ခံပြုလုပ်ခဲ့သော စူးစမ်းရှာဖွေမှုအရ ငှက်မျိုးစိတ် ၁၃၅ မျိုး၊ သစ်ခွမျိုးစိတ် ၃၉ မျိုးတို့အပြင်၊ ဆင်များနှင့် ရှားပါးသောသမင် မျိုးစိတ်များကိုလည်း တွေ့ရှိမှတ်တမ်းတင်ထားပါသည်။[၂] အခြား တွေ့ရှိနိုင်သော သဘာဝတောရိုင်းတိရိစ္ဆာန်အချို့မှာ အမျိုးမျိုးသော အောက်ချင်းငှက်မျိုးများ၊ ရှားပါးသော ဟူးလော့ ဂစ်ဘွန် **(Hoolock gibbon)** မျောက်လွဲကျော်မျိုးများ၊ မီးခိုးရောင် ကျားသစ်များကိုလည်း တွေ့ရှိရသည်။ အရှေ့တောင်အာရှတိုက်၏ အကြီးဆုံးရေကြောင်းလမ်းများ အနက် တစ်ခုအပါအဝင်ဖြစ်သော ဧရာဝတီမြစ်ထဲသို့ စီးဝင်သည့် အကြီးဆုံးမြစ်လက်တက်ဖြစ်သည့်၊ ချင်းတွင်းမြစ်သည် ဟူးကောင်း ချိုင့်ဝှမ်းဒေသကို ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။

*လူမျိုးများနှင့်ယဉ်ကျေးမှု*

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဒေသခံအများစုမှာ ကချင်လူမျိုးများ ဖြစ်ကြသည်။ ကချင်လူမျိုးဟုဆိုရာတွင် အတူတကွစုစည်းနေထိုင်ကြသော မျိုးနွယ်စု ၆ ပါဝင်သည်။ ၎င်းတို့၏ လွတ်လွတ်လပ်လပ်နေထိုင်သော ဓလေ့၊ စည်းစနစ်ကျသော ရိုးရာတိုက်ခိုက်မှုစွမ်းရည်၊ မျိုးနွယ်စုခေါင်းဆောင် ဆက်ဆံရေး၊ အများစုခရစ်ယာန်ဘာသာသက်ဝင်ယုံကြည်မှု၊ လက်မှုပညာ ကျွမ်းကျင်မှု၊ တိုင်းရင်းဆေးနှင့် တောတွင်းအသက်ရှင်နေထိုင်နိုင်မှု စွမ်းရည်တို့အပေါ်မူတည်၍ ကွဲပြားနေသောမျိုးနွယ်စုများ[၃] ကို စုစည်းခေါ်ဆိုခြင်း ဖြစ်ပါသည်။ အခြားသောဒေသခံလူမျိုးများမှာ နာဂ၊ ရှမ်းနှင့် မကြာသေးမီကာလများကမှ ပြောင်းရွှေ့ဝင်ရောက်လာကြသော ဗမာလူမျိုးများပါဝင်ပါသည်။[၄]

ကချင်လူမျိုးများသည် ၎င်းတို့ပြုလုပ်သော ငွေထည်ပစ္စည်းများ၊ အထူးသဖြင့် ကချင်ဓါးများ၊ အလှဆင်ပစ္စည်းများနှင့် လက်ဝတ် ရတနာများအပြင်

၎င်းတို့၏ ဂျပ်ခုပ်လုပ်ငန်း၊ အထူးသဖြင့် ပြိုင်ဘက်ကင်းသော ကချင်လွယ်အိပ်များ၊ ရိုးရာထဘီများနှင့် အပေါ်ဝတ်ထည်များကြောင့် အလေးထားခြင်းခံကြရပါသည်။ ထိုလက်လုပ်ပစ္စည်းများကို ခန်းဝင်ပစ္စည်း အဖြစ်ဖြစ်စေ၊ လျော်ကြေးပစ္စည်းအဖြစ်ဖြစ်စေ အသုံးပြုကြပါသည်။ ကချင်ရိုးရာအစားအစာတွင် ကောက်ညှင်းဆန်ကို သစ်ဥသစ်ဖု၊ တဆေးများအသုံးပြု၍ စိမ်ထုတ်လုပ်ထားသော ခေါင်ရည်၊ ကဇော် (စပြည်) တို့ ပါဝင်ပါသည်။ ငါးနှင့်အသားများကို ဟင်းရွက်များဖြင့် ထုတ်ပိုးပြီး အုံးစားခြင်း၊ ဝါးကျည်တောက်တွင်ထည့်ပြီး အချဉ်တည်စားခြင်း၊ သို့မဟုတ် ကင်စားခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ကချင်လူမျိုးများသည် ၁၈၀၀ ခုနှစ်များတွင် ခရစ်ယာန် သို့မဟုတ် ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ အများအပြားကူးပြောင်းမလာမီအချိန်အထိ၊ ရာစုနှစ်များစွာ ရိုးရာနတ်ကိုးကွယ်သူများ ဖြစ်ခဲ့ကြသည်။ ယခုအခါ ကချင်အများစုသည် ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြပြီး၊ ရိုးရာနတ်ကိုးကွယ်သူ အနည်းအကျဉ်းသာ ကျန်တော့သည်။ အငြင်းပွားမှုများနှင့် ရာဇဝတ်မှုခင်းများ အတွက် ကချင်ရိုးရာဖြတ်ထုံးများနှင့် မိရိုးဖလာဥပဒေ များအတိုင်း စီရင်ဆုံးဖြတ်ကြသည်။ [၆]

## *နိုင်ငံရေးနောက်ခံ*

ပြီးခဲ့သော ရာစုနှစ်ပေါင်းများစွာတွင်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ပြင်ပအုပ်စိုးမှုများမှ ကင်းလွတ်နေရာဖြစ်ခဲ့သည်။ သမိုင်းစဉ်တလျှောက်လုံးတွင် ကချင်မျိုးနွယ်စု ခေါင်းဆောင်(မုန်ဒူး) ၁၂ ဦးတို့က ထိုနယ်ကို ကချင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ဥပဒေ များဖြင့် သီးခြားစီပိုင်းခြားအုပ်ချုပ်ခဲ့ကြသည်။ ၁၈၉၀ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ၊ ဗြိတိသျှတို့က ဟူးကောင်းချိုင့်ဝှမ်း သေကို ဗြိတိသျှကိုလိုနီ မြန်မာနိုင်ငံအဖြစ်မဟုတ်ဘဲ၊ တောင်တန်းဒေသအုပ်ချုပ်မှုနယ်မြေအဖြစ်အောက်တွင် ထားရှိအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှ အုပ်စိုးမှုအောက်တွင် မုန်ဒူးများသည်၊ ၎င်းတို့သက်ဆိုင်ရာနယ်ပယ်များတွင် ပဒေသရာဇ် အုပ်ချုပ်မှု အခွင့်အာဏာရရှိခဲ့ကြသည်။ ဗြိတိသျှအုပ်စိုးမှုကာလနှင့် ဂျပန်ကျူးကျော်စစ် ကာလတွင် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် တိုက်ပွဲအနည်း အကျဉ်းမျှသာဖြစ်ပွားခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း၊ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက၊ လီဒိုလမ်းမကြီးကို အသုံးပြုပြီး အိန္ဒိယနိုင်ငံအနောက်ဖက်မှ တရုတ်နိုင်ငံသို့၊ ဟူးကောင်းချိုင့်ဝှမ်းမှတဆင့် ဝင်ရောက်ကြစဉ် ကာလတွင်၊ ထိုဒေသသည် စစ်မြေပြင်အဖြစ်သို့ ရောက်ရှိခဲ့ရသည်၊ (ဖော်ပြပါပုံကို ကြည့်ပါ။)

၁၉၄၈ ခုနှစ်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်အတူ လွတ်လပ်ရေးရလာသောအခါ ကချင်လူမျိုးတို့သည် ရရှိခံစားထိုက်သော၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးများမရရှိတော့ဘဲ၊ ရန်ကုန်အခြေစိုက် ဗဟိုအစိုးရများနှင့် စစ်အစိုးရ အဆက် ဆက်၏အုပ်ချုပ်မှုအောက်တွင်သာနေထိုင်ခဲ့ကြရသည်။ ထို့ကြောင့် ၁၉၆၁ ခုနှစ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တို့ကိုဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ အပါအဝင် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ဒေသများတွင် လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြသည်။ နာဂအမျိုးသားများကလည်း အလားတူပင်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် လက်နက်ကိုင်တပ်ဖွဲ့များထူထောင်၍ လှုပ်ရှားတိုက်ပွဲဝင်ခဲ့ ကြသည်။ ၁၉၉၄ ခုနှစ်၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မရမီ အချိန်အထိ၊

ဟူးကောင်းချိုင့်ဝှမ်းတွင် ယခင်က တွေ့ရှိချက်များအားလုံးထက် သက်တမ်းပို၍ ရှည်သော နှစ်ပေါင်းသန်း ၁၀၀ သက်တမ်း ရှိသည့် ပျားတစ်ကောင်၏ ရုပ်ကြွင်းကို တွေ့ရှိရကြောင်း မကြာသေးမီက ထုတ်ဝေသော **“Science”** ဂျာနယ်၏ သတင်း တစ်ပုဒ်အရတွေ့ရှိရသည်။ ထိုရုပ်ကြွင်းကို ဟူးကောင်းဒေသအတွင်းရှိ မိုင်းတွင်း တစ်တွင်းမှ တူးဖော်ရရှိသော ပယင်း ကျောက်ထဲတွင် တွေ့ရှိရခြင်းဖြစ်သည်။ ထိုရှေးဟောင်းပျားသည် ထိုအချိန်ကတည်း ကရှိခဲ့သော ပန်းပင်များ၏ မည်သို့ လျင်မြန်စွာ မျိုးစိတ်မျိုးကွဲများ ပြန့်နှံ့ပုံကို ရှင်းပြနိုင်သည့် အချက်များစွာ ပါဝင်သည်။ သိပ္ပံပညာအရ တန်ဖိုးရှိလှသော ဤတွေ့ရှိ ချက်သည် ဟူးကောင်းချိုင့်ဝှမ်း၏ ကြွယ်ဝ သော သဘာဝအမွေအနှစ်များကိုဖော်ပြ နေသည်။

အစိုးရတပ်ဖွဲ့များနှင့် လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များအကြား လက်နက်ကိုင်တိုက်ပွဲများ မကြာခဏဖြစ်ပွားနေခဲ့သည်။ (ဖော်ပြပါပုံကို ကြည့်ပါ။)

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် တစ်စိတ်တစ်ပိုင်းအဖြစ်၊ (ကေအိုင်အို) အဖွဲ့သည် ဟူးကောင်းချိုင့်ဝှမ်းဒေသ အစိတ်အပိုင်းအချို့အပါအဝင်၊ ကချင်ပြည်နယ် အတွင်းရှိ နေရာအချို့တွင် အုပ်ချုပ်ခွင့်နှင့် ၎င်း၏ စစ်ရေးအခြေခံဒေသတို့ကို ထိန်း သိမ်းခွင့် တစ်စုံတရာ ရရှိခဲ့သည်။ သို့သော် ရေမြေနှင့်သယံဇာတ အားလုံးကို မြန်မာပြည်မရှိ နိုင်ငံတော်အစိုးရက တရားဝင်ပိုင်ဆိုင် သည်။ သတ္တုတွင်းဝန်ကြီးဌာန၊ သစ်တောဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့တွင်၊ သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲနိုင်သော သီးခြားအခွင့်အာဏာများရှိကြပြီး၊ ဒေသခံတပ်မှူးများနှင့် ပူးပေါင်းကာ စီမံဆောင်ရွက်ကြသည်။





*လီဒိုလမ်းမဘေးရှိ သိမ်းယူထားသောအိမ်တစ်လုံးကို စစ်တပ်ဆက်သွယ်ရေးရုံးအဖြစ် အသုံးပြုနေပုံ*


# အခန်း ၂

## ဟူးကောင်းချိုင့်ဝှမ်းဒေသကို စစ်တပ်ထိန်းချုပ်လာမှု

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာ့တပ်မတော်သည်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ ကင်းလှည့်တပ်ဖွဲ့များကိုသာ ရံဖန်ရံခါ စေလွှတ်ခဲ့သည်။ သို့သော် ၁၉၇၀ ခုနှစ်တွင် အမှတ် (၈၆) ခြေလျင်တပ်ရင်းသည်၊ ပထမဆုံးတပ်ရင်းအဖြစ် တနိုင်းမြို့တွင် လာရောက်အခြေချတပ်စွဲခဲ့သည်။ ၁၉၉၂ ခုနှစ်သို့ရောက်လာသောအခါ နောက်ထပ်တပ်ရင်းနှစ်ရင်းဖြစ်သော အမှတ် (၂၃၈) ခြေလျင်တပ်ရင်းနှင့် အမှတ် (၃၁၈) ခြေမြန်တပ်ရင်းတို့ တနိုင်းသို့ ထပ်မံလာရောက် တပ်စွဲခဲ့ကြပြန်သည်။ ၁၉၉၄ ခုနှစ်တွင်၊ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးသောအခါ တပ်ဖွဲ့များကို ပိုမိုတိုးမြှင့်ချထားခဲ့သည်။ ထိုကဲ့သို့ စစ်အင်အား တိုးမြှင့်ချထားခြင်းကို ကချင်ပြည်နယ်တစ်ခုလုံးတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်ကြားတွင် မြန်မာ့တပ်မတော်သည် ကချင်ပြည်နယ်အတွင်း စစ်တပ်ချထားမှုကို ခြေလျင်တပ်ရင်း ၂၆ ရင်းမှ ၄၁ ရင်းသို့လည်းကောင်း၊ အမြောက်နှင့်သံချပ်ကာ တပ်ရင်း (၃) ရင်းမှ (၇) ရင်းသို့လည်းကောင်း၊ အသီးသီးတိုးချဲ့တပ်စွဲလာခဲ့သည်။ ထိုသို့ စစ်စခန်းများတိုးချဲ့ချထားနိုင်ခဲ့ခြင်းကြောင့် အစိုးရက မူလကမထိန်းချုပ်နိုင်ခဲ့သောနယ်မြေများကို ပိုမိုလက်လှမ်းမီလာစေခဲ့သည်။


(နအဖ) စစ်အစိုးရသည် ၎င်း၏ဟူးကောင်းချိုင့်ဝှမ်းဒေသ အုပ်ချုပ်ရေးနှင့် စစ်ရေးလှုပ်ရှားမှုတို့အတွက် တနိုင်းမြို့ကို ဗဟိုပြုထားပါ သည်။ (နအဖ) စစ်တပ်များသည် အပစ်အခတ်ရပ်စဲရေးမတိုင်မီကာလများကပင်၊ မြေသိမ်းယူခြင်းများရှိခဲ့ပြီး၊ ယခုနှစ်များတွင် ပို၍ တိုးတက်များပြားလာခဲ့ပါသည်။ **KDNG** ၏တွေ့ရှိချက်များအရ ၁၉၉၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်များအတွင်း ဒေသဆိုင်ရာ စစ်ဆင် ရေးကွပ်ကဲမှု (ဒကစ) အာဏာပိုင်များအပါအဝင်၊ (နအဖ) စစ်တပ်အရာရှိများသည်၊ တနိုင်းမြို့ပတ်ဝန်းကျင်မှ အိမ်နှင့် အဆောက် အဦများပါဝင်သည့် အိမ်ခြံမြေကေ ရာကျော်နှင့် ခြံ၊ လယ်မြေ၊ ယာမြေ (၁၅၀.၅) ကေတို့ကို သိမ်းဆည်းရယူခဲ့ကြပါသည်။ (အသေး စိတ်စာရင်းကို နောက်ဆက်တွဲကိုကြည့်ပါ။) ဤဖော်ပြထားသော စာရင်းများသည် အပြည့်အစုံမဟုတ်ဘဲ၊ ဒေသခံများ၏ အဆိုအရ မြေသိမ်းဆည်းမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်ဟု ဆိုပါသည်။ ထိုသိမ်းဆည်းထားသော မြေများပေါ်တွင် ရဲတပ်ဖွဲ့လူနေအဆောက်အဦး၊ မီးသတ်တပ်ဖွဲ့စခန်း၊ သစ်တောရုံး၊ သစ်စက်၊ ဘောလုံးကွင်းနှင့် စစ်တပ်အုပ်ချုပ်ရေးအဆောက်အဦးများကို ဆောက်လုပ်ခဲ့ကြပါသည်။

## ၁၉၉၄ ခုနှစ်အတွင် ကချင်ပြည်နယ်အခြေစိုက် နအဖစစ်တပ်ရင်းများ
## တပ်ရင်း(၂၆)ရင်း




မူရင်း - NDD, KIO, KDNG

## ၂၀၀၆ ခုနှစ်ကချင်ပြည်နယ်အခြေစိုက် နအဖစစ်တပ်ရင်းများ
## တပ်ရင်း(၄၁)ရင်း




မူရင်း - **NDD, KIO, KDNG**















ဓာတ်ပုံ – အပေါ်မှ အောက်သို့

*သိမ်းယူထားသော အိမ်တစ်လုံး၊ ယခုအခါ တနိုင်းမြို့၌ ကြံဖွံ့ရုံးအဖြစ် အသုံးပြုနေသည်။ တနိုင်းမြို့ရှိ သိမ်းယူထားသောမြေပေါ်တွင်တည်ဆောက်ထားသော သစ်တောရုံးနှင့်ရဲစခန်း ဘဝသစ်စခန်း – တနိုင်းမြို့ပြင် တပ်ရင်းအနီးရှိ တပ်မတော်ရဲဘက်စိုက်ပျိုးမွေးမြူရေးစခန်း သိမ်းယူထားသောမြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ကချင်တစ်ပြည်နယ်လုံးမှ အကျဉ်းသားများ၏ လုပ်အားကိုအသုံးပြုလျက်ရှိသည်။ တပ်မတော်စိုက်ပျိုးရေးခြံနှင့် မွေးမြူရေးဌာနရုံးများအတွက် သိမ်းယူထားသော လီဒိုလမ်းမကြီးတစ်ဖက်တစ်ချက်မှ ဥယျာဉ်ခြံများသိမ်းယူထားသောမြေပေါ်တွင်တည်ဆောက်ထားသော တောရိုင်းတိရိစ္ဆာန်များကာကွယ်စောင့်ရှောက်ရေးစခန်း ဤစခန်း၏အနောက်ဘက်တွင် အစိုးရသစ်စက် တစ်ခုရှိသည်။*

စစ်တပ် တပ်ရင်းမှူးများသည် သိမ်းဆည်းထားသော အိမ်ရာအဆောက်အဦးများကို၊ အခြားနယ်မှ စီးပွားရေးသမားများသို့ ပြန်လည်ရောင်းချခြင်းဖြင့်လည်း အမြတ်ထွက်ခဲ့ကြပါသည်။ တနည်းဆိုရလျှင် အာဏာပိုင်များသည် ဒေသခံများ၏အိမ်ရာပိုင်ဆိုင်မှုများ ကို လျော်ကြေးမပေးဘဲ အတင်းအဓမ္မသိမ်းယူပြီး၊ ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်ထုတ်နေကြခြင်းဖြစ်သည်။ ဒေသခံများ၏ အဆို အရ (နအဖ) သက်ဆိုင်ရာနေအိမ်အဆောက်အဦးများမှ ဖယ်ရှားပေးရန်အမိန့်များသည် ရန်ကုန်ရှိ ဗဟိုအစိုးရဌာနများမှ ထုတ်ပြန်နေခြင်းဖြစ်သည်ဟု၊ စစ်တပ်အရာရှိများက၊ ပြောဆိုကြသည်ဟု သိရှိရပါသည်။

*"၂၀၀၃–၂၀၀၄ ခုနှစ်တွေမှာ ခလရ (၈၆)၊ ( ၂၃၈) နဲ့ ခမရ ( ၃၁၈) တို့က ဒေသခံ ကချင်၊ ရှမ်းနှင့် အိန္ဒိယတိုင်းရင်းသားတွေပိုင်တဲ့ ကေရာကျော်တဲ့မြေတွေကို၊ တနိုင်းတံတားတောင်ဘက်ကနေ လမုန်းရွာအထိ သိမ်းယူခဲ့ကြတယ်။ ပေ ၆၀ x ပေ ၈၀ အိမ်ခြံမြေကွက်တွေအဖြစ် အကွက်ပြန်ရိုက်ပြီးတော့ စီးပွားရေးသမားတွေကို တစ်ကွက်ကို ငွေကျပ် ၃၅၀, ၀၀၀ နဲ့ ပြန်ရောင်းကြတယ်။"*
( တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၂၃)

ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ မြန်မာ့တပ်မတော်၏ နယ်မြေချဲ့ထွင်မှုသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်သာမက၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များအတွက်လည်း ပါဝင်သည်။ ကချင်လူကြီးတစ်ဦးက မြန်မာစစ်တပ်က တနိုင်းမြို့၏ စီမံအုပ်ချုပ်မှု ကိစ္စအဝဝ ကို သိမ်းဆည်းရယူသွားပုံနှင့် ကချင်ဘာသာစကားသုံးစွဲမှုအပေါ် ဖိနှိပ်ပုံများကို အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

*"(နအဖ) စစ်အစိုးရက တနိုင်းမြို့ဒေသန္တရအုပ်ချုပ်ရေးနဲ့ ဌာနဆိုင်ရာအုပ်ချုပ်ရေးရာထူးတွေမှာ စစ်မှုထမ်းဟောင်းတွေကိုပဲ ဦးစားပေး ခန့်ထားခဲ့တယ်။ လမ်းနာမည်တွေ၊ တံတားတွေနဲ့ အများပြည်သူနဲ့သက်ဆိုင်တဲ့ အဆောက်အဦးတွေမှာလည်း ကချင်ဘာသာ စကားကို မတွေ့ရတော့ပါဘူး။ နေရာတကာမှာ ဗမာဘာသာနဲ့ရေးထားတဲ့ စစ်တပ်အရာရှိတွေရဲ့ နာမည်တွေနဲ့ မော်ကွန်းကျောက် စာတွေပဲ မြင်နေရတော့တယ်။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၅)

စစ်တပ်တိုးချဲ့နေရာချထားမှုသည်၊ မြေသိမ်းမှုများ ပို၍ဖြစ်ပေါ်စေရန် အကြောင်း ဖြစ်ခဲ့သည်။ စစ်တပ်နှင့်သက်ဆိုင်နေသော စီးပွားရေး လုပ်ငန်းများနှင့် ၎င်းတို့မိသားစုများအတွက် ဖြစ်သည်။ လယ်သမားတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

*"(နအဖ) စစ်တပ်အရာရှိတွေရဲ့ ဆွေမျိုးသားချင်းတွေနဲ့ စစ်တပ်က အငြိမ်းစားယူထားကြသူတွေဟာ တနိုင်းမြစ် အကြောပိုင်းမှာ အခြေချလာကြပြီး၊ မြေတွေ သိမ်းပိုက်လာကြတယ်။ ဒေသခံတွေကတော့ တဖြည်းဖြည်းနဲ့ စိုက်ပျိုးမြေတွေဆုံးရှုံးလာရတယ်။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၇)

၂၀၀၃–၂၀၀၄ ခုနှစ်တွင် တနိုင်းမြို့ လီဒိုလမ်းမကြီးဘေး တလျှောက်တွင်နေထိုင်ကြသော ဒေသခံများကို ထပ်မံဖယ်ရှားရန် ရည် ရွယ်သော အမိန့်ကြေငြာများ တသီတတန်းကြီး ထွက်ပေါ်လာခဲ့သည်။ ကုန်ကျစရိတ်ကြီးမားသဖြင့် မိမိတို့အိမ်ကို အသစ်ပြုပြင်မွမ်းမံ ရန် မတတ်နိုင်ကြသော ဒေသခံအိမ်ပိုင်ရှင်များသည် မိမိတို့၏ နေအိမ်အဆောက်အဦးများမှ၊ အတင်းအကျပ်ဖယ်ရှားခံကြရပြီး၊ ၎င်း တို့၏ အိမ်နှင့်ခြံမြေများကို ကြေးတိုင်နှင့်မြေစာရင်းဌာနမှ သိမ်းယူခဲ့သည်။

*"နအဖရဲ့အမိန့်နဲ့ လီဒိုလမ်းမကြီးဘေးတလျှောက်မှာနေကြတဲ့ အိမ်တွေကို ကိုယ့်အိမ်ကိုယ် သွပ်မိုးမိုးဖို့၊ ပျဉ်ခင်းဖို့ခိုင်းတယ်။ မတတ်နိုင်တဲ့ ဆင်းရဲသားဒေသခံတွေရဲ့အိမ်တွေကို ကြေးတိုင်နဲ့ မြေစာရင်းဌာနက သိမ်းယူတယ်။ အပြောင်းခံရတဲ့လူတွေက တောင် စောင်းတွေမှာရှိတဲ့ လယ်ကွင်းတွေမှာ ပြောင်းနေကြရတယ်။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၈)

အချို့အသိမ်းခံရသော မြေများသည် တန်ဖိုးကြီးသော ဥယျာဉ်ခြံမြေများဖြစ်သည်။

*"ကျနော့်သားမြေးတွေအတွက် ခြံထဲမှာ ငှက်ပျောပင် ၁၀၆ ပင်၊ လိမ်မော်ပင် ၈၀၊ သံပုရာပင် ၃၀၀၊ လက်ဖက်ပင် ၃၀၀ နဲ့ တညင်းပင် ၃၃၈ ပင်၊ တခြားသီးပင်စားပင်တွေ စိုက်ပျိုးထားခဲ့တယ်။ အဲဒီသီးပင်စားပင်တွေ နှစ်ရာနဲ့ချီပြီး သီးပွင့်နိုင်အောင်လို့ ရည်ရွယ်စိုက်ပျိုးခဲ့တာပါ။ အခုတော့လီဗိုလမ်းမကြီး တစ်ဖက်တစ်ချက်မှာရှိတဲ့ အဲဒီခြံကို စစ်တပ်ပိုင်အဖြစ်သိမ်းယူသွားကြပါပြီ။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၄)

ဒေသခံများသည် ၎င်းတို့အသိမ်းခံရသောမြေများအတွက် မဖြစ်စလောက်လျော်ကြေး၊ သို့မဟုတ် လျော်ကြေးများ လုံးဝမရရှိကြ သည့်အပေါ် တုံ့ပြန်ဆောင်ရွက်ရန် မည်သို့မျှ မတတ်နိုင်ခဲ့ကြပါ။ အချို့မိသားစုများသည် အခြားနေရာများတွင် မြေအစားရရှိခဲ့ကြ သော်လည်း၊ ထိုမြေများသည် နေထိုင်ရန်နှင့် စိုက်ပျိုးရေးလုပ်ကိုင်ရန် မဖြစ်နိုင်သော စိမ့်မြေများ ဖြစ်နေလေ့ရှိသည်။ ဒေသခံများသည် မြစ်ကြီးနားသို့လည်းကောင်း၊ တောင်ပေါ်ကွင်းပြင်များသို့သော်လည်းကောင်း၊ မြို့နှင့်ဝေးရာ ရွှေမှော်ဒေသများသို့သော်လည်း ကောင်း၊ ပြောင်းရွှေ့သွားခဲ့ကြရသည်။

*"ကျနော့်ခြံပတ်လည်ကို သူတို့ ခြံစည်းရိုးလာခတ်ကြတယ်၊ စစ်တပ်က စခန်းချလာပြီး ကင်းစောင့်ကြတယ်။ အဲဒီကတည်းကစပြီး ကျနော့်ခြံဟာ သေနတ်ပြောင်းအောက်ကို ရောက်သွားပါတော့တယ်။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၁၊ ခလရ (၈၆) ၏ မြေသိမ်းခံရသူ တောင်သူတစ်ဦး)

ဒေသခံများသည် အိမ်ခြံမြေများ ဆုံးရှုံးကြရယုံမျှမက၊ ၎င်းတို့မွေးမြူထားသော တိရိစ္ဆာန်များကို သတ်ဖြတ် စားသောက်ခြင်းလည်း ခံကြရသည်။ တနိုင်းမြို့အပြင်ဘက်ရှိ သိမ်းယူထားသောမြေပေါ်တွင်တည်ဆောက်ထားသော၊ 'ဘ၀သစ်စခန်း' အမည်ရှိ စစ်တပ်ပိုင် မွေးမြူရေးခြံတစ်ခုတည်ထောင်ထားပြီး၊ ထိုနေရာတွင်၊ ကချင်ပြည်နယ်တစ်ခုလုံးမှ အကျဉ်းသားများ၏လုပ်အားကို အသုံးပြုလျက်ရှိ ပါသည်။ ထိုစစ်တပ်စခန်းနားသို့ရောက်ရှိလာသော ဒေသခံများ၏ကျွဲနွား၊ တိရိစ္ဆာန်များကို အကျဉ်းသားများက သတ်ဖြတ်စား သောက်ကြပြီး၊ ထိုသို့စားသောက်ခွင့်လည်း ပေးထားပါသည်။ ကျွဲနွားပိုင်ရှင်များအနေဖြင့် လျော်ကြေးရရှိခြင်း မရှိကြပါ။

*"ကျနော်တို့ရဲ့ အိမ်မွေးတိရိစ္ဆာန်တွေနဲ့ ကျွဲနွားတွေ ခိုးခိုးပြီး သတ်စားခံနေရာတာပါပဲ။ ဘယ်လောက်အထိကြာအောင် ဒီအတိုင်း ဖြစ်နေမလဲ မသိတော့ပါဘူးဗျာ"* ဟု ဒေသခံတစ်ဦးကဆိုပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– အယ်လ် ၃၇)

**မည်သူတို့က အဓိကကြီးကြပ်ဦးဆောင်ခဲ့သနည်း။**

(၂၀၀၆) ခုနှစ်ကာလအထိ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ စစ်တပ်တပ်မှူးများ
ခမရ (၃၁၈) တပ်ရင်းမှူး– ဗိုလ်မှူး အောင်နိုင်ဦး
ခလရ (၈၆) တပ်ရင်းမှူး– ဒု–ဗိုလ်မှူးကြီးမျိုးဝင်း
ခလရ (၂၃၈) တပ်ရင်းမှူး– ဗိုလ်မှူး ဇော်မင်းသိန်း
ဒေ သဆိုင်ရာစစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ် (ဒ ကစ) မှူး– ဗိုလ်မှူးကြီး ခင်မောင်အေး
မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး– ဗိုလ်ချုပ်အုန်းမြင့်



# အခန်း ၃

## ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ရွှေတူးဖေါ်ခြင်းလုပ်ငန်းများ

ရိုးရာရွှေကျင်ခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ပြည်နယ်တွင်၊ မျိုးဆက်ပေါင်းများစွာ တည်ရှိနေခဲ့သော လုပ်ငန်း တစ်ခုဖြစ်ပါသည်။ ဂေါ်ပြားများ၊ ရေပုံးများ၊ ဇကာများ၊ မျောများ၊ ဓားကောက်များ၊ သံချောင်းများ၊ နီးတောင်းများနှင့် သစ်သားအင်ခွက်များ စသည့် ရိုးစင်းသောကိရိယာများကိုအသုံးပြုပြီး၊ လူ့လုပ်အားဖြင့် ကုန်းပေါ်မြေသွေ့များ၊ မြစ်ကမ်းဘေးများ၊ သဲသောင်ကမ်းမြေများနှင့် ရေအောက်တွင် မြေသားကိုတူးယူပြီး ရွှေကျင်ခဲ့ကြခြင်းဖြစ်ပါသည်။

ကချင်လူမျိုးများအကြား သယံဇာတပစ္စည်းများကို ဓလေ့ထုံးတမ်းအစဉ်အလာများအတိုင်း မည်ကဲ့သို့ ထုတ်ယူခွဲဝေကြပုံနှင့် ရိုးရာဘာသာရေးပွဲလမ်း၊ အခမ်းအနားများတွင် သုံးစွဲကြပုံတို့နှင့်ပတ်သက်ပြီး၊ ဗမာ့ဂေဇက်သတင်းစာ **Burma Gazetteer** တွင် ဖော်ပြထားခဲ့ဖူးပါသည်။ ကောက်နုတ်ဖော်ပြရလျှင်–

> ကျောက် သို့မဟုတ် ကျောက်စိမ်းကို တူးဖော်မည်ဆိုလျှင်၊ ထိုသို့တူးဖော်မည့်အကြောင်း ကချင်လူမှုအဖွဲ့အစည်းသို့ ထုတ်ဖော်မကြေငြာမီအထိ၊ နိမိတ်ကောင်းများကို မျှော်လင့်ကြီးစွာ စောင့်ဆိုင်းကြရသည်။ ထို့နောက် မျိုးနွယ်စုခေါင်းဆောင်က အစည်းအဝေးတစ်ရပ်ကို ခေါင်းဆောင်ခေါ်ယူပြီးလျှင်၊ ထိုကျောက်တွင်း ချက်ချင်းအောင်မြင်ပါစေကြောင်းအတွက်၊ ယစ်ပူဇော်ပသ ခြင်း၊ အခြားသောပူဇော်ပသမှုများ လုပ်ဆောင်ကြရသည်။ ဤပသမှု ရလာဒ်ကိုကြည့်၍ ချက်ချင်းတူးဖော်ထုတ်လုပ်ရန် သင့်မသင့်၊ သို့မဟုတ် နှစ်ကာလအချို့ ဤအတိုင်းထားရန် ဆုံးဖြတ်ကြသည်။ နိမိတ်ကောင်းများ ရရှိပါက၊ ထိုမြေ ကိုကြိုးများအသုံးပြုပြီး၊ စတုရန်းပေအနည်းငယ်စီကျယ်ဝန်းသော အကွက်များ သတ်မှတ်ရေးဆွဲ၍၊ ရောက်ရှိနေသော ကချင်လူမျိုးများအားလုံးသို့ ခွဲဝေပေးသည်။ မိသားစုတစ်ခုတည်းမှ ကချင်မျိုးနွယ်ဝင်တူဖြစ်လျှင်၊ မည်မျှဝေးလံသော အရပ်ဒေသတွင် နေထိုင်သူဖြစ်စေ၊ ၎င်း၏ရပိုင်ခွင့်ကို မပေးဘဲ နေ၍မရချေ။ [၁၁]

နှစ်ဆယ်ရာစုအစောပိုင်းတွင် ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားခရိုင်တွင်၊ မြန်မာ့ရွှေတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ **Burma Gold Dredging Co.** ၏ ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှအပ၊ ရွှေကျင်ခြင်းလုပ်ငန်းများသည် ကချင်ရွာသားများ၏ ဒေသ တွင်း အသေးစားလုပ်ငန်းမျှသာ တည်ရှိခဲ့ပါသည်။ ၁၉၈၀ ခုနှစ်နောက်ပိုင်းတွင်၊ ကချင်ပြည်နယ်နေရာအချို့၌ အင်ဂျင်စက်ငယ်များ ဖြင့် အသေးစားရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်လာခဲ့ကြပါသည်။ သို့သော်လည်း၊ ၁၉၉၀ ခုနှစ်များ အလယ်ပိုင်း လောက်တွင်၊ နိုင်ငံခြားမှတင်သွင်းလာသော စက်ယန္တယားကြီးများဖြင့် အကြီးစားရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်လာကြပါသည်။[၁၂] ၁၉၉၄ ခုနှစ်၊ ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ထိုအချိန်က (နဝတ) စစ်အစိုးရအကြား၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်မရေးထိုးမီကာလတွင်၊ ရွှေထွက်ရှိမှုနှုန်းမြင့်မားသော နေရာများ ကို၊ (အေအိုင်အို) အဖွဲ့က ထိန်းချုပ်ထားနိုင်ခဲ့ပြီး၊ ထိုနေရာများတွင် ရွှေတူးဖော်ထုတ်လုပ်ခြင်းကို တားမြစ်ထားခဲ့ပါသည်။ ထို့အတွက် ကြောင့်၊ သဘာဝသယံဇာတ အရင်းအမြစ်အပေါ် အလွန်အကျွံဖျက်ဆီး၊ အမြတ်ထုတ်ခြင်း အနည်းငယ်မျှသာ ဖြစ်ပေါ်ခဲ့ပါသည်။

## ၁၉၉၄ နောက်ပိုင်း ရွှေတွင်းများအကြီးအကျယ်တူးဖော်လုပ်ကိုင်လာခြင်း

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက်တွင်၊ တရုတ်လူမျိုးများနှင့် ပြည်တွင်းစီးပွားရေးသမားများ၏ ကျောထောက်နောက်ခံပြုမှုဖြင့်၊ တစ်ခါတရံ အဆင့်မြင့်အစိုးရအရာရှိကြီးများ၏ အကာအကွယ်ရယူထားသော၊ ပုဂ္ဂလိကကုမ္ပဏီများက (နအဖ) စစ်အစိုးရ၏ သတ္တုတွင်းဝန်ကြီးဌာနမှ ကချင်ပြည်နယ်ရှိ ရွှေတောများတွင် ရွှေထုတ်လုပ်ခွင့်လုပ်ကွက်များ လျှောက်ထားဝယ်ယူနိုင်ခဲ့ကြပါသည်။ ဒီဇင်အင်ဂျင်သုံး ကျောက်စုပ်ပန့်ကြီးများနှင့် အမျိုးမျိုးသောမြေတူးစက်များကို တရုတ်ပြည်မှ တင်သွင်းလာကြပြီးနောက်၊ ရွှေကျင်ခြင်းလုပ်ငန်းသည် ဒေသတွင်းအသေးစားအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ်မှ၊ စီးပွားဖြစ်လုပ်ငန်းကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားပါတော့သည်။ ကုမ္ပဏီများနှင့် ပြည်တွင်းရွှေကုန်သည်များက ရွှေအများစုကို တရုတ်ပြည်သို့ တင်ပို့ရောင်းချ ကြပြီး၊ ကျန်ရွှေများကို မြန်မာနိုင်ငံပြည်တွင်း ဈေးကွက်တွင် ရောင်းဝယ်ကြသည်။

အစိုးရသည် မြန်မာနိုင်ငံဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက်၊ ၎င်းခေါ်ယူကျင်းပခဲ့သော ဓာတ်သတ္တုရှာဖွေခွင့် လေလံတင်ခေါ်ယူပွဲ (၃) ခုကို၊ ပထမဦးဆုံးအကြိမ်အဖြစ်၊ ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့ပါသည်။[၁၃] ထို့နောက် ၂၀၀၂ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာနသည်၊ ၎င်း၏လေလံခေါ်ယူမှုကို ဆက်လက်တိုးချဲ့ခဲ့သည်။ ရွှေထွက်ရှိနိုင်သော လုပ်ကွက်များကို ရှာဖွေသတ်မှတ်အကွက်ရိုက်ပြီးနောက်၊ မြန်မာတစ်နိုင်ငံလုံးတွင် ရွှေလုပ်ကွက် ၄၂ ကွက်ကို လေလံတင် ရောင်းချခဲ့သည်။ ယင်း လုပ်ကွက်များအနက် ၂၃ ကွက်သည်၊ ကချင်ပြည်နယ်တွင်းမှ ဖြစ်ပါသည်။[၁၄] ဧရိယာအားဖြင့် ၁၆, ၀၈၃ စတုရန်းကီလိုမီတာကျယ် ဝန်းပြီး၊ ကချင်ပြည်နယ်တစ်ခုလုံး၏ ဧရိယာ ၁၈ ရာခိုင်နှုန်း ရှိသည်။ [၁၅]

ထိုအပြောင်းအလဲ၏ အကျိုးဆက်ကိုပထမဆုံးခံစားရသော နယ်မြေများအနက်၊ တစ်ခုမှာ ၂၀၀၁ ခုနှစ်တွင် လူဦးရေ (၅၀၀, ၀၀၀) ကျော်လာရောက်လုပ်ကိုင်ခဲ့ကြသည့် နာမည်ကျော် ဖားကန့်ကျောက်မှော်နှင့် ရွှေမှော်ဖြစ်သည်။ ၁၉၉၉ ခုနှစ်မှစ၍၊ မလိခမြစ်ကြောတလျှောက်တွင်၊ ရွှေတူးဖော်ခြင်းများ တိုးတက်ပေါ်ပေါက်ခဲ့သကဲ့သို့၊ အင်မိုင်ခမြစ်နှင့် ဧရာဝတီမြစ်ဆုံတည်ရှိရာ နေရာ များတွင်လည်း၊ ရွှေတူးဖော်ခြင်းလုပ်ငန်းများ အလျှင်အမြန် တိုးတက်ပေါ်ပေါက်လာခဲ့သည်။ ထိုဒေသများအတွင်း ရွှေရှာဖွေထုတ် လုပ်ရန် ပိုမိုခက်ခဲလာသည်နှင့်အမျှ၊ ဝေးလံသီခေါင်သော ကချင်ပြည်နယ် အနောက်မြောက်ထောင့်တွင်တည်ရှိသည့် ဟူးကောင်းချိုင့်ဝှမ်းဒေသအပါအဝင်၊ အခြားဒေသသစ်များသည်လည်း ရွှေအလုအယက်ရှာဖွေထုတ်လုပ်ခြင်း၏ အကျိုးဆက်ကို စတင်ခံစားလာခဲ့ရပါတော့သည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်၊ ချင်းတွင်းမြစ်ကမ်းတလျှောက်နှင့် ဟူးကောင်းချိုင့်ဝှမ်းတို့တွင် အကြီးစား ရွှေရှာဖွေထုတ်လုပ်ရေးလုပ်ငန်းသည်၊ ကချင်ပြည်နယ် အရှေ့ပိုင်းနှင့်စာလျှင် နှိုင်းယှဉ်ချက်အရ တိုးတက်မှုနောက်ကျသည်ဟု ဆိုနိုင်ပါသည်။ (၂၀၀၂ ခုနှစ်ပတ်ဝန်းကျင်တွင်မှ စတင်ခဲ့ပါသည်။) **KDNG** ၏သုတေသနပြုချက်များအရ ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေမှော်များ ၃၁ ခုရှိပြီး လက်ရှိရွှေတွင်း ၁၀၀ ခန့်တူးဖေါ်လျက် ရှိနေသည်ဟု သိရပါသည်။ ထိုအချက်သည် ၁၉၉၄ ခုနှစ်၊ အပစ်အခတ်ရပ်စဲပြီးချိန်မှစ၍ ရွှေမှော်များ သိသိသာသာ တိုးတက်များပြား လာခြင်းကို ပြသနေပါသည်။ (မြေပုံကို ကြည့်ပါ။)





ရိုးရာရွှေကျင်နည်းများ




ရှင်ဘွဲယန်ရွှေမှော်တွင် နောက်ခံရှိ မြေသားနံရံကို အားပြင်းသော ရေပိုက်များဖြင့် ထိုးဖြိုချပြီးနောက် အလုပ်သမားများ မျောထဲသို့ မြေသားများ သွန်ချနေစဉ်




ဟိုက်ဒြောလစ်နည်းဖြင့် ရွှေထုတ်လုပ်ရန် အတွက် မြစ်ကမ်းနံရံများကို ရေဖြင့်ထိုးဖြိုချရန် ဒီဇယ်အင်ဂျင်သုံး ရေစုပ်ပန့်များဖြင့် ရေများစုပ်တင်နေစဉ်

ဟူးကောင်းချိုင့်ဝှမ်းရှိရွှေမှော်ဧရိယာများ (၁၉၉၄)



## ဟူးကောင်းချိုင့်ဝှမ်းရှိရွှေမှော်ဧရိယာများ (၂၀၀၆)





နမ်ပြုရွှေမှော်တွင် အလုပ်သမားတစ်ဦး အင်ခွက်ဖြင့်ရွှေကျင်နေစဉ် (ရွှေကိုဖမ်းယူရန် အတွက် ပြဒါးကိုအသုံးပြုသည်)





ကျင်းထဲမှ မြေကြီးပုံးများ ဆွဲတင်နေစဉ် အစွန်းတစ်ဖက်တွင် မီးဇာတပ်ထားသော သံပိုက်ဖြင့် ကျင်းထဲသို့ လေဝင်စေသည်။





ရွှေတွင်းထဲမှ မြေသားများကိုစုပုံထားပြီးနောက် ရွှေကိုခွဲထုတ်ရန် မျောထဲသို့ သွန်ချရသည် နမ်ပြုရွှေတောရှိ (၄) ပေပတ်လည် ရွှေတွင်း တစ်တွင်း၏ထိပ်မှ မြင်ကွင်း



## ဟူးကောင်းချိုင့်ဝှမ်းမှ ရွှေရှာနည်းများ

ရွှေစအနည်းငယ်ရရှိရန်အတွက် ပမာဏအလွန်ကြီးမားသော မြေများ၊ သဲများ၊ ကျောက်များကို တူးဖော်ဖြိုခွဲကြရသည်။ ထွက်ရှိလာသောမြေသားများကို စုဆောင်းသယ်ယူပြီး၊ မျောများတွင် ဖျော်ချစစ်ယူရသည်။ ထို့နောက်ကျန်ရစ်သောသဲများကို ဓာတုဗေဒပစ္စည်း များဖြင့် ဓာတ်ပြုစေပြီး၊ ရွှေစများကို ထုတ်ယူသည်။ ပြဒါးသည် ဟူးကောင်းချိုင့်ဝှမ်းတွင် အသုံးအများဆုံးသော ဓာတုဗေဒဓာတ်ကူပစ္စည်း ဖြစ်သည်။ ယခုအချိန်ထိ ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေရှာဖွေရန် လွယ်ကူနေဆဲဖြစ်သဖြင့်၊ ရွှေခွဲထုတ်ရာတွင် ပိုမိုလွယ်ကူသည့် ဓာတ်ကူပစ္စည်းဖြစ်သည့် ဆိုင်ယာနိုက် (cyanide) ကို ယခုအချိန်အထိကျယ်ပြန့်စွာ အသုံးမပြုကြသေးပါ။

### (၁) လူလုပ်အားဖြင့် ရွှေတူးခြင်းနှင့် ရွှေကျင်ခြင်း

ဤနည်းသည် သာမာန်ရိုးရှင်းသောပစ္စည်းကရိယာများကို၊ အသုံးပြုထုတ်လုပ်သော အသေးစားရွှေကျင်သည့်နည်းဖြစ်ပြီး သာမာန် အားဖြင့် ဓာတုဗေဒပစ္စည်းများ အသုံးမပြုဘဲ၊ သို့မဟုတ် အနည်းငယ်သာအသုံးပြုပြီး ထုတ်လုပ်သောနည်းဖြစ်သည်။ ကုန်းမြေပေါ် တွင် ရေလွှမ်းရာမှ ရွှေမှုန်များတင်ကျန်ခဲ့သော နုံးတင်မြေလွှာများကြောအလိုက်၊ သို့မဟုတ် မြစ်ကမ်းပါးများမှ မြေကိုတူးယူပြီး ရွှေ ကျင်ယူသည့် နည်းဖြစ်သည်။ ရေအောက်ရွှေကျင်နည်းမှာ၊ မြစ်အောက်ကြမ်းပြင်မှ မြေကိုဆယ်ယူပြီး မျောဖြင့်အကြမ်းစစ်ယူသည်။ ထို့နောက် အင်ခွက်များတွင် လက်ဖြင့်ရွှေကျင်ယူသည့်နည်းဖြစ်သည်။ ရေထဲတွင် အင်ခွက်ကိုလှည့်လိုက် စောင်းလိုက် လုပ်ပေးခြင်း ဖြင့် သိပ်သည်းဆပိုများသော ရွှေမှုန်များနှင့် ရွှေတုံးကလေးများသည် အင်ပိုင်းအောက်ခြေတွင် အရှိန်ကြောင့် သဲနှင့်ကျောက်စရစ်ခဲ များကြားမှ သီးခြားအနယ်ထိုင်လာသည်။ ဒေ သခံများသည် ထိုသာမာန်ရွှေကျင်နည်းကို ဆွေစဉ်မျိုးဆက်အသုံးပြုလာခဲ့ကြခြင်းဖြစ်ပြီး ဤနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးနည်းဖြစ်သည်။

### (၂) ၄ ပေပတ်လည် ကျင်းများဖြင့် ရွှေတူးခြင်း

ဤနည်းသည် ဟူးကောင်းချိုင့်ဝှမ်းဒေ သတွင် လူသုံးများသောနည်းဖြစ်သည်။ ယေဘုယျအားဖြင့် (၂၀) ရာခိုင်နှုန်းခန့်သော ရွှေတွင်း များမှာ ဤနည်းဖြင့်တူးကြသည်။ ထိပ်ဝ (၄) ပေပတ်လည်၊ အနက် (၁၀) ပေမှ (၁၅) ပေခန့်အထိ ကျင်းများတူးပြီးထုတ်လုပ်ခြင်း ဖြစ် သည်။ ထို့နောက် တွင်းအောက်ခြေမှ ဘေးဘက်သို့ လိုဏ်ခေါင်းများ အလျားလိုက် ဆက်တူးကြသည်။ အချို့လိုဏ်ခေါင်းများမှာ ပေ (၂၀) ကျော်အထိ ရှည်လျားပြီး၊ အခြားလိုဏ်ခေါင်းများနှင့် ဆက်သွားလေ့ရှိသည်။ လိုဏ်ခေါင်းပြိုမကျစေရန်နှင့် တွင်းမပြိုစေရန် အတွက်၊ သစ်သားများနှင့် ဝါးထောက်တန်းများဖြင့် ပင့်ထောက်ထားရသည်။ တွင်းအောက်ခြေတွင်လေရစေရန်အတွက် ထိပ်ဝတွင် ရေနံစိမ် အဝတ်စုတ်စွပ်ထားသည့် သံပိုက်ရှည်ကို တွင်းထဲတွင် ဒေါင်လိုက်တွဲလောင်းချထားရသည်။ တွင်းသားတစ်ယောက်က တွင်းဝမှ ရေပုံး (သို့မဟုတ်) ခြင်းတောင်းဖြင့် မြေကြီးများကို စက်သီးဖြင့်ဆွဲတင်ရပြီး၊ ပြင်ဆင်သတ်မှတ်ထားသောနေရာတွင် ပုံရသည်။ ထို့နောက် မြေကြီးများကို လျှောစောက်အတိုင်းချထားသည့် မျောထဲသို့လောင်းချ၍ ရွှေစများကိုကျင်ခွက်ဖြင့် ကျင်ယူ သည်။ ထို့နောက် ရွှေကို ပြဒါးဖြင့်ဖမ်းယူသည်။

ဤနည်းဖြင့်ရွှေထုတ်လုပ်ခြင်းသည် ရိုးရိုးစက်မှုနည်းပညာနိမ့်သော၊ အင်ဂျင်စက်ဖြင့်ထုတ်လုပ်ခြင်းဖြစ်ပြီး၊ ဓာတုဗေဒ ပစ္စည်းသုံးစွဲမှု အနည်းငယ်သာ ရှိသော်လည်း ရွှေတွင်းလုပ်သားများအတွက် အလွန်အန္တရာယ်များသော ရွှေထုတ်လုပ်နည်းဖြစ်သည်။ တွင်းပြိုကျ နိုင်ပြီး၊ တွင်းသားများ မြေပိသေနိုင်သည်။ မှောင်မဲနေသောတွင်းထဲတွင် အချိန်အကြာကြီးအလုပ်လုပ်ကြရသဖြင့်၊ အသားဝါရောဂါ၊ ခြေလက်ယောင်ယမ်းခြင်းရောဂါများ ခံစားကြရသည်။ တွင်းပြို၊ တွင်းဟောင်းများသည် ဆင်များနှင့်အခြားတိရိစ္ဆာန်များအတွက် ထောင်ချောက်သဖွယ် အန္တရာယ်ကျရောက်စေနိုင်သည်။ ရွှေတွင်းများပိတ်သွားချိန်တွင်၊ ထိုနေရာများသည် စွန့်ပစ်ဓာတုဗေဒ ပစ္စည်း များ အဆိပ်သင့်မှုကြောင့် အပင်များရှင်သန်ပေါက်ရောက်ရန် အလွန်ခက်ခဲပါသည်။

ထိုသို့သောရွှေတွင်းအများစုကို တသီးပုဂ္ဂလရွှေထုတ်လုပ်သူများက၊ ရွှေလုပ်ကွက်ရရှိထားသူများထံမှတစ်ဆင့် ဝယ်ယူ ထုတ်လုပ်ကြ ရသည်။ များသောအားဖြင့် တစ်တွင်းကို (၃) ဦးစပ်တူလုပ်ကိုင်လေ့ရှိကြပြီး၊ စရိတ်နှုတ်ပြီး ကျန်သောအမြတ်ကို ဝေယူကြသည်။ မျော တွင် အသုံးပြုရန် အင်ဂျင်စက်တစ်လုံးတည်းကိုသာ ငှားရမ်းလေ့ရှိကြသည်။



တုံမလီရွှေမှော်မှ ရွှေတူးမည့်မြေကွက်ကို
ရေလုံးဖြင့်ထိုး၍မြေရှင်းလင်းနေစဉ်
နမ်ဖြုမှ ဟိုက်ဒြေ ာလစ် ရွှေမှော်






နမ်ဖြုဟိုက်ဒြောလစ်မိုင်းတွင် အသုံးပြုခဲ့သည့်
ကျောက်စုပ်ပန့်တစ်လုံမလိခမှ ရေထဲဆင်းရန်
အသင့်ဖြစ်နေသော ရေငုတ်သမားတစ်ဦး







လည်နေသောကျောက်စုပ်ပန့်တစ်လုံးမှ
ဆွဲပုံးများကျောက်စုပ်ပန့်တစ်ခုလုံးမြင်ကွင်း



### (၃) ကုန်းပေါ်တွင် စက်ဖြင့်ရွှေထုတ်လုပ်ခြင်း (တစ်ခါတရံ ၎င်းကိုဟိုက်ဒြောလစ်မိုင်းတူးခြင်းဟု ခေါ်သည်။)

ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အများဆုံးတွေ့ရှိရသော ရွှေထုတ်လုပ်နည်းဖြစ်သည်။ ခန့်မှန်းချေအားဖြင့် (၇၀) ရာခိုင်နှုန်းသော ရွှေတွင်းများသည် ဤနည်းဖြင့် ရွှေတူးဖော်ထုတ်လုပ်ကြသည်။ ရွှေပမာဏများစွာ တွေ့ရှိသောနေရာတွင်၊ တရုတ်နိုင်ငံလုပ် မြင်းကောင် ရေ (၂၅) ကောင်အားပန့်များတွင် မှုံစုပ်ပိုက်များတပ်ဆင်အသုံးပြု၍ ထုတ်လုပ်သောနည်းဖြစ်သည်။ ရွှေတူးစက်တစ်စုံတွင် အနည်းဆုံးပန့်တစ်လုံးနှင့် မှုံစုပ်ပန့်တစ်လုံးပါဝင်သည်။ ရွှေတွင်းအရွယ်အစားနှင့် လုပ်ငန်းပမာဏပေါ်မူတည်ပြီး၊ ရွှေတူးစက် အစုံအနည်းအများရှိသည်။

ကုန်းပေါ်တွင်ဖြစ်စေ၊ မြစ် (သို့မဟုတ်) ချောင်းကမ်းပါးတလျှောက်တွင်ဖြစ်စေ၊ မြေကြီးကို ရေအားဖြင့် ဦးစွာ တူးဖို့ချရသည်။ အလားအလာရှိသောအကွက်ကို ရွေးချယ်ပြီး စမ်းသပ်ထုတ်လုပ်ရန် မြေရှင်းလင်းခြင်း လုပ်ရသည်။ ရွှေတွေ့လျှင် ပန့်ဖြင့်စုပ်ယူရန် မဖြစ်နိုင်သော ကျောက်တုံးများ၊ သစ်တိုသစ်စများကို လူဖြင့်ဖယ်ရှားရသည်။ ရေကို ပိုက်များဖြင့်သွယ်ယူပြီး၊ ကမ်းပါးများကို ရေ အားဖြင့်ထိုး၍ ဖြိုချသည်။ ပြိုကျလာသောမြေသားကို ကျောက်စုပ်ပန့်ဖြင့်စုပ်ယူပြီး၊ ပလပ်စတစ် ဆန်ကာအနုဖြင့် စစ်ယူသည်။ တင် ကျန်ရစ်သော ရွှေမှုန်ရွှေခဲများကို အင်ခွက်များဖြင့်ကျင်ပြီးလျှင်၊ ပြဒါးများဖြင့် ဖမ်းယူသည်။

ဤနည်းဖြင့်ရွှေထုတ်လုပ်ခြင်းသည်၊ ပြဒါးကြွင်းအများအပြား ကျန်ရစ်စေသဖြင့် ကျန်းမာရေးအတွက် အန္တရာယ် ပိုရှိသည်။ မြစ် ချောင်းကမ်းပါးများမှ ရွှံ့နုန်းလွှာများကွဲပြိုကျနိုင်သဖြင့်၊ တွင်းသားများကိုလည်း ထိခိုက်ဒဏ်ရာရစေနိုင်သည်။ မြစ်ချောင်းများအနီး အနားမှ ရွှေတောများပိတ်သွားသောအခါ၊ မြစ်ချောင်းကမ်းပါးများ ပျက်စီးခြင်း၊ ရေလမ်းကြောင်းပြောင်းရွှေ့ခြင်းများ ဖြစ်ပေါ်စေသည်။

### (၄) ရေငုတ်ကျင်းရွှေထုတ်လုပ်ခြင်း (ဖြုံးစုပ်သည်ဟုလည်း ခေါ်သည်။)

ရေအောက်ရွှေထုတ်လုပ်ခြင်းကို ကချင်ပြည်နယ်၏ မလိခဒေသတွင် အထူးတွေ့ကြရပြီး၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အသုံးပြုမှု မရှိသလောက်ပင် ဖြစ်သည်။ ရေအောက်ရွှေထုတ်လုပ်ခြင်းတွင် အထက်ပါနည်းတွင်၊ အသုံးပြုကြသောစက်များကိုပင် ဝါးဖောင်များပေါ် တွင် တင်ဆောင်အသုံးပြုကြခြင်း ဖြစ်သည်။ ကျောက်စုပ်ပန့် (ရေအောက်တွင်ထားသော စုပ်စက်ပင်ဖြစ်သည်။) ကို ရေငုတ်သမား များက၊ မြစ်ကြမ်းပြင်တလျှောက်ထိန်းကိုင်ပေးပြီး မြေသားများ စုပ်ယူသည်။ မြေသားများကို မျောပေါ်တွင်စစ်ယူပြီးနောက် ရွှေကို အင်များဖြင့် ကျင်ထုတ်သည်။ ပြီးလျှင်ပြဒါးသုံးပြီး ဖမ်းယူသည်။

ရေငုတ်သမားများသည် အလွန်ရိုးစင်းသော ရေငုတ်ကရိယာများကိုသာ အသုံးပြုကြသည်။ များသောအားဖြင့် ရေငုတ်မျက်မှန်စွပ်ပြီး အသက်ရှူရန်အတွက် လေပိုက်ခေါင်းများကို အသုံးပြုကြသည်။ ရေစီးသန်သောနေရာများတွင်လုပ်ကိုင်ကြရခြင်းဖြစ်ပြီး၊ ရေအောက်တွင်များစွာသော အန္တရာယ်အခက်အခဲများကို ရင်ဆိုင်ကြရလေ့ရှိသည်။ ရေအောက်တွင် တစ်ဦးလျှင် (၂) နာရီ၊ (၃) နာရီကြာ အောင် အလှည့်ကျနေကြရပြီး၊ လူအနည်းအများပေါ်မူတည်၍ တစ်နေ့လျှင် (၂) ကြိမ်မှ (၄) ကြိမ်အထိ ရေငုတ်ရသည်။

အလုပ်လုပ်နေစဉ် နေရာရွှေ့ပြီး လိမ့်ထွက်လာသော ကျောက်တုံးများကြောင့် ရေငုတ်သမားများ ထိခိုက်ဒဏ်ရာရနိုင်သည်။ ရေစီး ကြောင့် ရေအောက်သို့လည်း မျောပါသွားတတ်ကြသည်။ ရေငုတ်သမားများအတွက် အလွန်အန္တရာယ်များပြီး ရေနစ်သေဆုံးခြင်း သည် အထူးအဆန်းမဟုတ်တော့ချေ။ ဖောင်ပေါ်တွင်စောင့်နေကြသော အဖော်များအတွက် အချိန်စေ့သည်အထိ ပြန်တက်မလာ သော၊ ရေငုတ်သမား၏ကံကြမ္မာကို မည်သို့မျှမသိနိုင်တော့ချေ။ ဤနည်းသည် မြစ်ကြောင်း၏ သက်ရှိဂေဟစနစ်ကိုလည်း ထိခိုက်စေ ပါသည်။ မြစ်ကြမ်းပြင်များ ထိခိုက်ပျက်စီးခြင်း၊ ပြဒါးကြောင့် ရေထုညစ်ညမ်းခြင်း၊ ရေနေသတ္တဝါများ မြစ်ကြောင်းသဘာဝ ပြောင်းလဲ သွားမှုကြောင့် ထိခိုက်ခြင်း၊ သေကြေပျက်စီးခြင်းများ ဖြစ်ကြရသည်။

### (၅) စက်ဖေါင်နှင့်ခပ်ခွက်များဖြင့် ရွှေထုတ်လုပ်ခြင်း

ဤနည်းဖြင့် ရွှေတူးဖော်ခြင်းကို ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် စတင်အသုံးပြုလာကြသည်။ လက်ရှိရွှေမိုင်းများ၏ (၅) ရာခိုင်နှုန်းခန့် သည်သာ ဤနည်းကို အသုံးပြုသေးသည်။ ဤနည်းတွင် စက်နှစ်လုံးအသုံးပြုရပြီး လည်နေသောချိန်းကြိုးပေါ်တွင် သံဖြင့် ပြုလုပ်ထား သောခပ်ခွက်များ တပ်ဆင်ထားသည့်စက်များ တပ်ဆင်ထားသည့် ဖောင်များကို အသုံးပြုသည်။ မြေသားများကို ခပ်ခွက်ဖြင့် ခပ်တင် ပြီး၊ မျောပေါ်လောင်းချ၍ စစ်ယူသည်၊ ကျောက်ခဲကြီးများကို စက်ဖြင့်ဖယ်ထုတ်နိုင်ပြီး လူပါစရာမလိုပေ။ ရွှေမှုန်များကို အင်ဖြင့်ကျင် ထုတ်ပြီး ပြဒါးသုံးဖမ်းယူသည်။ ဤနည်းသည် မြစ်ကြမ်းပြင်ကို ပျက်စီးစေပြီး၊ ကမ်းပါးကိုလည်း ပြိုကျစေနိုင်သည်။ အချိန်တိုအတွင်း မြေသားပမာဏ အမြောက်အမြားကို တူးယူနိုင်ပြီး၊ ရွှေအရင်းအမြစ်ကို လျှင်မြန်စွာ ကုန်ခမ်းစေသည်။ ဖောင်ကို မြစ်ကမ်းနှစ်ဘက်ရှိ သစ်ပင်ကြီး၊ သို့မဟုတ် ကျောက်တုံးကြီးများတွင် အခိုင်အမာချည်နှောင်ထားရသည်။ သို့ဖြင့် မြစ်ကြောင်းတလျှောက် စုန်ဆန်သွား လာနေသော လှေငယ်များ၊ ကူးတို့လှေများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။ စွန့်ပစ်ဓာတုဗေဒပစ္စည်းများနှင့် ပြဒါးများကြောင့် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေပြီး၊ ရေနေသတ္တဝါများနှင့်လူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

### ရွှေတူးဖေါ်ခြင်းလုပ်ငန်းတွင် ပြဒါးအသုံးပြုခြင်း

ပြဒါးသည် ကချင်ပြည်နယ်တွင် ရွှေဖမ်းရန်အတွက် အများအားဖြင့် အသုံးပြုနေသော ဓာတုဗေဒပစ္စည်းဖြစ်ပါသည်။ ရွှေတွင်းလုပ်သားများသည်၊ တစ်ခါတစ်ရံ ပြဒါးနှင့်ရွှေအရောကို အဝတ်စထဲတွင်ထည့်၍ လက်ဖြင့်ညှစ်ပြီး၊ ကျန်ရှိနေသော ပြဒါးများကို မီးရှို့ပစ်လိုက်ကြပါသည်။ ထို့နောက် ကြွင်းကျန်ရစ်သော ရွှေတုံးကို ရယူသည်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း၊ ပြဒါးအချို့ ရေထဲကျသွားတတ်ပါသည်။ အချို့ကို ပြန်လည်အသုံးပြုရန် ဆယ်ယူနိုင်သော်လည်း၊ ကျန်သောပြဒါးများမှာ ပြဒါးခိုးများအဖြစ် လေထဲသို့ပြန့်နှံ့ရောက်ရှိသွားပါသည်။ ကျောက်ကြွင်းများဟုခေါ်သော စွန့်ပစ်ထားသော ပြဒါးစွန်းနေသော ကျောက်တုံးကျောက်ခဲများကို မြစ်ချောင်းများထဲသို့ပစ်ချ၍သော်လည်းကောင်း၊ တွင်းဟောင်းများတွင်စုပုံ၍သော်လည်းကောင်း၊ ပစ်ထားတတ်ကြပါသည်။

## ရွှေတောများ လုပ်ကိုင်ဆောင်ရွက်ပုံ

ကချင်ပြည်နယ်ရှိ အခြားသောဒေသများကဲ့သို့ပင်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ရွှေလုပ်ကွက်များသည်လည်း၊ (နအဖ) စစ်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ လုပ်ကိုင်ခွင့်ရှိသည်။ ရွှေတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများက၊ သတ်မှတ်ထားသောလုပ်ကွက်များတွင် သတ်မှတ်ထားသော အချိန်အတွင်း ရွှေထုတ်လုပ်ခွင့်ရရှိရန်အတွက်၊ သတ္တုတွင်းဝန်ကြီးဌာနသို့ မြေငှားရမ်းခများ ပေးဆောင်ကြရသည်။[၁၆] ဝန်ကြီးဌာနနှင့် မြောက်ပိုင်းတိုင်း တိုင်းမှူးသို့ ပေးဆောင်ရမည့်အခွန်ငွေများကိုလည်း၊ ထိုကုမ္ပဏီများကပင် တာဝန်ခံပေးဆောင်ကြရ သည်။[၁၇] ဝန်ကြီးဌာနမှ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ၊ ပြည်တွင်းနှင့် တရုတ်ကုမ္ပဏီများသို့ချပေးထားသည့် ရာနှင့်ချီသောလုပ် ကွက်များအနက်၊ အနည်းအကျဉ်းသာ စာရင်းပေါက်သည်။[၁၈] လက်ရှိအစိုးရအဖွဲ့ဝင်များ အမှန်တကယ်ပိုင်သော လုပ်ကွက်မည်မျှ ရှိသည်ကိုလည်း မည်သူမျှ မသိရှိနိုင်ကြပါ။[၁၉] ဤသို့လုပ်ကွက်ချပေးရာတွင် အစိုးရအရာရှိကြီးများသည် ရွှေထုတ်လုပ်မှုလုပ်ငန်း တစ် ခုလုံး၏ ပိရမစ်ထိပ်ချွန်တွင်၊ အခိုင်အမာနေရာယူထားပြီး၊ (ဇယားကိုကြည့်ပါ။) ချိုင့်ဝှမ်းဒေသတွင်းရှိ အမြတ်အစွန်း အများဆုံးရနိုင် သည့်၊ စီးပွားရေးလုပ်ငန်းအားလုံးသို့ ၎င်းတို့၏လက်တံကို ဆန့်တန်းချုပ်ကိုင်ထားကြပါသည်။ သို့ဖြင့် ၎င်းတို့ရရန်ရှိသည့် ဝင်ငွေအားလုံးကို တပြိုင်နက်တည်း၊ လွှတ်ထွက်မသွားနိုင်အောင် ထိန်းချုပ်ထားနိုင်ခဲ့ကြပါသည်။

ဆီး ဆန်း စတားကုမ္ပဏီသည်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင်းရှိ တနိုင်းမြို့နှင့် တနိုင်းမြစ်အောက် ဘက်ကြားရှိ ရွှေလုပ်ကွက်အားလုံးကို လုပ်ကိုင်ခွင့်ရရှိထားသော ကုမ္ပဏီဖြစ်သည်။ လုပ်ကိုင်ခွင့်ရထားသော ကုမ္ပဏီသို့ ရွှေ (သို့ မဟုတ်) ငွေကြေးဖြင့် တဆင့်ခံအခွန်မပေးဘဲ မည်သည့်လူပုဂ္ဂိုလ်၊ ကုမ္ပဏီမှ ရွှေတူးခွင့်မရှိပါ။ ဆီး ဆန်း စတား ကုမ္ပဏီကလည်း အပြန်အလှန်အားဖြင့်၊ အစိုးရသို့ ၎င်းတို့ရရှိသော စုစုပေါင်းအမြတ်အစွန်းမှ ရာခိုင်နှုန်းတစ်ခုကို အခွန်အဖြစ် မဖြစ်မနေ ပေးဆောင် ကြရပါသည်။ (ထိုအခွန်သည် ပေးဆောင်ပြီးဖြစ်သော လုပ်ကွက်လုပ်ကိုင်ခအပြင် ထပ်မံပေးဆောင်ရသော ငွေကြေးဖြစ်ပါသည်။) **KNDG** မှကောက်ယူထားသောအချက်အလက်များအရ၊ (၃၅)

*“ဒေသခံတွေအနေနဲ့ ဝင်ငွေရှာဖို့ အခုအခါ ပိုခက်ခဲလာပါတယ်။ ရွှေတူးတဲ့ ကုမ္ပဏီတွေက အစိုးရကို ငွေပေးပြီး လိုင်စင်ယူထားကြ တယ်။ တစ်ခွင်လုံးကို လက်ဝါးကြီး အုပ်ထားကြတော့ ကျနော်တို့ ဒေသခံတွေက ကြုံရာကျပမ်းလုပ်နေကြရတော့ တာပေါ့။ ကျနော်တို့ အရင်က လုပ်ကိုင်စားသောက်ခဲ့ကြတဲ့ လုပ်ကွက်တွေအားလုံးကို ခုတော့ သူတို့အကုန်သိမ်းယူ သွားကြပါပြီ။”*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဂျီ ၁၆)

ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိပြီး၊ ထိုအခွန်ပမာဏသည် မြန်မာနိုင်ငံတွင်းရှိ အခြားသဘာဝသယံဇာတထုတ်လုပ်ရေး လုပ်ငန်းများအတွက် ပေးဆောင်ရသော အခွန်နှုန်းထားထက် များစွာ ပိုနေပါသည်။[၂၀] ထို့အပြင် ကုမ္ပဏီက အစိုးရအရာရှိများထံသို့ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခကိုလည်း အခါအားလျော်စွာ ပေးဆောင်ကြရသေးသည်။ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောပြရာတွင်၊ “ကျနော်တို့ကုမ္ပဏီက ဝန်ကြီးဌာနအရာရှိတွေ၊ မြောက် ပိုင်းတိုင်း၊ တိုင်းမှူးနဲ့ အခြားအရာရှိကြီးတွေရဲ့ အလည်အပတ်ခရီးစဉ်တွေလို အထူးကိစ္စတွေမှာ ခရီးစရိတ်၊ စားသောက်စရိတ်နဲ့ တည်းခိုစရိတ်တွေကိုလည်း ကျခံကြရပါတယ်၊ အဲဒီလုပ်မှ လုပ်ငန်းချောမွေ့ အဆင်ပြေပါတယ်”ဟု ပြောပြပါသည်။ (တွေ့ဆုံမေးမြန်း ခြင်း အမှတ်–ဂျီ ၂၀)

ချိုင့်ဝှမ်းဒေသအတွင်း လုပ်ကိုင်နေကြသောအခြားကုမ္ပဏီများတွင်၊ ရှင်ဘွိုင်ယန်၌ ရတနာဟိန်းကုမ္ပဏီ၊ နေဘုသင်းစတားကုမ္ပဏီနှင့် ဘူးဂါးကုမ္ပဏီတို့လည်းပါဝင်သည်။ (ကုမ္ပဏီများစာရင်း အသေးစိတ်ကို နောက်ဆက်တွဲတွင် ကြည့်ပါ။) အစိုးရသည် လုပ်ကွက်အငှား ချထားပေးခြင်း၊ နှစ်စဉ်အခွန်အခများကောက်ခံခြင်းနှင့် ထိုကုမ္ပဏီများမှ အခြားစရိတ်စကများ ရယူတောင်းခံခြင်းဖြင့် ရွှေမိုင်းများမှ အကျိုးအမြတ်များ မြိုးမြိုးမြက်မြက်ရရှိပါသည်။ အခြားစရိတ်စကများဆိုရာတွင်၊ အထက်တွင် ဖော်ပြထားသည့်အတိုင်း အထူးဧည့်သည်များအတွက် သယ်ယူပို့ဆောင်ရေးနှင့် အစားအသောက်စရိတ်များ၊ မော်ဧရိယာသို့ ဝင်ရောက်ရန် လမ်းတံတားအသုံးပြုခများ နှင့် ရှင်ဘွိုယန်ရွှေမော်တွင်ကောက်ခံလေ့ရှိသည့် အစိုးရမြေတိုင်းသမားများအတွက် စရိတ်များ ပါဝင်ပါသည်။[၂၁]

လုပ်ကွက်အငှားချပေးသောစနစ်၏ အကျိုးဆက်ကြောင့်၊ မူလက မိမိတို့ဘာသာ လွတ်လပ်စွာရွှေတူးလာကြသော ဒေသခံ သမားရိုး ကျ ရွှေကျင်သူများသည်၊ ကုမ္ပဏီ၏ အလုပ်သမားများအဖြစ်သော်လည်းကောင်း၊ လုပ်ကွက်ရထားသော ကုမ္ပဏီများထံမှ တဆင့်ခံ ကန်ထရိုက်ရယူ လုပ်ကိုင်ကြရခြင်းသော်လည်းကောင်း၊ သို့မဟုတ် အလုပ်အကိုင်ရှာဖွေရန်အတွက် အခြားဒေသများသို့ ပြောင်းရွှေ့ သွားကြရခြင်း သော်လည်းကောင်း၊ ဖြစ်ပေါ်စေခဲ့သည်။

ချိုင့်ဝှမ်းဒေသအတွင်းရှိ၊ (ကေအိုင်အို) အုပ်ချုပ်ခွင့်ရထားသောနယ်မြေများတွင်၊ လုပ်ကွက်ရထားသူများက (ကေအိုင်အို) နှင့် အမြတ် ရာခိုင်နှုန်းတစ်ခုပေးရန် သဘောတူညီချက်ရယူပြီးနောက် လုပ်ကိုင်ကြသည်။ ဆီး ဆန်း စတားကုမ္ပဏီသည်၊ ၎င်းတို့ရရှိသော အမြတ် မှ ၄၅ ရာခိုင်နှုန်းကို၊ (ကေအိုင်အို) သို့ ပေးရကြောင်း **KNDG** မှ စုံစမ်းသိရှိခဲ့ရသည်။ ထိုဒေသများတွင် (ကေအိုင်အို) သည် ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ၊ ရွှေတွင်းအုပ်ချုပ်ရေးကော်မီတီများတွင် ပူးတွဲပါဝင်ဆောင်ရွက်နေသည်။ ထိုကော်မီတီသည် တဆင့် ခံ ကန်ထရိုက်ယူသူများနှင့် ရွှေမော်ဒေသရှိ အခြားသောအုပ်ချုပ်ရေးကိစ္စများကို စီမံခန့်ခွဲအုပ်ချုပ်သည်။

(နအဖ) စစ်အစိုးရသည် ကုမ္ပဏီများသို့ ရွှေမော်တွင်၊ အရေးကြီးကုန်ပစ္စည်းများ ရောင်းဝယ်ခွင့်လိုင်စင်များကိုလည်း ချပေးပြီး၊ ထိုလုပ် ငန်းအပေါ် အခွန်အခများကိုလည်း


# ရွှေတူးဖော်ရေးလုပ်ငန်းဖွဲ့စည်းပုံ



သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး
ဗိုလ်မှူးချုပ်အုန်းမြင့်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး
ဗိုလ်ချုပ်အုန်းမြင့်




**နေ့စားရွှေကျင်းလုပ်သားများ**
- တူးဖော်ရရှိသော ရွှေပမာဏ နှင့် မဆိုင်ဘဲ၊ နေ့စားလုပ်ခသာရရှိသည်။
- တစ်နေ့လျှင် ကျပ်ငွေတစ်ထောင်ကျော်ခန့် ရရှိကြပြီး လုပ်အားခကို ငွေသားဖြင့် ရရှိကြသည်။

**ဝေစုစားရွှေကျင်းလုပ်သားများ**
- တွင်းပိုင်များ ခန့်ထားသော လုပ်သားများ၊
- တွင်းပိုင်လုပ်ကွက်မှ ထုတ်လုပ်ရရှိသော ရွှေပမာဏ၏ သုံးပုံတစ်ပုံ ရရှိကြသည်။

**မှတ်ချက်**။ ။ အစက်ချမျဉ်းသည် ယခုအချိန်အထိ (ကေအိုင်အို) အုပ်ချုပ်မှုတစိတ်တပိုင်းတည် ရှိနေဆဲဖြစ်သော ဒေသများရှိ ရွှေမှော်များ၏ လုပ်ကိုင်ဆောင်ရွက်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။

# ပါဝင်ပါတ်သက်သူများ

*(နအဖ) စစ်အစိုးရ*

သတ္တုတွင်းဝန်ကြီးဌာနက၊ ကုမ္ပဏီများသို့ ရွှေတူးဖော်ခွင့်လုပ်ကွက်များချပေးသည်။ ဝန်ကြီးဌာနက လုပ်ကွက်ရထားသူများထံမှ တစ်နှစ်လျှင် ရရှိသောအမြတ်ငွေ၏ ၃၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိသော အမြတ်ခွန်ကို ကောက်ခံသည်။ **KNDG** ၏ တွေ့ဆုံမေးမြန်းချက်များအရ မြောက်ပိုင်းတိုင်း၊ တိုင်းမှူးကလည်း လုပ်ကွက်ရရှိထားသူများထံမှ စရိတ်များကောက်ခံကြောင်း သိရှိရ သည်။ (နအဖ) စစ်အစိုးရနှင့်ပတ်သက်နေသော အခြားတာဝန်ရှိကြသူများမှာ တပ်ရင်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ်အဆင့် (နအဖ) သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်ဖြစ်ပြီး၊ ၎င်းတို့ကလည်း ရွှေထုတ်လုပ်သူများ ထံမှ ရန်ပုံငွေအမျိုးမျိုးကို ကောက်ခံကြသည်။ ၎င်းအာဏာပိုင်အဆင့်ဆင့်တို့က ကောက်ခံရရှိသည့်ငွေပမာဏအပေါ် ကျေနပ်မှုမရှိ ပါက၊ လုပ်ငန်းများကို ရပ်ဆိုင်းရန်၊ သို့မဟုတ် တားမြစ်ပိတ်ပင်ရန် အခွင့်အာဏာရှိကြသည်။

*လုပ်ကွက်ရရှိသူများ*

ကုမ္ပဏီတစ်ခု၊ တနည်းလုပ်ကွက်ရရှိသူသည် ရွှေထုတ်လုပ်ရန်အတွက် လုပ်ကွက်ကို၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဝယ်ယူရသည်။ ကုမ္ပဏီ တစ်ဆင့်ခံကန်ထရိုက်များ၊ သို့မဟုတ် တွင်းပိုင်များသို့ လုပ်ကွက်များကို ပြန်ချပေးပြီး ရွှေဖြင့်သော်လည်းကောင်း၊ သို့ မဟုတ် ငွေသားဖြင့်သော်လည်းကောင်း တွင်းပိုင်များထံမှ အခွန်ကောက်သည်။ ထို့နောက် ၎င်းတို့ရရှိသောအမြတ်ငွေများမှ ၃၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကို၊ ဝန်ကြီးဌာနသို့ အခွန်အဖြစ် နှစ်စဉ်ပေးသွင်းရသည်။ တိုင်းမှူးကိုလည်း လုပ်ငန်းများ အဆင်ပြေချော မွေ့စေရန်နှင့် ၎င်းတို့၏ လုပ်ကွက်လေလံဝယ်ယူခွင့် သေချာစေရန်အတွက် ပေးကြရသည်။ ဒေသခံများဟု အမည်ခံထားသော်လည်း အစိုးရအဆင့်မြင့်အရာရှိကြီးများ၊ သို့မဟုတ် တရုတ်စီးပွားရေးသမားများပိုင်သော ကုမ္ပဏီများလည်း ရှိနေသည်။သို့သော်လည်း **KNDG** မှ အတည်မပြုနိုင်ခဲ့ပါ။ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် လုပ်ကိုင်နေကြသော ရွှေတူးသည့် ကုမ္ပဏီများစာရင်း အပြည့်အစုံကို နောက်ဆက်တွဲ (၁) တွင် ကြည့်ရှုနိုင်ပါသည်။

*(ကေအိုင်အို)*

(ကေအိုင်အို) က၊ ဒေ သတွင်း အုပ်ချုပ်ရေးတာဝန်ယူထားသည့်နေရာများတွင်၊ ကုမ္ပဏီများသည် တစ်ခါတစ်ရံ (ကေအိုင်အို) အဖွဲ့ အစည်းနှင့် အကျိုးတူ စီးပွားရေးစာချုပ်များ ချုပ်ဆိုလုပ်ကိုင်လေ့ရှိကြသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ဆီး ဆန်း စတား ကုမ္ပဏီသည်၊ (ကေအိုင်အို) ဒေသအတွင်း လုပ်ကွက်ရရှိထားသူဖြစ်ပြီး၊ အခွန်ဆောင်ပြီး အသားတင်အမြတ်၏ ၄၅ ရာခိုင်နှုန်းကို (ကေအိုင်အို) အဖွဲ့သို့ ပေးဆောင်ကြရသည်။ (ကေအိုင်အို)သည် လုပ်ကွက်များ အငှားချပေးသော ရွှေတွင်းအုပ်ချုပ်ရေးကော်မီတီတွင် ပါဝင်ပြီး၊ တစ်ဆင့်ခံ ကန်ထရိုက်များ၊ သို့မဟုတ် တွင်းပိုင်များထံမှ အခွန်အခများ ကောက်ယူသည်။

*ရွှေတွင်းများအုပ်ချုပ်ရေးကော်မတီ*

(ကေအိုင်အို) ဧရိယာတွင် လုပ်ကွက်ရရှိထားသူများ၏ကိုယ်စားလှယ်များနှင့်၊ (ကေအိုင်အို) အဖွဲ့အစည်းကိုယ်စားလှယ်များသည် ရွှေတွင်းများအုပ်ချုပ်ရေးကော်မီတီအဖွဲ့ဝင်များဖြစ်ကြပြီး၊ တွင်းပိုင်များသို့ လုပ်ကွက်များချပေးခြင်းနှင့် အခွန်ကောက်ခံခြင်းများကို လုပ်ဆောင်ကြသည်။ ထိုဒေ သများတွင် ကုမ္ပဏီသည် တရားဝင်လုပ်ကွက်ရရှိထားသူအဖြစ်၊ (နအဖ) စစ်အစိုးရနှင့် တိုက်ရိုက်ဆက်ဆံဆောင်ရွက်ရပြီး၊ (နအဖ) စစ်အစိုးရအာဏာပိုင်များ၏ သဘောတူညီချက် တစုံတရာမရရှိဘဲ မည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက် ခွင့်မရှိပါ။

*တွင်းပိုင်များ*

တွင်းပိုင်များသည် လုပ်ကွက်ရရှိထားသူများ၊ သို့မဟုတ် ရွှေတွင်းများကော်မီတီသို့ အခွန်အခများမပေးဘဲ ရွှေတူးခွင့်မရှိပါ။ တွင်းပိုင် များသည်၊ ၎င်းတို့တူးဖော်မည့်မြေအတိုင်းအတာနှင့် အသုံးပြုသည့်စက်အရေအတွက်ပေါ်မူတည်၍ သတ်မှတ်ထား သောအခွန်အခ များကို ပေးဆောင်ကြရသည်။ တွင်းပိုင်များနှင့် လက်ကြီးအရောင်းအဝယ်သမားများ (ရွှေကောက်ယူသူများ)က၊ ရွှေများကို ဝယ်ယူစုဆောင်းကြပြီး၊ မြစ်ကြီးနား သို့သွားရောက်ရောင်းချကြကာ၊ လိုအပ်သော ကုန်ပစ္စည်းများကို ရွှေမှော်ဒေသများသို့ ပြန်လည်သယ် ဆောင်လာကြသည်။

*အလုပ်သမားများ (တွင်းသားများ)*

*အမြဲတမ်းအလုပ်သမားများ*။ ။ တွင်းပိုင်များက ခန့်ထားသော လုပ်သားများဖြစ်ကြသည်။ တွင်းပိုင်၏လုပ်ကွက်မှ ထုတ်လုပ်ရရှိ သော ရွှေပမာဏ၏ (သုံးပုံတစ်ပုံ) ကို ရရှိကြသည်။ ကျန် (သုံးပုံနှစ်ပုံ) ကို တွင်းပိုင်များက ယူကြသည်။ တွင်းသားအများစုက ရွှေခိုး ရန်ကြိုးစားလေ့ရှိကြသဖြင့်၊ ရွှေတွင်းများ၏ အခြေအနေမှာတင်းကျပ်လွန်းပြီး၊ တွင်းသားများကို အနီးကပ်စောင့်ကြပ်နေလေ့ရှိကြ သည်။ တွင်းစားများက သူတို့ရရှိသောရွှေများကို များသောအားဖြင့်ရွှေတွင်းရှိ ရွှေကောက်ယူသူများနှင့် ပန်းထိမ်ဆိုင်များတွင် ရောင်းချလေ့ရှိကြသည်။

*နေ့စားအလုပ်သမားများ*။ ။ ထုတ်လုပ်ရရှိသော ရွှေပမာဏနှင့်မဆိုင်ဘဲ၊ နေ့စားလုပ်ခရရှိကြသော လုပ်သားများဖြစ်ကြသည်။ ၎င်းတို့သည် တစ်နေ့လျှင်အမေရိကန်ဒေါ်လာ (၁.၂၅) ခန့်ရရှိကြပြီး၊ လုပ်အားခကိုငွေသားဖြင့် ရရှိကြသည်။

ကောက်ခံသေးသည်။ (ကေအိုင်အို) ကလည်း၊ ထိုစီးပွားရေးလုပ်ငန်းများကို အခွန်ကောက်ခံလေ့ ရှိသည်။

*“အရင်ကတော့ လူတိုင်းကိုယ့်စိတ်ကြိုက် လွတ်လွတ်လပ်လပ် ရွှေတူးခဲ့ကြတာပါပဲ။ ခုတော့ ကျနော်တို့က ရွှေတူးခွင့်ရဖို့ ကုမ္ပဏီတွေ ဆီကနေ ခွင့်တောင်းရတယ်။ ရွှေတူးတာအပြင် ဆီး ဆန်း စတားကုမ္ပဏီက၊ (နအဖ) ဆီကနေ ဒီဇယ်၊ ဓာတ်ဆီ၊ အသားငါးတွေ (ကြက်၊ ဝက်နဲ့ အမဲသား) လိုင်စင်တွေကိုပါ ဆွဲထားတယ်။ ထိန်းချုပ်ထားတယ်။ ဒေသခံတွေက အဲဒီကုမ္ပဏီကနေပဲ ပစ္စည်းတွေဝယ် နေကြရတယ်။ အရင်တုန်းက တနိုင်းမြစ်တကြောမှာ လွတ်လတ်လပ်လပ် ငါးဖမ်းလို့ရတယ်။ ခုတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် လိုင်စင်ခံ ပြီးလုပ်ရတယ်။ လေလံဆွဲနေရတယ်။ ကုမ္ပဏီပိုင်ရှင်နဲ့ခင်တဲ့သူတွေ ဒါမှမဟုတ်၊ သူတို့အမျိုးတွေပဲ စီးပွားရေးလုပ်ခွင့်ရှိတယ်။ အပြင်ကလူတွေပဲ အရောင်းအဝယ်တွေကို လက်ဝါးကြီးအုပ်ထားကြတယ်။ ပစ္စည်းတွေ အစားအသောက်တွေ ကို ကျနော်တို့က ဈေးကြီး ပေးပြီးဝယ်နေကြရတယ်။ ကိုယ့်မြေပါမသွားအောင်လို့သာ ကျနော်တို့ ဒီမှာနေနေကြတာပါ။ ဒါပေမယ့် အရမ်း ခက်ခဲပါတယ်။”*(တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဂျီ ၁၉)

**ဟူးကောင်းချိုင့်ဝှမ်းတွင် ရွှေမှော်များပိတ်သိမ်းသည့်လက္ခဏာ မတွေ့ရှိ ရခြင်း။**

ကချင်ပြည်နယ်တွင် ရွှေမှော်များပိတ်သိမ်းလိုက်ပြီဟူသော၊ ကောလာဟလများ မကြာခဏထွက်ပေါ်လာလေ့ရှိသော်လည်း၊ သတင်းများ အတိအကျသိရှိနိုင်ရန် ခက်ခဲပါသည်။ မည်သည့်အခါမျှ တိကျလေ့မရှိပါ။ အစိုးရ၏သတင်းမီဒီယာများတွင်လည်း ဖော်ပြလေ့ မရှိပါ။ ဤသို့ ပိတ်သိမ်းတားမြစ်မှုများမှာ တင်းကျပ်စွာ စည်းကြပ်မှုမရှိဘဲ၊ များသောအားဖြင့်လည်း ယာယီသဘောသာဖြစ်ပါသည်။ (၂၀၀၅) ခုနှစ်နှောင်းပိုင်းတွင်၊ အသစ်ရောက်လာသော မြောက်ပိုင်းတိုင်း၊ တိုင်းမှူးသစ်ဗိုလ်ချုပ်အုန်းမြင့် ရောက်လာပြီးနောက်၊ အမိန့်ဖြင့် ရွှေမှော်များပိတ်သိမ်းသည်ဟူသော ကောလာဟလသတင်းများ ပေါ်ထွက်ခဲ့ပါသည်။[၂၂] သို့သော်လည်း၊ ဟူးကောင်းချိုင့်ဝှမ်း ဒေသအတွင်းရှိ၊ မည်သည့်ရွှေတွင်းတွင်မှ ဤအမိန့်ကို အကောင်အထည်ဖော်ခဲ့ခြင်း မရှိပါ။ ရွှေတူးသူများနှင့် ဒေသခံများ၏ဖော်ပြ ချက်အရ၊ (၂၀၀၆) ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရွှေမှော်များပိတ်သိမ်းမည်ဟု ကြားခဲ့ကြရပြီးနောက်၊ လအနည်းငယ်ကြာ လုပ်ငန်းများ နှေးကွေးသွားခြင်းသာ ရှိခဲ့သည်။ နမ်ဖြူရွှေတောမှ ရွှေတူးသူတစ်ဦးက ရှင်းပြရာတွင်၊ “ပါးစပ်ကသာ ရွှေတွင်းတွေပိတ်သွားပြီလို့ပြော ကြတာပါ၊ တကယ်တမ်းက ဆက်လုပ်နေကြတာပါဗျာ” ဟုပြောဆိုခဲ့သည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဂျီ ၁၉) ရှင်ဘွီယန် ရွှေမှော် မှ ရွှေတူးသူကလည်း ဤသို့တားမြစ်မှုနှင့် ပတ်သက်၍၊ “အဲဒီသတင်းမျိုး ကျနော်တို့ မကြားပါဘူး” ဟုပြောပါသည်။ (တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဂျီ ၂၃)။ ဆီး ဆန်း စတားမှ စာရေးဝန်ထမ်းတစ်ဦးကလည်း၊ “မြစ်ကြီးနားတစ်ဝိုက်မှာပဲ ရွှေတောပိတ်တာပါ”ဟု ပွင့်လင်းစွာ ပြောပြခဲ့ပါသည်။





*ရွှေမိုင်းများ ပိတ်ထားသည့်ကာလအတွင်း၊ မလိခပေါ်မှ ရွှေတူးနေသော ကျောက်စုပ်ပန့်တစ်စုံ (အပေါ်ပုံ) နှင့်ရှင်ဘွီယန်မှာ ဆက်လက်လုပ်ကိုင် နေသော ဟိုက်ဒြောလစ်စက်တစ်လုံး (အောက်ပုံ) ဓာတ်ပုံများကို (၂၀၀၆) ခုနှစ် မတ်လတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ (၂၀၀၅) ခုနှစ် နှောင်းပိုင်း ရွှေမိုင်းများပိတ်သိမ်းရန် တားမြစ်မိန့် ထုတ်ပြန် ပြီးနောက်ပိုင်းကာလ ဖြစ်သည်။*

သို့သော်လည်း၊ ထိုသူကပင် မြောက်ပိုင်းတိုင်းမှူးက ၎င်းပိတ်လိုသောနေရာတွင် ရွှေမိုင်းကို ပိတ်ပစ်နိုင်ကြောင်း အတည်ပြုပြောဆိုပါ သည်။ “တကယ်လို့သာ

အစိုးရက ရွှေမှော်တွေကို ပိတ်ပစ်ချင်တယ်ဆိုရင်၊ ပိတ်လိုက်ရုံပါပဲ။ ဗိုလ်ချုပ်အုန်းမြင့် ရွှေတွင်းတွေပိတ်တဲ့ အမိန့်ထုတ်ပြီးတဲ့နောက် (၂) လ (၃) လလောက်ပဲ သူတို့တခါတလေ လာပြီး၊ ကြည့်ကြတာပါ။" ဟုပြောခဲ့ပါသည်။ (တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဂျီ ၂၀) ရန်ကုန်မှ ဝါရင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦး၏အဆိုအရ "ဗိုလ်ချုပ်အုန်းမြင့်က ရွှေမှော်တွေနဲ့ပတ်သက်နေတဲ့ သူ့အောက်က စစ်တပ်အရာရှိတွေအပေါ်မှာ၊ အာဏာပြဖို့အတွက်သာ ရွှေမှော်တွေကို ပိတ်ခိုင်းခဲ့တာပါ။ ဒါက ဘဏ္ဍာရေးကို ထိန်းချုပ်နိုင်အောင်ဖြစ်ပြီး၊ ရပေါက်ရလမ်းတွေအားလုံး သူဆီကတဆင့်ပဲ စီးဆင်းအောင်လို့ လုပ်တာပါ" ဟု ဆိုပါ သည်။[၂၃]

ရွှေတူးဖော်ရေးလုပ်ငန်းနှင့်နီးစပ်သော ကချင်စီးပွားရေးသမားတစ်ယောက်က ပြောဆိုရာတွင်၊

> *"မြောက်ပိုင်းတိုင်း တိုင်းမှူးအသစ်ပြောင်းလာတိုင်း၊ သစ်ထုတ်လုပ်ရေးတို့၊ ရွှေတူးဖော်ရေးလုပ်တို့၊ နယ်စပ်ကုန်သွယ်ရေးတို့ တစ်လတန်သည် နှစ်လတန်သည် ပိတ်တတ်ကြတယ်။ အမြဲတမ်း ဒီအတိုင်းပဲ ဖြစ်နေကျပါပဲ။ တိုင်းမှူးလိုချင်တာ မပြည့်မချင်း ဖမ်းတာဆီးတာတို့၊ ဟိုဟာပိတ်၊ ဒီဟာပိတ်တာတို့ ဖြစ်တာပေ့ါ။ ကျနော်တို့ရွာသားတွေက အစိုးရတပ်တိုင်းအတွက် စရိတ်စကတွေ ခံပေးကြရတယ်။ သူတို့ရဲ့ခရီးစရိတ်တို့၊ အစည်းအဝေးတက်တဲ့စရိတ်တို့၊ နယ်ပြောင်းတဲ့စရိတ်တို့ စတာတွေကို ပေးကြရတယ်။ မဟုတ်ရင် နောက်ပိုင်း ကိစ္စမလွယ်ဘူး" ဟုပြောပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဂျီ ၂၄)*

ရွှေမှော်များ ပိတ်သိမ်းရန်အမိန့်ထွက်ပေါ်လာတိုင်း၊ ဒေသအာဏာပိုင်များ (သို့မဟုတ်) မြောက်ပိုင်းတိုင်း တိုင်းမှူးကိုယ်တိုင်နှင့် အဆက်အသွယ်ကောင်းသော၊ ကုမ္ပဏီများက ဆက်လုပ်ခွင့်ရကြပြီး၊ အသေးစားရွှေကျင်သူများသာ တားမြစ်ခံရလေ့ရှိသည်။ တနိုင်း မှ ရွှေကျင်သူတစ်ယောက်က "ရွှေမှော်တွေပိတ်တဲ့အမိန့်ထွက်လာရင်၊ ကုမ္ပဏီတွေနဲ့ ဒေသအာဏာပိုင်တွေက ဆက်လုပ်နေကြတာ ပါပဲ။ အမိန့်က ကျနော်တို့လို အရင်းအနှီးမရှိတဲ့ လက်လုပ်လက်စားတွေအတွက်ပဲ ထုတ်တာပါဗျာ။" ဟု ရှင်းပြပါသည်။ (တွေ့ဆုံ မေးမြန်းခြင်း အမှတ်–ဂျီ ၂၂) သို့ဖြင့်၊ ရွှေမှော်များပိတ်သိမ်းခြင်း၏ရလာဒ်မှာ၊ ရွှေထုတ်လုပ်ရေးလုပ်ငန်းတစ်ခုလုံးကို တစ်စုတစ် စည်းတည်း အခိုင်အမာဖြစ်အောင် ချုပ်ကိုင်ခြင်းသာ ဖြစ်သည်။ ပိတ်သိမ်းမိန့်ဖြင့် လုပ်ငန်းကို ရပ်ဆိုင်းစေနိုင်ခြင်းသည် မြောက်ပိုင်း တိုင်း၊ တိုင်းမှူးအတွက် သစ္စာခံလာစေမှုနှင့် ရွှေတွင်းများမှဝင်ငွေကို ဆက်လက်ရရှိနေစေပါသည်။

နေရာကွက်၍၊ ယာယီပိတ်သိမ်းခြင်းများလည်း ရှိပါသည်။ ၎င်းမှာ ရွှေမှော်များမှအကောက်အခွန်များကို နယ်စပ်ကုန်သွယ်ရေးတွင် တာဝန်ယူနေကြသော၊ (နအဖ) ဒေသအာဏာပိုင်များက တရုတ်ကုန်သည်များနှင့်ပေါင်းပြီး၊ ကဲ့ထုတ်မသွားစေရန်နှင့် သတ္တုတွင်း ဝန်ကြီးဌာနသို့ တိုက်ရိုက်သေချာဝင်ရောက်လာစေရန်အတွက်၊ ဗဟိုအစိုးရက ဆောင်ရွက်သည့်အခါမျိုးတွင် ဖြစ်ပါသည်။[၂၆]

**ရွှေမှော်များ။ ။ (နအဖ) စစ်အစိုးရထိပ်တန်းခေါင်းဆောင်များအတွက်၊ အမြတ်အစွန်းကြီးသော စီးပွားရေး လုပ်ငန်း**

“ပထမဦးဆုံး ကုမ္ပဏီတစ်ခုထူထောင်ဖို့အတွက် ရှေ့နေတစ်ယောက်ယောက်ရဲ့ ရှေ့မှောက်မှာ ခင်ဗျားလက်မှတ်ထိုးဖို့လိုတယ်။ ပြီးတော့ရွှေတူးဖို့ဆိုတာကိုလည်း ရှင်းအောင်လုပ်ထားရတယ်။ အဲဒါပြီးရင် ခင်ဗျားလုပ်ကွက်ရဖို့ သွားပြီးတင်ပြနိုင်ပြီ။ အရင်ဆုံး ဘယ်သူမှ မဆွဲဖူးသေးတဲ့လုပ်ကွက်တစ်ခုအတွက်၊ လေလံဆွဲတာဖြစ်ရမယ်။ အဲဒီနောက်သတ္တုတွင်းဌာနကို ငွေကျပ် သိန်းတစ်ရာလောက် အနည်းဆုံး ပေးရလိမ့်မယ်။ ဒါပေမယ့် အဲဒီငွေက တရားဝင်လမ်းကြောင်းကနေ သွားတာတော့မဟုတ်ဘူး။ သတ္တုတွင်းဝန်ကြီးကို၊ သူ့ရဲ့ကိုယ်ရေးအရာရှိကတစ်ဆင့် လက်ဆောင်ပေးတာမျိုး ပေးရတာပဲ။

ဝန်ကြီးကို ခင်ဗျားပိုက်ဆံအများကြီးပေးပြီးတာတောင်မှ၊ အလုပ်ဖြစ်ဖို့နဲ့ အဆင်ပြေဖို့အတွက်၊ မြောက်ပိုင်းတိုင်း တိုင်းမှူးကို၊ သူ့ကိုယ်ရေးအရာရှိကတစ်ဆင့် ငွေကျပ်သန်း ၅၀ ကနေ၊ သန်း ၇၀ အထိ ထပ်ပေးရပါဦးမယ်၊ (မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ် အုန်းမြင့်နှင့် သတ္တုတွင်းဝန်ကြီး ဗိုလ်ချုပ်အုန်းမြင့်သည် တစ်ဦးတည်း မဟုတ်ပါ။) ဒါမှပဲ လုပ်ငန်း အဆင်ပြေချောမွေ့မယ်။ နောက်ထပ်ပြီးတော့ အဲဒီကုမ္ပဏီက၊ ကချင်ပြည်နယ် (နအဖ) ရန်ပုံငွေအတွက်၊ ငွေကျပ် သန်း ၃၀၀ ကနေ ကျပ်သန်း ၅၀၀ အထိ မြောက်ပိုင်းတိုင်းမှူးကို ထပ်ပေးကြရပါသေးတယ်။

ဆီး ဆန်း စတားကုမ္ပဏီပိုင်ရှင်က ဝန်ကြီးကို လက်ဆောင်တွေပေးတိုင်း၊ အထွက်ကောင်းတဲ့လုပ်ကွက်တွေ ထပ်ထပ်ရလာလေ့ရှိပါ တယ်။ ဒါပေမယ့် ခင်ဗျားက လူမှားပြီးလက်ဆောင်ပေးမိရင်၊ ဘယ်လောက်ပေးပေး ဘာတစ်ခုမှ ရမှာမဟုတ်ဘူး။ သတိထားဖို့လိုပါ တယ်။

အရင်တုန်းကတော့ ကချင်ပြည်နယ် (နအဖ) အတွင်းရေးမှူး (၁) ဖြစ်တဲ့၊ ဗိုလ်မှူးမောင်မျိုးကို လျှောက်လွှာအတည်ပြုဖို့အတွက် ပေးရတာပဲရှိပါတယ်။ ဒါပေမယ့် ခုတော့ တိုင်းမှူးကအတည်မပြုဘဲနဲ့ ဘာလုပ်ကွက်မှ မရနိုင်ဘူး။ ရွှေလုပ်ကွက်နဲ့ ပတ်သက်တဲ့ကိစ္စအားလုံးကို မြောက်ပိုင်းတိုင်း တိုင်းမှူးကပဲ ထိန်းချုပ်ထားတယ်။”[၂၅] (တွေ့ဆုံမေးမြန်းခြင်းအမှတ်– ဂျီ ၂၆)



# အခန်း ၄

## ရွှေတူးဖော်ရေးလုပ်ငန်းကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများ

ဟူးကောင်းချိုင့်ဝှမ်းရှိ ရွှေတွင်းအများစုမှာ၊ ကုန်းပေါ်တွင် စက်ယန္တယားအသုံးပြုထုတ်လုပ်ခြင်း ဖြစ်သည်။ ဦးစွာ ရွှေထွက်–မထွက်သိရှိ နိုင်ရန်၊ မြစ်ကမ်းများနှင့် အခြားနေရာများကို ရေအားဖြင့်ပြင်းပြင်း ထိုးဖြိုရသည်။ ထို့နောက်မြေသားများကို မှုံစုပ်ပန့်များဖြင့် စုပ်ယူစုဆောင်းပြီး၊ မျောထဲသို့ ဖျော်ချရသည်။ ပြီးနောက် အဆိပ်အတောက်ပြင်းသော ပြဒါးများ အသုံးပြု၍ ရွှေကိုခွဲထုတ်ယူသည်။ ထိုသို့ရွှေမိုင်းမျိုးသည်၊ (၁၀) ပေပတ်လည်အကျယ်ရှိပြီး အနည်းဆုံး လုပ်သား (၃) ဦးကို ငှားထားလေ့ရှိသည်။ အသုံးပြုသည့်စက် အစုံအရေအတွက်ပေါ် မူတည်၍၊ လုပ်သား (၁၀) ဦးထက်ကျော်သော မိုင်းများလည်းရှိသည်။ ထို့နောက် ရွှေမထွက်တော့သောကျင်း ကို၊ ထိုအတိုင်း စွန့်ပစ်ထားရစ်ခဲ့လေ့ရှိသည်။ ကြွင်းကျန်ရစ်သော ဓာတုဗေဒအဆိပ်အတောက်များ၊ မြေလွှာထဲသို့ စိမ့်ဝင်ပြီး၊ ထိုမှ မြစ်ချောင်းများထဲသို့ ယိုစီးထွက်သွားကြသည်။ တွင်းသားများသည် ပြဒါးသုံးလုပ်ကိုင်ရခြင်းကြောင့် ဖြစ်ပေါ်ရသောကျန်းမာရေး ပြဿနာများအပြင်၊ တွင်းပြိုကျနိုင်သည့်အန္တရာယ်နှင့်လည်း ရင်ဆိုင်ကြရသည်။ ဒဏ်ရာရှိသူများသည် အနီးဆုံးကျန်းမာရေးဌာနသို့ ရောက်ရှိဆေးကုသခံနိုင်ရန်၊ လှေဖြင့်အနည်းဆုံး (၁၆) နာရီကြာအောင် သွားကြရသည်။

(နအဖ) စစ်အစိုးရသည်၊ ၎င်းထုတ်ပြန်ထားသော ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများအတိုင်း တင်းကျပ်စွာ ကန့်သတ်ကြပ်မတ်ခြင်းမပြုဘဲ၊ စီးပွားရေးသမားများအား ရွှေအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခွင့်ပြုထားသည်။ (၁၉၉၄) ခုနှစ်၊ မြန်မာနိုင်ငံသယံဇာတများတူးဖော်ထုတ်လုပ်ရေးဥပဒေနှင့် (၁၉၉၅) ခုနှစ်၊ မြန်မာနိုင်ငံသယံဇာတများ တူးဖော်ထုတ် လုပ်ရေးနည်းဥပဒေတို့တွင်၊ စွန့်ပစ်ပစ္စည်း (ပြဒါးအစရှိသည်) များနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ထည့်သွင်းပြင်ဆင်ရေး ဆွဲခြင်းမရှိသေးပါ။ သတ္တုမိုင်းကုမ္ပဏီများကိုလည်း တရားစွဲဆိုအရေးယူခြင်း၊ ဒဏ်ငွေတပ်ရိုက်ခြင်းများ မပြုလုပ်ခဲ့ပါ။ မြန်မာနိုင်ငံ သယံဇာတတူးဖော်ထုတ်လုပ်ရေးဥပဒေတွင်၊ တူးဖော်ထုတ်လုပ်သူ၏ တာဝန်ကိုဖော်ပြထားရာတွင်၊ သတ္တုတွင်းလုပ်ငန်းရှင်များသည် မြေပြန်ဖို့ပေးခြင်း၊ အပင်များ ပြန်လည်စိုက်ပျိုးပေးခြင်း၊ သို့မဟုတ် တူးဖော်ပြီးသောမိုင်းကို ဝန်ကြီးဌာနမှ ကျေနပ်သည်အထိပြန်လည်ပြုပြင်ပေး ခြင်းများ၊ ဆောင်ရွက်ရန်တာဝန်ရှိကြောင်း အတိအကျ ဖော်ပြထားပါသည်။ သို့သော် လျော့တိလျော့ရဲဖွင့်ဆိုထားသော ထိုဥပဒေများကို၊

"ကျနော်တို့ရွာသားတွေက၊ တောထဲ ကမျောက်လွဲကျော်တွေ သီချင်း ဆိုသံ ကြားရင်၊ ရင်ထဲမှာနွေးသွားတာ၊ ခုတော့ သူတို့သီချင်း ဆိုသံကို မကြားနိုင် တော့ ပါဘူး။"(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ၁၆)



ဟူးကောင်းချိုင့်ဝှမ်း တုံမလီရွှေမှော်မှ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု



တုံမလီရွှေမှော်မှ ရွှေထုတ်လုပ်မှုအပြီး သတ်သွားပြီးနောက် ပျက်စီးကျန်ရစ်ခဲ့ သောရွှေလုပ်ကွက်



နမ်ပြူရွှေတောမှ ရေထုညစ်ညမ်းမှုနှင့် ရေလမ်းကြောင်းပြောင်းသွားသော ချောင်းကလေး

လိုက်နာစေရန်ကြပ်မတ်ဆောင်ရွက်ခြင်း၊ သို့မဟုတ် နစ်နာရမှုများအတွက် တရားစွဲဆိုတိုင်တန်းခြင်းများ ဆောင်ရွက်ရန် စနစ်တကျ ဖွဲ့စည်းထားမှု မရှိပါ။ ထို့အပြင် လောလောဆယ် မြန်မာနိုင်ငံတွင်၊ ပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ခြင်းများပြုလုပ်ရန် တရားဝင်ပြဋ္ဌာန်းထားချက်များ မရှိသေးပါ။ ထို့ကြောင့် ရွှေတူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများကို အကဲဖြတ်သည့် စည်းစနစ်၊ ဖွဲ့စည်းပုံများလည်း မရှိချေ။[၂၆]

*“အရင်တုန်းက ရွှေတူးတယ်ဆိုတာ အနည်းအကျဉ်းလောက်လုပ်ကြတာ။ ဘာရောဂါဆန်းမှလည်း မဖြစ်ဖူးကြပါဘူး။ ရောဂါ ကာကွယ်ဖို့၊ ကုသဖို့ အတွက် ပရဆေးပင်တွေ အလွယ်လေးနဲ့ ရှာလို့ရတယ်။ အခုတော့ ဆေးဖက်ဝင် သစ်မြစ်တွေ၊ နွယ်ပင်တွေရှာဖို့ မလွယ်တော့ဘူး။”* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ၁၆)

ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အကဲဖြတ်မှုပြဋ္ဌာန်းချက်များမရှိခြင်း၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေးဥပဒေတွင် အားနည်းမျာ းရှိနေ ခြင်းနှင့် ဥပဒေစည်းမျဉ်းများ လိုက်နာစေရန် ကြပ်မတ်ပေးသည့် အဖွဲ့အစည်းများမရှိခြင်းတို့ကြောင့်၊ ကချင်ပြည်နယ် တလွှားတွင် အပင်နှင့်သက်ရှိ မျိုးစိတ်ရှင်သန်ရာနေရာများ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေပါသည်။ (နောက် ထပ်ဘေးမဲ့တောတစ်ခုကို ဖျက်ဆီးခံရခြင်း အကွက်တွင် ကြည့်ပါ။) သစ်ပင်၊ သစ်တောများအပါအဝင်၊ ကုန်းမြေများသည် ဟိုက်ဒြောလစ်နည်းနှင့် ကျင်းတူး၊ ရွှေထုတ်လုပ်များကြောင့် တပြိုင်နက်တည်း ပျက်စီးကြရပါသည်။ ကျင်းတူး၍ ရွှေထုတ်လုပ်ခြင်းသည် မြေ သားအတွင်းရှိ၊ မြေဆီလွှာကို ပျက်စီးစေပြီး၊ ပေ (၂၀) အထိရှည်လျားပြီး၊ (၁၀) ပေအနက်ရှိသော လိုဏ်ကျင်းများ သပွတ်အူဖြစ် ကျန်ရစ်စေပါသည်။ ဟိုက်ဒြောလစ်ရွှေထုတ်လုပ်မှုကလည်း၊ မြေဆီလွှာကို ဖြိုခွဲဖျက်ဆီးပစ်ပြီး၊ ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်စေပါသည်။ ပြဒါးဆိပ်သင့်နေသော ကျောက်ခဲများနှင့် မြေလွှာများအပါအဝင်၊ ရွှေတောမှ စွန့်ထုတ်လိုက်သော အကြွင်းအကျန်များသည်၊ မြေပေါ်တွင် ပရမ်းပတာပြန့်ကျဲကျန်ရစ်နေပါတော့သည်။ ထိုနေရာများတွင် အလေ့ကျပေါက်ရောက်လေ့ရှိသော အပင်များအပါအဝင်၊ စားကျက်မြေများနှင့် တိရိစ္ဆာန်များ ကျက်စားနေထိုင်ရာ နေရာများလည်း အဖျက်ဆီးခံကြရပါသည်။ ရွှေတူးဖော်ထုတ်လုပ်မှုကြောင့်၊ အထိုင်ဖျက်ခံရသော သတ္တဝါများအနက် ထင်ရှားသောသက်သေတစ်ခုမှာ၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် တစ်ချိန်က တွေ့မြင်နေကျ ဖြစ်သော မျောက်လွှဲကျော်မျိုးများ၊ ယနေ့အခါ မျိုးတုံးရှားပါးသွားခြင်းပင် ဖြစ်ပါသည်။

သယံဇာတတူးဖော်ထုတ်လုပ်မှုဥပဒေတွင်၊ ပြဋ္ဌာန်းထားသော်လည်း၊ မြန်မာနိုင်ငံတွင် မြေအစားပြန်လျော်ပေးသည့် အမှုမျိုး အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိရသေးပါ။ မှတ်တမ်းခေတ်ပုံများအရ၊ ကချင်များနှင့် အခြားသောတိုင်းရင်းသားများနေထိုင်ကြသည့်နယ်မြေများတွင်၊ မြေပျက်စီးဆုံးရှုံးရမှုများအတွက် လျော်ကြေးပေးသည့် အထောက်အထားများ မရှိကြောင်း သက်သေပြနေပါသည်။[၂၇] စွန့်ပစ်ပစ္စည်းများကြောင့်၊ ဆေးဖက်ဝင်အပင်များလည်း ပေါက်ရောက်ရှင်သန်နိုင်ချင်း မရှိတော့ချေ။

*“ဆုံးရှုံးသွားတာက အဲဒါပါပဲ။ အရင်တုန်း ဒုက္ခတွေကြားထဲကနေ ဒီမြေကို ကာကွယ်စောင့်ရှောက်လာခဲ့တဲ့ ကျနော်တို့တတွေက ဘာမှမရလိုက်ကြပါဘူး။ ကျနော်တို့ မြေတွေ ပျက်စီးကုန်ပါပြီ။ အသီးအနှံပင်တွေနဲ့ သစ်ပင်တွေလည်း မရှိတော့ပါဘူး။ ငါးဖမ်းစရာ နေရာလည်း မရှိတော့ပါဘူး။ ချောင်းတွေ၊ မြောင်းတွေ၊ ကန်တွေလည်း ပျက်စီးကုန်ပါပြီ။ ငါးလည်းဖမ်းလို့ မရတော့ဘူး၊ ကျနော်တို့ မွေးထားတဲ့ ကြက်တွေ၊ ဝက်တွေလည်း မရောင်းနိုင်ကြတော့ပါဘူး။”* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ၂၁)

ရွှေတူးထုတ်လုပ်မှုသည် ပြန်လည်ပြင်ဆင်ရန်မဖြစ်နိုင်တော့သော၊ မြစ်ကြောင်းစနစ်ပြောင်းလည်းပျက်စီးမှု များကို ဖြစ်ပေါ်စေပါ သည်။ မြစ်ကြောင်းပြောင်းလဲမှုများဖြစ်ပေါ်ပြီး၊ ငါးနှင့် ရေသတ္တဝါများဖြစ်ကြသော ဖား၊ လိပ်၊ ခရုနှင့် ကမာကောင်များ ရှင်သန်ပေါက်ပွား နိုင်သည့် နေရာများ အနည်းအကျဉ်းသာ ကျန်ရစ်စေပါတော့သည်။ ထိုကွန်းခိုပေါက်ဖွားရာနေရာများ လျော့နည်းကျဆင်းလာမှု ကြောင့်၊ ဤသတ္တဝါများလည်း အရေအတွက်တဖြည်းဖြည်းချင်း လျော့နည်းလာနေပါသည်။ ကချင်ဒေသလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (Pan Kachin

Development Society) ၏၊ အစီရင်ခံစာတစ်စောင်တွင်၊ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> ရွှေတူးဖော်ခြင်းများကြောင့်၊ ဆိုးကျိုးသက်ရောက်ခံရသော မြစ်ကြောင်းများ တလျှောက်တွင်၊ ဖွဲ့စည်းပုံစနစ်အရ လုံးဝပြောင်းလဲမှု ဖြစ်ပေါ်စေခဲ့သည်။ ဖြုံးစုပ်ခြင်းကြောင့်၊ မြစ်ကြောင်းအတွင်း အနယ်ထိုင်ပိတ်ဆို့ခြင်းနှင့် စွန့်ပစ်ထားသော ကျောက်ခဲ ကျောက်တုံးများ မြစ်ရေစီး ကြောင်းအတွင်း စုပုံကျန်ရစ်စေခဲ့သည်။ ကုန်းတွင်း တွင်းတူးရွှေတူးဖော်ထုတ်လုပ်မှုကြောင့်၊ မြေလွှာတိုက်စားမှုများ ဖြစ်ပေါ်စေပြီး၊ မြေသားများ မြစ်များနှင့် ချောင်းများ အတွင်းစီးဆင်းကြသောကြောင့်၊ မြစ်အတွင်း အနယ်ထိုင်ကာ မြစ်ကြောင်း ပိတ်ဆို့မှု ဖြစ်ပေါ်စေ သည်။ အခြေခံကျသော ပြောင်းလဲမှုများ ဖြစ်သည့်၊ မြစ်ကြမ်းပြင်ရွှေ့ လျားပြောင်းလဲမှု၊ ရာသီအလိုက် မြစ်ရေပြင်အနိမ့်အမြင့် ပြောင်းလဲဖြစ်ပေါ်မှုများ၊ ရေအောက်အနယ်အနှစ်များ ရွှေ့လျား မှု၊ မြစ်ကမ်းပါးပြိုပျက်မှု များအကြောင်းကို တွေ့ဆုံမေးမြန်းသူအများစုက ဖော်ပြပြောဆိုခဲ့ ကြသည်။ တမံတုတ်မျောတိုက် သည့်နည်းနှင့် ဟိုက်ဒြောလစ်နည်းများသည်၊ မြစ်ထဲမှ ရေပမာဏအမြောက်အမြားကို လွှဲယူအသုံးပြုရသည်။ ထိုကဲ့သို့မြစ်ကြောင်းစနစ်၏သဘာဝကို ထိခိုက်စေမှုများသည် ရေလွှမ်းမိုးမှုအန္တရာယ်ကို ပို၍ ဖြစ်ပေါ်စေပါသည်။[၂၈]

ကချင်ဘာသာဖြင့်ထုတ်ဝေသော စာစောင်တစ်ခုတွင်၊ မကြာသေးမီကဖြစ်ပေါ်ခဲ့သော ထူးထူးခြားခြားရေကြီးမှု အကြောင်းကို ဥပမာ အဖြစ် ဖော်ပြထားပါသည်။

> (၂၀၀၄) ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့၊ နံနက် (၂) နာရီတွင် ကပ်ဒွပ်ချောင်းတွင် ရုတ်တရက်ရေလျှံခဲ့ပါသည်။ ကပ်ဒွပ် ချောင်းသည် ထိုဒေသတွင်၊ ရွှေအထွက်ဆုံးဒေသဖြစ်သည်။ များသောအားဖြင့် နွေရာသီတွင်သာ ရွှေတူးလေ့ရှိကြပါသည်။ ရွှေတူးစက်များကို ကမ်းပေါ်တွင်တပ်ဆင်ထားပြီး၊ လူများငှားကာ အစောင့်ထားလေ့ရှိသည်။ ကြမ္မာဆိုးဝင်သော ထိုညတွင် အစောင့် (၁၀) ယောက်နှင့်အတူ၊ စက်အားလုံးကို ရုတ်တရက်တက်လာသော ချောင်းရေကတိုက်ချသွားခဲ့သည်။ အလောင်း (၄) လောင်းကိုသာ ပြန်လည်ဆယ်ယူရရှိသည်။[၂၉]

ဝေလံခေါင်ဖျားဒေသအတွင်းသို့၊ လူအများအပြား ပြောင်းရွှေ့ဝင်ရောက်လာခြင်းသည်လည်း၊ သဘာဝပတ်ဝန်းကျင်အတွက် ထိခိုက်ပျက်စီးမှု ဖြစ်စေပါသည်။ လူအများစုသည်၊ လူအများက စားသောက်ရန်တောထွက်ပစ္စည်းများနှင့် ငါးဖမ်းခြင်းများ ပို၍လုပ်ဆောင်လာကြပါ သည်။ လူအများက ပလတ်စတစ်အိပ်များနှင့် ခွက်များကို၊ အစားအသောက်များနှင့် အခြားပစ္စည်းများထုတ်ပိုးရန်အတွက် အသုံးပြု ကြပါသည်။ ၎င်းတို့ကို ရေကြောင်းများအပါအဝင်၊ နေရာတိုင်းတွင် ပစ်စလက်ခတ်စွန့်ပစ်ထားခဲ့ကြပါသည်။ မြေဆီလွှာများအောက် တွင် ရောက်ရှိနေသော ပလတ်စတစ်များသည်၊ မြစ်ကမ်းပါးများကို ညစ်နွမ်းပျက်စီးစေပါသည်။

## နောက်ထပ်ဘေးမဲ့တောတစ်ခုလုယက်ဖျက်ဆီးခံရခြင်း

(နအဖ) စစ်အစိုးရသည် ဟူးကောင်းချိုင့်ဝှမ်းဒေသအပြင်၊ အာဆီယံ၏ ထိန်းသိမ်းစောင့်ရှောက်ရမည့် အမွေအနှစ်ဒေသတစ်ခုအဖြစ်၊ အရှေ့တောင်အာရှ၏ ရေးအကျယ်ဆုံးရေကန်ကြီးလည်းဖြစ်သော၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်တဝိုက်တွင်လည်း၊ လုပ်ငန်းများ ကို ခွင့်ပြုချပေးခဲ့သည်။ မကြာသေးမီကပုံနှိပ်ဖော်ပြခဲ့သော၊ ဆောင်းပါးတစ်ပုဒ်တွင် ထိုဒေသနှင့်ပတ်သက်၍၊ “စစ်အစိုးရသည်၊ အင်းတော်ကြီးကန်ပတ်လည်ရှိ၊ တောင်ကုန်းများပေါ်မှ သစ်တောများတွင်၊ သစ်ထုတ်လုပ်နေသည်ကိုမသိကျိုးကျွံပြုထားခဲ့သည်။ ဤတောများသည်၊ အကျယ်အဝန်းအားဖြင့် ဧရိယာမိုင် (၃၀၀) ပတ်လည်မျှရှိမည့်၊ ဘေးမဲ့တော၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထို့အပြင် ရွှေတူးဖော်ခြင်းလုပ်ငန်းများကိုလည်း တိုးချဲ့ခွင့်ပြုခဲ့သည်။ ထို့အပြင် ကန်၏တစိတ်တဒေသတွင်လည်း၊ သဘောရှိငါးဖမ်းနေ သော ကုမ္ပဏီကြီးများကို၊ အကွက်ရိုက်ပြီး ငါးဖမ်းခွင့်လိုင်စင်များ လေလံတင်ချပေးခဲ့သည်။ အကန့်အသတ်မရှိ ငါးဖမ်းနေမှုများကို လည်းအရေးမယူခဲ့ချေ။”ဟုရှင်းလင်းရေးသားထားသည်။[၃၀]

ဆက်လက်ပြီးထိုဆောင်းပါးတွင်၊

“အဓိကပြဿနာမှာ၊ အမြတ်မြန်မြန်ပေါ်မည့် မည်သည့်သဘာဝအရင်းအမြစ်မျိုးကိုမဆို အမြတ်ထုတ်ရန်အတွက် လက်တစ်ဆုပ်စာ စီးပွားရေးသမားတစ်စုအား၊ လေလံပစ်ပြီး လုပ်ကိုင်ခွင့်ချပေးနေသော၊ ဒေသဆိုင်ရာအာဏာပိုင်များ၏ လွဲမှားသောစီမံခန့်ခွဲမှုများ သာ ဖြစ်သည်ဟု၊ ရပ်ရွာလူမှုရေးလုပ်သားတစ်ဦးက စွပ်စွဲပြောဆိုသွားပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး၊ အဆိုးရွားဆုံးဥပမာမှာ၊ အာဏာပိုင်များက လေလံတင်ခွင့်ပြုခဲ့သော ရွှေထုတ်လုပ်ရေးလုပ်ကွက်များပင်ဖြစ်သည်။ ကချင်ပြည်နယ်သည် ရွှေထွက်ရာဒေသအဖြစ် လူသိများသော်လည်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကမူ၊ အင်းတော်ကြီးအနီးတွင် ရွှေလုပ်ကွက်များ၊ များပြားလာခြင်းကြောင့် ပတ်ဝန်းကျင်ညစ်နွမ်းမှုကို ဖြစ်ပေါ်စေခဲ့သည်ဟုဆိုကြသည်။ … … …

နေ့သင်းစတားနှင့် ဆီး ဆန်းစတားကုမ္ပဏီတို့သည်၊ ကချင်ပြည်နယ်တွင်လုပ်ကိုင်နေကြသော ကုမ္ပဏီ(၁၀) ခု အနက် အကြီးဆုံး လုပ်ငန်းရှင်များ ဖြစ်ကြသည်။ … အင်းတော်ကြီးဒေသတွင် တစ်နှစ်မှ (၃) နှစ်အထိလုပ်ကိုင်ခွင့်ရှိသော၊ လုပ်ကွက်ကြီးများကိုလည်း ရရှိထားကြသည်။ ထိုလုပ်ကိုင်ခွင့်များတွင် ရွှေတူးဖော်ထုတ်လုပ်ခွင့်နှင့် ၎င်းတို့ရရှိထားသော လုပ်ကွက်များနှင့် ဆက်စပ်နေ သော၊ အင်းတော်ကြီးအတွင်းသို့စီးဝင်သည့် အင်းတော်ချောင်းတလျှောက်ရှိ လုပ်ကွက်များကို အကွက်ရိုက်ပြီး၊ ရွှေထုတ်လုပ်ခွင့် များ ပြန်လည်ရောင်းချခွင့်ရှိနေသည်။

မြန်မာနိုင်ငံသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ဦးတည်၍၊ နိုင်ငံပေါင်း (၁၅၀) ကျော်မှ ကိုယ်စားလှယ်များ ပါဝင်လက်မှတ်ရေးထိုးထားသော၊ ဇီဝရုက္ခမျိုးကွဲများထိန်းသိမ်းရေးဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို၊ လက်မှတ်ရေးထိုးထား သော နိုင်ငံဖြစ်သည်။ ထိုပဋိညာဉ်စာတမ်းတွင်၊ “ဤသဘောတူညီချက်သည် ဇီဝရုက္ခမျိုးကွဲများထိန်းညှိမှုကို၊ အပင်များ၊ သတ္တဝါများ၊ ပရမာဏုမြူရုပ်များနှင့် ၎င်းတို့ရှင်သန်ကျက်စားသည့်၊ ဂေဟစနစ်များမျှသာမဟုတ်ဘဲ၊ ပြည်သူလူထုများနှင့် ကျွန်ုပ်တို့အတွက်စားရေရိက္ခာဖူလုံရေး၊ ဆေးဝါး၊ လေကောင်းလေသန့်နှင့် သောက်သုံးရေသန့် ရရှိရေး၊ အမိုးအကာနှင့် ကျွန်ုပ်တို့နေထိုင်ကြသည့် ပတ်ဝန်း ကျင် သန့်ရှင်းမှုနှင့်ကျန်းမာရေးနှင့်ညီညွတ်မှုတို့နှင့် ဆက်နွယ်နေသည့်ကိစ္စအဖြစ် မှတ်ယူသည်။”ဟု ဖော်ပြထားပါသည်။

ပြီးခဲ့သည့်နှစ်၊ မေလတွင်လည်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ဇီဝရုက္ခမျိုးကွဲများလုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ သဘောတူညီချက် စာချုပ် မူကြမ်းကို လက်မှတ်ရေးထိုးအတည်ပြုခဲ့ပါသည်။ ထိုစာချုပ်သည် “ဇီဝသက်ရှိအစုအစည်းများ အစုလိုက်အပြုံလိုက်၊ ထိခိုက် ဆုံးရှုံးမှုမှ ကာကွယ်ရေးနှင့် ဂေဟစေနစ်နှင့် လူသားတို့ကျန်းမာရေးတို့အပေါ်တွင်ပါ အဓိကထားသော” သဘောတူညီချက် စာချုပ် ဖြစ်ပါသည်။

ထိုပြဋ္ဌာန်းချက်များသည်၊ အင်းတော်ကြီးပတ်လည်တွင် နေထိုင်ကြသူများအတွက် များစွာအဓိပ္ပါယ် မရှိနိုင်သေးပါ။ သို့သော်လည်း၊ ထိုသူများသည်၊ ၎င်းသဘောတူစာချုပ်ပါ၊ ပြဋ္ဌာန်းချက်များက ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်သော ပြည်သူများပင်ဖြစ်ပါ သည်။ “ကျနော် ‘လပိငါး’ကို နောက်ဆုံးစားခဲ့ရတာ၊ နှစ်ပေါင်းများစွာ ကြာလှပေါ့”ဟု၊ ခွန်ဘူက နာကျည်းစွာ ပြောပါသည်။ သူပြော သော ‘လပိငါး’မှာ၊ အင်းတော်ကြီးဒေသထွက် အရသာရှိသောငါးမျိုးရင်းဖြစ်ပြီး၊ အင်းတစ်ဝိုက်နေထိုင်ကြသူများအတွက် အဓိကစား မြိန်ဟင်းလျာ ဖြစ်ခဲ့ပါသည်။ ထိုငါးကို မမြင်တွေ့ကြရတော့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါသည်။

## ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့်ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများ

*ရွှေတွင်းမတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ*

ရွှေတူးခြင်းသည်၊ အလွန်အန္တရာယ်များသော လုပ်ငန်းဖြစ်သည်။ တုံမလိရွှေမှော်မှ ဆရာဝန်တစ်ဦးက ပြောပြရာတွင်၊ မတော်တဆဖြစ်မှုများကြောင့် အရိုးကျိုးသူများ၊ ခေါင်းကွဲသူများကို ဆေးကုသပေးခဲ့ရသည်ဟု ဆိုပါသည်။ ထိုမတော်တဆဖြစ်မှုများသည် အများအားဖြင့် မြေပြိုခြင်းကြောင့် ဖြစ်ရခြင်း ဖြစ်သည်။ တွင်းပြိုခြင်းကြောင့် သေဆုံးသူများလည်း ရှိသည်။

၂၀၀၅ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင်၊ ၂၅ နှစ်အရွယ်ရှိ ရှမ်းလူမျိုးအလုပ်သမားတစ်ဦး၊ ညဆိုင်း၌၊ တွင်းအောက်သို့ဆင်း၍ ပိုက် တစ်ချောင်း၏ ဘီလူးခေါင်းကိုလဲလှယ်တပ်ဆင်နေစဉ် မြေပြို၍ ၎င်း၏ဦးခေါင်း၏အထက် နှစ်ပေခန့် မြုပ်သွားခဲ့ပါသည်။ သူကပြန်ပြော ပြရာတွင်–

"*သဲတွေက ကျနော့မျက်လုံးနှစ်ဖက်စလုံးထဲကို ဝင်လာတာ၊ သွေးကြောတွေ အကုန်ပေါက်ကုန်ပြီ ထင်တာပဲပဲ၊ အင်မတန်နာတယ်။ ကျနော်လမ်းလျှောက်လို့ မရတော့ဘူး။ ရွှေမှော်ထဲမှာလည်း ဆေးကုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ မြစ်ကြီးနားသွားပြီး ကျနော့ အနာကို ကုရဦးမယ်။*" (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ၉)

ရေအောက်တွင် အလုပ်လုပ်နေကြရသော၊ ရေငုပ်သမားများသည်လည်း၊ ပြင်းထန်သော ရေစီး၏ ဆွဲချမှုကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ပြီးစုပ်ရာမှ ကွဲထွက်လွင့်စင်လာသော ကျောက်တုံးကျောက်ခဲများ ထိမှန်ခြင်းကြောင့်သော်လည်းကောင်း၊ ရေနစ်သေဆုံး တတ်ကြသည်။

"*၂၀၀၅ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့မှာ၊ မြေပြိုလို့ တွင်းအောက်မှာ အလုပ်လုပ်နေတဲ့တွင်းသားနှစ်ယောက် အရှင်လတ်လတ် မြေမြှုပ်သလို ဖြစ်သွားပါတယ်။ သူတို့ခေါင်းတွေနဲ့ ကျောကုန်းတွေကို ကျောက်ခဲတွေမှန်ပြီး၊ မြေကြီးထဲ မြုပ်သွားကြတယ်။ လူတစ်ယောက် ခေါင်းထဲမှာ ခဲတစ်လုံးစိုက်ဝင်နေတယ်။ သူတို့ခြေလက်တွေအားလုံး ကျိုးကြေသွားတယ်။*" (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ဖ)

*အဆိပ်သင့်ညစ်ညမ်းမှုများနှင့် ရောဂါပိုးပြန့်နှံ့ခြင်း*

မြစ်ချောင်းများသည် စွန့်ပစ်ဓာတုပစ္စည်းများနှင့် လောင်စာဆီကျန်များကြောင့်၊ ရေထုညစ်ညမ်းမှုဖြစ်ပေါ်ပြီး အစိမ်းပုပ်ရောင်၊ နီဝါ ရောင်ပေါက်လာခြင်း၊ သို့မဟုတ် ပုပ်သိုးနံစော်လာခြင်းများ ဖြစ်ပေါ်လာသည်။ ရွှေတွင်းလုပ်သားများသည် ညစ်ညမ်းနေသောရေ တွင် အလုပ်လုပ်နေကြရရုံမျှမက၊ သောက်သုံးရေအဖြစ်လည်း အသုံးပြုနေကြရသည်။ လူများသည် ညစ်ပတ်ပြီး အန္တရာယ်များသော ထိုရေထဲတွင် အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းများပြုလုပ်နေကြရပြီး၊ ကလေးများက ထိုချောင်းရေတွင် ဆော့ကစားနေကြပါသည်။

ရွှေတောတွင် မည့်ိုးပင်နှင့် မြင်းခွါရွက်များကို ညစ်ပတ်နေသော ရေကန်များနှင့် စွန့်ပစ်ထားသောကျောက်ခဲများကြားတွင် စိုက်ပျိုးကြ သည်။ ဂေါ်ဖီထုပ်၊ မုန်လာဉနီ၊ ရွှေဖရုံသီး၊ သခွါးသီး၊ မုန်ညင်း၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ အာလူး၊ ကန်စွန်းဥနှင့် အခြားအသီး အရွက်အမျိုးအစားများစွာကို ထိုညစ်ပတ်ပေရေနေသော မြေတွင်စိုက်ပျိုးရောင်းချကြသည်။ အလုပ်သမားများသည် ငါး၊ ခရုနှင့် အခြားရေသတ္တဝါများကို ထိုမြစ်ချောင်းမှဖမ်းယူပြီး ရောင်းချစားသောက်ကြသည်။ ရွှေတောရှိ တောရိုင်းတိရိစ္ဆာန်များနှင့် အိမ်မွေး တိရိစ္ဆာန်များလည်း၊ ထိုရေပုပ်များကို သောက်သုံး



တုံမလီချောင်းတွင်
အဝတ်လျှော်ရေချိုးနေကြသော
အမျိုးသမီးများနှင့်ကလေးငယ်များ



တုံမလီချောင်းတစ်ကြောရှိ
မြစ်ကမ်းပါးကွင်းပြင်
ဤနေရာအထက်တွင်
ရွှေကျင်းများစွာရှိသည်။



ရွှေမှော်အနီးပတ်ဝန်းကျင်ရှိ
မြစ်ချောင်းများမှ ငါးများသည် ပြ ဒါးဆိပ်
သင့်ခံရဖွယ်ရှိသည်။ ထိုတံငါသည်
များသည် ၎င်းတို့ ဖမ်းမိလာသောငါး
များကို တုံမလီရွှေမှော်တွင် သွားရောက်
ရောင်းချကြသည်။

တိုက်ကျွေးမွေးမြူးကြပြီး ဖမ်းဆီးစားသောက်ကြပြန်သည်။ ပြဒါးသည် သက်တမ်း အဆက်ဆက်စုပုံတတ်သော အဆိပ်အတောက်ဖြစ်သဖြင့်၊ ထိုသူများ စားသောက်နေကြသော ပြဒါးဆိပ်သင့်ငါးများနှင့် သတ္တဝါများသည်လည်း၊ အဆိပ်အတောက်သင့် အစားအစာများ ဖြစ်နေတော့သည်။

ကချင်ပြည်နယ်တွင် ပြဒါးအပြင် ပိုမိုအဆိပ်ပြင်းသော ဆိုင်ယာနိုက်များကိုလည်း ရွှေထုတ်လုပ်ရာတွင် အသုံးပြုကြသေးသည်။ [၁၃] ယနေ့အထိ ဟူးကောင်းချိုင့်ဝှမ်းတွင် ဆိုင်ယာနိုက်အသုံးပြုခြင်းကို တားမြစ်ထားသော်လည်း ရွှေထွက်ရှိနိုင်သော အရင်းအမြစ်များရှားပါး လာနိုင်သောနောင်ကာလများတွင်၊ ပိုမိုသုံးစွဲကောင်းသုံးစွဲ လာနိုင်ပါသည်။

ဆိုးရွားလှသောလုပ်ငန်းခွင်အခြေအနေနှင့် နိမ့်ကျလွန်းသော အခြေခံလူနေမှုပတ်ဝန်းကျင်သည်လည်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို အထောက်အကူဖြစ်နေစေပါသည်။ အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ငှက်ဖျားနှင့် တိုက်ဖွိုက်ရောဂါများ အဖြစ်များသည်။ ထို ရောဂါများသည် ခြင်ထောင်မလုံလောက်ခြင်း၊ ရွှေတွင်းများကြောင့် ဖြစ်ပေါ်လာသော ချိုင့်ကျင်းများတွင် ရေကန်ငယ်များအဖြစ် ကြွင်း ကျန်ရစ်ခြင်း၊ ညဆိုင်းအလုပ်ဆင်းရခြင်းနှင့် အလုပ်ချိန်နာရီကြာမြင့်ခြင်း၊ မသန့်ရှင်းသောရေကိုသောက်သုံးရခြင်းတို့ကြောင့် ဖြစ်ပေါ် လာသော ရောဂါများဖြစ်ပါသည်။

စီးပွားရေးကုမ္ပဏီများနှင့် အာဏာပိုင်များသည် ရေထုညစ်ညမ်းမှု ကာကွယ်ရန်အတွက် စည်းမျဉ်းများ ချမှတ်ထားခြင်း မရှိကြပါ။ ရောဂါကြိုတင်ကာကွယ်ရေးနှင့် လူထုကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကို ကျန်းမာရေးဌာနမှ ဆရာဝန်များနှင့် အစိုးရအရာရှိများကလည်း၊ဒေသနေပြည်သူများအတွက် ဦးတည်ဆောင်ရွက်ပေးခြင်း မရှိကြပါ။

*ကျန်းမာရေးပြုစုစောင့်ရှောက်မှုမလုံလောက်ခြင်း*

ရွှေမှော်များတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုမလုံလောက်ခြင်းသည်၊ ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးသော ပြည်သူများ ၏ အခြေအနေကို ပိုမိုဆိုးရွားစေပါသည်။ မတော်တဆဖြစ်မှုများနှင့် ထိခိုက်ဒဏ်ရာရမှုများဖြစ်ပွါးသောအခါ ကုသမှုညံ့ဖျင်းခြင်းနှင့် ပုဂ္ဂလိကဆေးခန်းများတွင် ဆေးဝါးမလုံလောက်မှုများကြောင့် ရွှေတွင်းအလုပ်သမားအများအပြား၊ မသေသင့်ဘဲ သေဆုံးကြရသည်။ သေဆုံးသူများအတွက် တစ်ခါတစ်ရံ ရွှေတွင်းပိုင်ရှင်များက၊ သေသူ၏မိသားစုသို့ ငွေကြေးအနည်းအကျဉ်းဖြင့် လျော်ကြေးပေးလေ့ ရှိသော်လည်း၊ များသောအားဖြင့် လျော်ကြေးမရသူက များပါသည်။ ထိခိုက် ဒဏ် ရာရသောအခါတွင်လည်း၊ အချို့အလုပ်ရှင်များက သေချာစွာ ကုသပေးကြသော်လည်း၊ အချို့ကမူ ကုသမပေးကြပါ။

**ပြဒါးဆိပ်သင့်ခြင်း**

ပြဒါးခိုးများ ရှူရှိုက်မိခြင်းနှင့် တိုက်ရိုက်ထိကိုင်ခြင်းများသည်၊ ဆိုးရွားလှသော ဦးနှောက်နှင့် အာရုံကြောပြဿနာနှင့် ကျောက်ကပ် ပျက်စီးခြင်း များကို ဖြစ်ပေါ်စေပြီး၊ ဆီးလမ်းကြောင်းနှင့် အစာအိမ်လမ်းကြောင်းကို ထိခိုက်ပျက်စီးစေပါသည်။ ပြဒါးသည် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ပြန်လည်ကုစား၍မရတော့လောက်အောင် ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ဥပမာအားဖြင့် လှုပ်ရှားမှုများကို မထိန်းချုပ်နိုင်ခြင်း၊ ခြေလက်အင်္ဂါ ထုံထိုင်းခြင်း၊ မျက်စိကန်းခြင်းနှင့် စကားမပြောနိုင်ဖြစ်လာခြင်း စသည့် ဆိုးကျိုးများဖြစ်ပါသည်။ ပြဒါးသည် ဗဟိုအာရုံကြောစနစ်၊ သွေးလည်ပတ်စီးဆင်းမှုစနစ်ကို ထိခိုက်စေပြီး ပါးစပ်၊ သွားနှင့်သွားဖုံးတို့ကို ပြန်လည်ကုစားမရနိုင် တော့လောက်အောင် ပျက်စီးစေပါသည်။ ထိုရောဂါများသည် မိခင်မှတစ်ဆင့်၊ ကိုယ်ဝန်ဆောင်ကလေးသို့ကူးစက်တတ်ပြီး၊ ဦးနှောက်ပျက်စီးခြင်းနှင့် မွေးကင်းစကလေးတွင် ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ ဖြစ်ပေါ်စေပါသည်။

ပြဒါးသည် သက်ရှိများ၊ ခန္ဓာကိုယ်အတွင်း၌ တစ်ဆက်ပြီးတစ်ဆက် တစ်ဖြည်းဖြည်းချင်း စုပုံတတ်သောသဘောရှိသည့် ဓာတုဗေဒ ပစ္စည်းလည်းဖြစ်ပါသည်။ အစားအသောက်များမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းတွင် ပမာဏပိုမိုများပြားလာတတ်ပါသည်။ ဥပမာအား ဖြင့် ပြဒါးဆိပ်သင့်ထားသော၊ ငါးကိုစားမိလျှင် စားမိသူသည် ၎င်းကိုယ်တိုင် ပြဒါးကိုကိုင်တွယ်ထားရသဖြင့်၊ ပြဒါးဆိပ်သင့်ခြင်းထက် ပိုမိုပြင်းထန်စွာ ပြဒါးဆိပ်သင့်စေပါတော့သည်။ ကိုလံဘီယာတက္ကသိုလ်၊ ပုံနှိပ်တိုက်မှ ထုတ်ဝေသော စွယ်စုံကျမ်းပါ အချက်အလက် များကို **www.answers.com** တွင် ရရှိနိုင်ပါသည်။

လေ့လာမှုတစ်ခုတွင်၊ (KDNG) က၊ တုံမလိရွှေမှော်ဒေသတွင် ဆေးခန်းဖွင့်ထားသော ဆရာဝန် (၅) ယောက်ကို တွေ့ဆုံခွင့်ရ ခဲ့ပါသည်။ ဒေသခံများက ထိုဆရာဝန်များသည် ဆေးကောင်းကောင်းမကုတတ်ကြသည့်အပြင်၊ ဈေးလည်းအလွန်ကြီးသည်ဟု ဆိုကြ သည်။ ထိုဆရာဝန်များသည် ၎င်းတို့၏ဆေးကုသခွင့် အထောက်အထားကိုလည်း၊ မြင်သာအောင်ပြသမထားသဖြင့်၊ အမှန်တကယ် ဆရာဝန် ဖြစ်–မဖြစ်ဆိုသည်မှာ အငြင်းပွါးဖွယ် ဖြစ်နေရသည်။ ပုဂ္ဂလိကဆေးဆိုင်အချို့ရှိနေသော်လည်း၊ ဆေးရုံ ဆေးခန်းဟူ၍ မရှိပါ။ တနိုင်းမြို့တွင် ပြည်သူ့ဆေးရုံတစ်ရုံရှိသော်လည်း၊ တုံမလိရွှေမှော်မှ ဆေးရုံသို့ရောက်ရှိရန် လှေဖြင့် (၁၆) နာရီကြာ သွားကြရပါ သည်။ ကားဖြင့်သွားရန် မဖြစ်နိုင်ပါ။[၃၂] တနိုင်းဆေးရုံကို အစိုးရကဖွင့်လှစ်ထားခြင်းဖြစ်ပြီး ရောဂါကြီးလျှင် ကုသပေးနိုင်ခြင်းမရှိတော့ပါ။ တနိုင်းဆေးရုံ မှကုမပေးနိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာကြီးသူများနှင့် ရောဂါအသည်းအသန်ဖြစ်သူများသည် မြစ်ကြီးနားမြို့ ပြည်သူ့ ဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူကြရသည်။ တနိုင်းမှမြစ်ကြီးနားသို့ ကားဖြင့် (၆) နာရီကြာသွားရပြီး၊ ကာယကံရှင်များသည် ပုဂ္ဂလိက သီးသန့်ကားငှားသွားရန်အတွက်၊ ငွေကြေးအလုံအလောက်ရှိရန် လိုအပ်ပါသည်။

ဟူးကောင်းချိုင့်ဝှမ်းရွှေမှော်များမှ ဝင်ငွေအမြောက်အမြားရနေသော်လည်း၊ ဒေသခံ (နအဖ) အာဏာပိုင်များသည် ၎င်းတို့၏ စစ် ဘက်ဆိုင်ရာထိန်းချုပ်မှုကို ပိုမိုတိုးမြှင့်ရန်မှလွဲ၍ ကျန်းမာရေးစောင့်ရှောက်မှု၊ (သို့မဟုတ်) ရွှေမှော်ဒေသများရှိ လူနေမှုဘဝ မြင့်မား လာစေရေးတို့အတွက် မည်သည့်အသုံးစရိတ်မှ ချမပေးပါ။ သို့တည်းမဟုတ် သက်ဆိုင်ရာကုမ္ပဏီများကို၊ ထိုသို့ လုပ်ဆောင်စေရန်၊ လိုက်နာဆောင်ရွက်ရန်လည်း အရေးယူဆောင်ရွက်ပေးခြင်း မရှိပါ။




# အခန်း ၅

## ရွှေမှော်ဒေသများကျယ်ပြန့်လာမှုကြောင့် ဖြစ်ပေါ်လာသော လူမှုရေးဆိုင်ရာအပြောင်းအလဲများ

ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကို စီးပွားဖြစ်ထုတ်လုပ်လာခြင်းနှင့်အတူ၊ လုပ်ငန်းပိုမိုကျယ်ပြန့်လာခြင်းကြောင့်၊ ရွှေကုန်သည်များ၊ ပွဲကျစျေးသည်များ၊ ဥပဒေမဲ့ မူးယစ်ဆေးဝါးရောင်းဝယ်သူများ၊ လောင်းကစားဝိုင်းပိုင်ရှင်များနှင့် လူမျိုးစုံတို့ ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြပါသည်။ ဤသို့ဝင်ရောက်လာကြခြင်းကြောင့်၊ ယခုလေ့လာတင်ပြသော စာတမ်းတွင် ပါဝင်ဖြေဆိုသူများကဲ့သို့သော၊ ပုဂ္ဂိုလ်များအတွက် “သုခမြို့တော်များ” ပေါ်ပေါက်လာပါတော့သည်။ ပုံမှန်ရွှေမှော်ဒေသတစ်ခုတွင်၊ တစ်ဝက်ခန့်သော လူဦးရေသည်၊ ရွှေတူးသူများဖြစ်ကြပြီး၊ ၂၀ ရာခိုင်နှုန်းမှာ လောင်းကစားဝိုင်းပိုင်ရှင်များ၊ ၁၅ ရာခိုင်နှုန်းမှာ ရွှေ တွင်းပိုင်ရှင်များ (ရွှေထုတ်လုပ်ခွင့်လုပ်ကွက်ရထားသူများ ထံမှ တစ်ဆင့်ခံကန်ထရိုက်ပြန်ယူထားသူများ) ဖြစ်၍၊ ကျန်သူများမှာ ဈေး ဆိုင်ရောင်းသူများ၊ ဘိန်းခန်းများ၊ ကာရာအိုကေခန်းများ၊ အနှိပ်ခန်းများ၊ အရက်ဆိုင်များနှင့် စားသောက်ဆိုင်များတွင် အလုပ်လုပ်သူများ ဖြစ်ကြပါသည်။ ထိုသို့ ဝင်ရောက်လာကြသူများသည် ရွှေမှော်ဒေသ၏ နဂိုလူမျိုးစုဖွဲ့စည်းပုံကိုလည်း ပြောင်းလဲသွားစေပါသည်။ ဥပမာအားဖြင့် တုံမလီရွှေတောတွင် လူဦးရေ ၃,၀၀၀ ကျော်ရောက်ရှိနေထိုင်လျက်ရှိသည်။ ရှမ်းလူမျိုး ၄၀ ရာခိုင်နှုန်း၊ ဗမာလူမျိုး ၃၀ ရာခိုင်နှုန်း၊ ကချင်လူမျိုး ၂၀ ရာခိုင်နှုန်းနှင့် ကျန် ၁၀ ရာခိုင်နှုန်းမှာ တရုတ်၊ ကုလားနှင့် အခြားလူမျိုးငယ်များ ဖြစ်ကြသည်။ ထိုလူဦးရေနှင့် လူမျိုးကွဲပြားမှုသည် ရွှေမှော်များတည်နေရာအလိုက်၊ အမျိုးမျိုးပြောင်းလဲနိုင်သော်လည်း အဓိကအားဖြင့် ပြောင်းရွှေ့ ဝင်ရောက်လာသူများပေါ်တွင် မူတည်ပါသည်။

ကုန်ဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ၊ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်နေကြရာမှ၊ ဝင်ငွေရရှိရေးအတွက် စီးပွားရေး လုပ်ငန်းဘက်သို့၊ ဦးတည်ပြောင်းလဲလုပ်ကိုင်လာကြပါသည်။ ဤသို့ဖြစ်လာခြင်းကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးမားကျယ်ပြန့် လာပါတော့သည်။ ခက်ခဲကြမ်းတမ်းလှသော ရွှေမှော်ဒေသများ၏လုပ်ငန်းခွင်အခြေအနေနှင့်အတူ၊ လူငယ်ထုကြားဖြစ်ပေါ်လာနေ သော စိတ်ဓာတ်ကျဆင်းမှုများကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ပိုမိုများပြားလာစေပါသည်။ အခြားတစ်ဘက်တွင်လည်း၊ ဒေသ အာဏာပိုင်များက မူးယစ်ဆေးဝါးရောင်းဝယ်သူများကို၊ မသိကျိုးကျွံပြု၍ ဝင်ရောက်ရောင်းဝယ်ခွင့် ပြုနေကြပြန်သည်။ ရွှေမှော်ဒေသ များတွင် ဖြစ်ပေါ်နေသော

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဘိန်းစိုက်ခင်းများ(၂၀၀၅)



အခြေအနေကြောင့်၊ လူမှုအသိုင်းအဝိုင်းများတွင်၊ လင်ယောကျ်ားများကို ဇနီးသည်များထံမှ ကွဲကွာစေခြင်း၊ ငယ်ရွယ်သူများကို မိသားစုများထံမှ ကွဲကွာစေခြင်းများဖြစ်စေပြီး၊ ဤသို့ ဝေးကွာနေရမှုကြောင့် ပြည့်တန်ဆာလုပ်ငန်းများလည်း ဖြစ်ထွန်းလာပါသည်။ မျှော်လင့်ချက်ကင်းမဲ့လာခြင်းသည်၊ လောင်းကစားဝိုင်းများဆီသို့ တွန်းပို့ပေးလျက်ရှိပြီး၊ လက်ကြီးဒိုင်များနှင့် အာဏာပိုင်များကို အမြတ်အစွန်းပိုဖြစ်စေပါသည်။ ထိုစီးပွားရေးလုပ်ငန်းများသည် လူမှုအဖွဲ့အစည်းပေါ်သို့ဆိုးကျိုး လွန်မင်းစွာ သက်ရောက်စေပြီး၊ မူးယစ်ဆေးစွဲခြင်းနှင့် ခုခံအားကျရောဂါကူးစက်ပြန့်ပွားခြင်း များအပါအဝင် အကျိုးဆက်ဆိုးကျိုးများ ဖြစ်ပေါ်လာစေပါသည်။ ထိုအကျိုးဆက်များ လျော့နည်းပပျောက်လာအောင် ကူညီဖြေရှင်းပေးရမည့်အစား (နအဖ) ဒေသဆိုင်ရာ အာဏာပိုင်များသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်သူများ၊ ဇိမ်ခန်းများနှင့် လောင်းကစားဝိုင်းများထံမှ အကောက်များပင် ကောက်ယူနေကြသေးသည်။ တပိုင်နက်တည်းတွင် ဥပဒေမဲ့လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ဟန်ပြအရေးယူဆောင်ရွက်မှု၊ နှိမ်နင်းမှုများလုပ်ဆောင်သော်လည်း၊ များသောအားဖြင့် အသေးအဖွဲ့ပြစ်မှုများကိုသာ အရေးယူနိုင်ခြင်း ဖြစ်သည်။

## ကချင်ပြည်နယ်မှ မူးယစ်ဆေးဝါးပြဿနာ

ကချင်အကြီးအကဲများ အုပ်ချုပ်နေစဉ်ကာလက၊ ကချင်လူမျိုးများကြားတွင် ဘိန်းစားအနည်းအပါးသာရှိပြီး၊ ဘိန်းစိုက်ပျိုးမှုလည်း အနည်းငယ်သာရှိခဲ့သည်။ သို့သော် ထိုစဉ်က ဘိန်းကို စီးပွားဖြစ်စိုက်ပျိုးခဲ့ကြခြင်းမဟုတ်ပါ။ ကချင်များသည် ဘိန်းကို မိမိတို့မိသားစု အတွက် ဆေးဖြစ်ဝါးဖြစ်သုံးရန်၊ စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ဘိန်းကိုလည်း အန္တရာယ်ရှိသော မူးယစ်ဆေးဝါးအဖြစ် မမှတ်ယူခဲ့ကြပါ။ ဗြိတိသျှတို့အုပ်စိုးနေစဉ်ကာလတွင် ဟူးကောင်းချိုင့်ဝှမ်းမှကုန်သည်များက၊ ဘိန်းစိမ်းများကို အိန္ဒိယနိုင်ငံ၊ လီဒိုမြို့သို့ သယ်ဆောင်ရောင်းချလေ့ရှိကြပြီး၊ ချည်မျှင်များ၊ ဆေးလိပ်များကို ပြန်လည်သယ်ဆောင်လာခဲ့ကြသည်။ ထိုကုန်သွယ်မှုကို "လီဒိုစီးပွားရေး" ဟုပင် တင်စားခေါ်ဆိုခဲ့ကြပါသည်။ [၃၃]

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် ပညာပိုတတ်လာသော မျိုးဆက်သစ် ကုန်သည်များသည်၊ ဘိန်းကုန်သွယ်ရေးကို ပိုမိုစနစ်ကျအောင် ဆောင်ရွက်လာခဲ့ကြပြီး၊ ကုန်ပစ္စည်းချင်းလဲလှယ်ရောင်းဝယ်သည့်စနစ်ကို ကျော်လွန်၍၊ ငွေကြေးဖြင့် အရောင်းအဝယ်လုပ် လာခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းနှင့် အသစ်ပေါ်ထွန်းလာခဲ့သော လီဒိုလမ်းမကြီးကလည်း၊ ငွေကြေးဖြင့်ကုန်သွယ်မှုစနစ်ကို များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။ သို့နှင့် ကချင်ပြည်နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသတို့တွင် ဘိန်းစိုက်ပျိုးမှုမြင့်တက်လာပါတော့သည်။ တဖြည်းဖြည်းနှင့် ကချင်ပြည်နယ်တွင် ဘိန်းခန်းအချို့ကိုဖွင့်လှစ်လာကြပြီး၊ အလုပ်ကြမ်းလုပ်ကိုင်ကြရသော လူငယ်အချို့ အလုပ်ပင်ပန်းမှုကို ဖြေဖျောက်ရန်၊ ဘိန်းစားစပြုလာကြပါသည်။ ယခုအချိန်အထိ ဘိန်းမဲကိုအကြောင်းပြု၍ ထင်သာမြင်သာသည့်၊ မည်သည့်လူမှုရေးနှင့် ကျန်းမာရေး ပြဿနာကိုမျှ မတွေ့မြင်ကြရသေးပါ။ ၁၉၆၀ ခုနှစ်များ မတိုင်ခင်အထိ၊ ကချင်ပြည်နယ်တွင် ဘိန်းဖြူ (ဟီးရိုးအင်း) မရှိခဲ့ပါ။ [၃၄]

၁၉၆၀ ခုနှစ်များကျော်လွန်လာသောအခါ၊ ဘိန်းမည်းမှ ဘိန်းဖြူ (ဟီးရိုးဟင်း) ချက်လုပ်သည့် နည်းပညာပေါ်ပေါက်လာပြီးနောက်၊ ဟီးရိုးအင်းကို လူသိများလာပြီး ပိုမိုသုံးစွဲလာကြပါသည်။

မူးယစ်ဆေးဝါးများ ပိုမိုပေါများလာခြင်းနှင့် အမျိုးထွေပြားစုံလာခြင်းတို့ကြောင့်၊ မူးယစ်ဆေးဝါးသုံးစွဲမှုသည် လူငယ်များကြားတွင် ပြန့်နှံ့လာပြီး၊ စိုးရိမ်ဖွယ် အခြေအနေဖြစ်လာပါသည်။ ရွှေတူးဖော်ရန် အတွက် နိုင်ငံအနှံ့အပြားမှ လူများ ဟူးကောင်းချိုင့်ဝှမ်းတွင်းသို့ လိုမ့်ဝင်လာသည်နှင့်အမျှ၊ မူးယစ်ဆေးဝါး သုံးစွဲသူဦးရေမှာလည်း တိုးပွားလာပါသည်။ လောလောဆယ်တွင် သွေးကြောမှ တစ်ဆင့် ဆေးထိုးအပ်သုံး၊ မူးယစ်ဆေးဝါးသုံးစွဲကြခြင်း ကြောင့်၊ ခုခံအားကျဆင်းမှုရောဂါကူးစက်လာကြပြီး၊ ဒုတိယမြောက် သေဆုံးမှုအများဆုံး ပြဿနာ ဖြစ်လာနေပါသည်။ သို့အတွက်ကြောင့် လူမှုရေးပြဿနာများကို ပိုမိုဆိုးရွား လာစေပါသည်။

သို့သော် ကချင်ပြည်နယ်တွင် လူငယ်များကြား မူးယစ်ဆေးသုံးစွဲမှုမှာ၊ ၁၉၇၀ ခုနှစ်နောက်ပိုင်းတွင်မှ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်မှ ဘိန်းဖြူများသည် မြန်မာ့တပ်မတော် ထိန်းချုပ်ထားသော နယ်မြေများကိုဖြတ်သန်းပြီး၊ ကချင်ပြည်နယ်တွင်းသို့ စတင်ဝင်ရောက်လာပါတော့သည်။ မည်သည့် ဘိန်းမှောင်ခိုသမားများလည်း အဖမ်းမခံခဲ့ကြရပါ။ အစပိုင်းတွင် ဒေသခံများသည်၊ ဘိန်းဖြူကို အန္တရာယ်ရှိသည်ဟု မထင်မှတ်ကြဘဲ အလွယ်တကူသုံးစွဲခဲ့ ကြပါသည်။[၃၅]

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင်၊ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးရယူခဲ့ကြပြီးနောက်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အချို့ သည် မူးယစ်ဆေးဝါးကုန်သွယ်သည့်လုပ်ငန်းထဲသို့ ပါဝင်လာကြသဖြင့်၊ ဘိန်းကုန်သွယ်မှုမှာ ပို၍ပင်ကြီးထွားလာပါတော့သည်။ မူးယစ်ဆေးဝါးလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ၊ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွဆေးပြားများကဲ့သို့သော မူးယစ်ဆေးဝါးအမျိုးမျိုးသည် ကချင်ပြည်နယ်တွင်းသို့၊ အလုံးအရင်းဖြင့်လိမ့်ဝင်လာပြီး လူငယ်များအကြား မူးယစ်ဆေးသုံးစွဲမှုလည်း မြင့်တက်လာခဲ့ပါတော့သည်။ မူးယစ်ဆေးသုံးစွဲရာမှ သေဆုံးသည့်နှုန်းလည်း မြင့်တက်လာပါသည်။ အထူးသဖြင့် ဖားကန့်ကျောက်စိမ်းမှော်ဒေသတွင် ပိုမိုဆိုးရွားခဲ့ပါသည်။ မြန်မာစစ်အစိုးရသည် ထိုပြဿနာကို ထိန်းချုပ်ရန်အတွက် မည်သည့်အရေးယူဆောင်ရွက်မှုမျှ ပြုလုပ်ခဲ့ခြင်း မရှိပါ။ ပြဿနာပိုမိုဆိုးရွားလာသဖြင့်၊ ၁၉၉၁ ခုနှစ်တွင်၊ (ကေအိုင်အို) သည် ထိုပြဿနာကို အရေးယူဆောင်ရွက်ခဲ့ရပြီး၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများကို သေဒဏ်ပေးခဲ့ပါသည်။ (ကေအိုင်အို) ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရေးယူဆောင်ရွက်မှု ကြောင့်၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် ကာလအတန်ကြာအထိ၊ သိသိသာသာလျော့နည်းကျဆင်းသွားခဲ့ပါသည်။[၃၆]

သို့သော် ၁၉၉၄ ခုနှစ်တွင်၊ (ကေအိုင်အို) အဖွဲ့နှင့် (နအဖ) စစ်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေး ထိုးပြီးနောက်တွင်၊ ကချင်ပြည်နယ်တွင် ဘိန်းစိုက်ပျိုးမှုပြန်လည်ထွန်းကားလာပြန်ပါသည်။ အစိုးရအရာရှိများနှင့် အဆက်အသွယ်ရှိ သူများအား မူးယစ်ဆေးဝါးရောင်းဝယ်ခွင့်ပြုထားသဖြင့်၊ အမျိုးမျိုးသော မူယစ်ဆေးဝါးများ ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက် လာပါတော့သည်။

ယနေ့ကာလတွင် ဘိန်းမည်းများထက် အခြားသောမူးယစ်ဆေးဝါးများသည် ရွှေမှော်ဒေသများအတွင်းသို့ ပို၍ဝင်ရောက်လာနေပါသည်။ ချင်းတွင်းမြစ်အောက်ပိုင်းဒေသမှ မူးယစ်ဆေးဝါးများသည် တောလမ်းခရီးများကိုဖြတ်သန်း၍လည်းကောင်း၊ မြစ်ကြီးနား၊ ဖားကန့်နှင့် တနိုင်းဒေသမှ မူးယစ်ဆေးဝါးများသည် လီဒိုလမ်းမကြီးကို ဖြတ်သန်း၍လည်းကောင်း ဝင်ရောက်လာနေကြခြင်းဖြစ်ပါ သည်။ ရှမ်းပြည်နယ်မှ အချို့သော အပစ်အခတ်ရပ်စဲထားသောအဖွဲ့များနှင့် တရုတ်ကုန်သည်များလည်း မူးယစ်ဆေးဝါး မှောင်ခိုလုပ် ငန်းတွင်၊ ပါဝင်ပတ်သက်နေကြပါသည်။[၃၇] ဘိန်းမည်းကို ချိုင့်ဝှမ်းဒေသအတွင်း၌ပင် ထုတ်လုပ်ကြပါသည်။ အထူးသဖြင့် ချင်းတွင်းမြစ် အနောက်ဘက်ရှိ နာဂတောင်တန်း ဒေသတွင် ထုတ်လုပ်နေကြခြင်း ဖြစ်ပါသည်။ နာဂလူမျိုးတို့သည် သမိုင်းစဉ်တလျှောက် ဘိန်းစိုက်ပျိုးလာခဲ့ကြသူများဖြစ်ပြီး၊ ယနေ့ထက်တိုင် ဘိန်းကို ဆန်၊ ဆီ၊ ဆားနှင့် အခြားလိုအပ်သော စားသောက်ကုန်ပစ္စည်းများနှင့် ဖလှယ်လာခဲ့ကြပါသည်။ နာဂကုန်သည်များသည် ၎င်းတို့၏ဘိန်းများကို ရွှေမှော်ဒေသများသို့လည်းကောင်း၊

## ပညာသင်ကြားရန် အခွင့်အလန်း မရရှိခြင်း

ကုလသမဂ္ဂ၏ လူသားဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာအရ၊ ၂၀၀၃ ခုနှစ်တွင် (နအဖ) စစ်အစိုးရ၏ ပညာရေး အသုံးစရိတ်သည် စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီ ဒီပီ) ၏ (၀. ၅) ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ (နအဖ)စစ်အစိုးရကဘဏ္ဍာငွေဖူလုံအောင် ထောက်ပံ့ပေးမှုမရှိသည့် အတွက်ကြောင့်၊ အမျိုးသား ကျန်းမာရေး နှင့် ပညာရေး အဆင့်အတန်း သည်လည်း ဆုတ်ယုတ်ကျဆင်းလာ နေပါသည်။ ဒေသခံ ဆရာ၊ ဆရာမများ၏အဆိုအရ ပညာဆုံးခန်းတိုင်အောင် မသင်ယူနိုင်ပဲ ကျောင်းထွက်ကြရသော ကျောင်းသားဦးရေမှာ၊ များပြားလာနေပြီး၊ အထူးသဖြင့် ပညာသင် စရိတ်ကြီး မြင့်မှုကြောင့် ဖြစ်သည်ဟုဆိုပါသည်။[၄၀] ပညာရေး အရည်အသွေးမှာလည်း နိမ့်ကျည့ံဖျင်းလှသဖြင့်၊ ကျောင်းသားများ အတွက် ဘွဲ့ရပြီးနောက် အလုပ်ရရန်၊ သို့မဟုတ် သင့်တင့် လျှောက်ပတ်သော ဝင်ငွေရရန် မျှော်လင့်ချက် မရှိ သလောက်ပင် ဖြစ် နေပါသည်။

ကျန်သောမြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့သော်လည်းကောင်း၊ သယ်ဆောင်ဖောက်ကားကြသည့်အပြင်၊ အိန္ဒိယနိုင်ငံသို့ပင် တင်ပို့နေကြပါသည်။

## ရွှေမှော်ဒေသများအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု

ရွှေမှော်ဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုသည် လူအများစုကြားတွင် ဖြစ်ရိုးဖြစ်စဉ်သဖွယ်ဖြစ်နေပြီး၊ ရွှေတွင်းအလုပ်သမားများ ကြားတွင်သာမက၊ ရွှေမှော်ဒေသများသို့ အလုပ်ရှာရန်ရောက်လာသော အခြားသူများပါ သုံးစွဲနေကြပါသည်။ ဤစာတမ်းအတွက် ရည်ရွယ်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင်၊ တုံမလီရွှေတောရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဘိန်းမဲစွဲနေကြပြီး၊ ၃၀ ရာခိုင်နှုန်းခန့်သည် ဘိန်းဖြူနှင့် မီသာ အမ်ဖီတမင်း စိတ်ကြွဆေးပြားစွဲနေကြသည်ဟု ခန့်မှန်းထားပါသည်။[၃၈] အဓိကမူးယစ် ဆေးဝါးသုံးစွဲသူများ၏ အသက်အပိုင်းအခြားမှာ ၁၃ နှစ်မှ ၃၅ နှစ်ကြားဖြစ်ပြီး၊ အမျိုးသားများရော၊ အမျိုးသမီးပါ ပါဝင်သုံးစွဲနေ ကြပါသည်။ စိတ်ဓာတ်ကျဆင်းခြင်း၊ အခွင့်အလမ်းမရှိနိုင်ခြင်း၊ အထူးသဖြင့် ပညာသင်ကြားခွင့် မရနိုင်ခြင်းနှင့် ကြမ်းတမ်းခက်ခဲသော လုပ်ငန်းခွင်အနေအထား၊ စသည်တို့အပါအဝင် များစွာသောအကြောင်းအချက်များကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းကို ပိုမိုမြင့်မား လာစေပါသည်။ မြစ်ကြီးနားကဲ့သို့သောမြို့ကြီးများတွင် မူးယစ်ဆေးစွဲသူများမှာ၊ လူချမ်းသာများနှင့်အစိုးရအရာရှိကြီးများ၏ သားသမီးများအတွင်း၌သာ ဖြစ်လေ့ရှိသော်လည်း၊ ရွှေမှော်ဒေသတွင်မူ မူးယစ်ဆေးစွဲသူများမှာ လက်လုပ်လက်စား ဆင်းရဲသားများဖြစ် နေသည်ကို တွေ့ရှိရပါသည်။ [၃၉]

ပညာဆက်လက် မသင်နိုင်ကြသူများ (ပညာသင်ကြားရန် အခွင့်အလမ်း မရရှိခြင်း အကွက်ကိုကြည့်ပါ။) နှင့် မြန်မာတစ်နိုင်ငံ တဝှမ်းလုံးတွင် ဖြစ်နေသည့်အတိုင်း ဘွဲ့ရအလုပ်လက်မဲ့များသည်၊ နောက်ဆုံးတွင် ရွှေမှော်ဒေသများသို့ အလုပ်ရှာရောက်လာကြပါသည်။ မူလကပင် စိတ်ဓာတ်ကျနေသူများဖြစ်သဖြင့်၊ ထွက်ပေါက်အဖြစ် မူးယစ်ဆေးဝါးဘက်သို့ ဦးတည်သွားကြပါတော့သည်။ ၎င်းတို့ဘဝသည် ငွေရှာခြင်း၊ ရလာသည့်ငွေစအနည်းအပါးဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ထိုမှတဖန် ပြဿနာအသစ်များကြုံရပြန်ခြင်း စသဖြင့် သံသရာလည်နေပါတော့သည်။ သို့ဖြင့် မူးယစ်ဆေးလုံးလုံးစွဲသွားကြပြီး၊ ထိုဆေးသမားတို့သည် အိမ်ပြန်သွားကြသောအခါ ရှင်သန် ရပ်တည်ရန် ခက်ခဲလာကြပြန်ပါသည်။

ရွှေမှော်ဒေသရှိ ဝန်းကျင်အခြေအနေမှာ၊ စိတ်ပျက်ပြားဖွယ်ကောင်းလှသည်သာမက၊ ရွှေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ မတူခြား နားသည့် အခြေအနေကြောင့်၊ လူအချို့ကို မူးယစ်ဆေးသုံးစွဲရန် တွန်းပို့နေသကဲ့သို့ ဖြစ်စေပါသည်။ ဘိန်းသည် ရွှေတွင်းအလုပ်သမားများအတွက်၊ ရာသီဥတုဒဏ်ခံနိုင်ရန်နှင့် နာရီများစွာအလုပ်လုပ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ဆေးဝါးသဖွယ် ဖြစ်လာပါသည်။

ဘိန်းသည် သဘာဝအလျောက် နာကျင်ကိုက်ခဲမှုကို ပြေပျောက်စေနိုင်သဖြင့်၊ ဆေးအဖြစ်အသုံးပြုကြသည်။ အချို့ရွှေတွင်းအလုပ် သမားများက၊ ဘိန်းသည် ၎င်းတို့ကို အနာရောဂါများမှကာကွယ်ပေးနိုင်သည်ဟုလည်း ယုံကြည်နေကြသည်။[၄၀] ဘိန်းဖြူတွင်လည်း အလားတူ အာနိသင်မျိုးရှိပြီး ပိုမိုပြင်းထန်ပါသည်။ မူးယစ်ဆေးသုံးစွဲသူတစ်ဦးသည်၊

*"ရွှေတောမှာက အေးပြီဆိုရင် အရမ်းအေးပြီးတော့၊ ပူပြီဆိုရင်လည်း အရမ်းပူတယ်။ ဘိန်းစားထားတော့ ရာသီဒဏ်လည်းခံနိုင်တယ်၊ အလုပ်လည်း ပိုပြီးလုပ်နိုင်တယ်။ ခံနိုင်ရည် ပိုရှိလာတာပေါ့ဗျာ။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၉)



*"တချို့ဘိန်းစားတွေက ဆေးလိပ်ထဲထည့်ပြီး သောက်တဲ့အဆင့်မှာ ဖြတ်ဖို့စဉ်းစားကြပါတယ်။ ဒါပေမယ့် သူတို့အကြောထဲထိုးသွင်း တဲ့အဆင့်ကိုရောက်သွားပြီဆိုရင်၊ ဖြတ်လို့မရတော့ပါဘူး။ သူတို့ သေသွားမှာကိုလည်း ဂရုမစိုက်ကြတော့ပါဘူး။ သူတို့က ဘာခံစားမှု မှမရှိတော့တဲ့ လူတွေလိုပဲ နေနေကြတော့တာပါပဲ။"* (တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဒီ ၈)



*ဟူးကောင်းချိုင့်ဝှမ်းရွှေမှော်မှ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုလေ့ရှိသော ဆက်စပ်ပစ္စည်း ကရိယာများ*

**မူးယစ်ဆေးဝါးမျိုးကွဲများ**

ဟူးကောင်းချိုင့်ဝှမ်းဒေသသည်၊ ကချင်ပြည်နယ်၏ အခြားဒေသများထက် ပိုမိုပူနွေးသော ဒေသဖြစ်သည်။ ထို့ကြောင့် ဘိန်းပင်မှ အစေးများကို ခြစ်ယူရာတွင်၊ အစေးများ အေးခဲမသွားခြင်းနှင့် မာမသွားခြင်းတို့ကြောင့်၊ အခြားဒေသများမှ အစေးခြစ်သည့်နည်းနှင့် မတူသည့်နည်းကို အသုံးပြုရသည်။ ဘိန်းသီးများတွင်ယိုစီးကျနေသော အစေးများကို၊ အဝတ်စတစ်စဖြင့် သုတ်ယူရသည်။ ထို့နောက် ဘိန်းအစေးများဖြင့် ရွှဲနစ်နေသော ထိုအဝတ်စများကို ပြုတ်ပြီး၊ ဘိန်းအစေးကို ခွဲထုတ်သည်။ ဤနည်းဖြင့်ထုတ်ယူရရှိသော ဘိန်းစိမ်းကို '**ဆမ်ပမ်ကာနီ**' ***(Sumpan Kani)*** သို့မဟုတ် 'အဝတ်ဘိန်း' ဟု ခေါ်ကြသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အများဆုံးတွေ့ရလေ့ရှိသော ဘိန်းစိမ်းမျိုးဖြစ်သည်။ ကချင်ပြည်နယ် အခြားဒေသများနှင့် ရှမ်းပြည်နယ်တို့မှလာသော ဘိန်းစိမ်းများမှာ၊ အရည်မဟုတ်ဘဲ၊ အတုံးကလေးများဖြစ်ပြီး၊ ၎င်းကို '**ခပ်ဖျိန်း**' ***(Hkyep Hpying)*** ဟုခေါ်သည်။ အများဆုံးထုတ်လုပ်နေကြသော ဘိန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ခပ်ပုံ ***(Khat-pung)***။ ။ ဘိန်းစိမ်းကို ပါးပါးလှီးထားသောငှက်ပျောညွန့်အခြောက်များဖြင့်ရောစပ်ပြီး၊ မီးရှို့၍ ဘိန်းပြောင်းဖြင့် စုပ်ယူသုံးစွဲသည်။ ဤနည်းသည် ဟူးကောင်းချိုင့်ဝှမ်းတွင်တွေ့ရအများဆုံးနှင့် ဈေးအပေါဆုံး ဘိန်းသုံးစွဲနည်း ဖြစ်ပါသည်။

(၂) ယင်းဖောင် ***(Yen Hpau)***။ ။ ဘိန်းစိမ်းကို အဆီကျအောင် ချက်ယူသည်။ ဈေးအကြီးဆုံးနှင့် အရည်အသွေး အကောင်းဆုံး ဘိန်းစိမ်းဖြစ်သည်။ အထူးသဖြင့် ငွေကြေးချမ်းသာသူများသာ ဆင်စွယ်ဘိန်းပြောင်းဖြင့် ယင်းဖောင်ကို သုံးစွဲနိုင်ကြသည်။

(၃) ဖော်မြူလာ ***(Formula)***။ ။ ဘိန်းစိမ်းကို၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လာသော ချောင်းဆိုးပျောက် ဆေးရည်ဖြင့် ရောစပ်ပြီး သောက်ရသည်။ ဖော်မြူလာ အမျိုးမျိုးရှိသည်။ အချို့ဖော်မြူလာများတွင် ဘီယာ၊ အားဖြည့် အချိုရည်များ၊ သို့မဟုတ် အိပ်ဆေးများကို ချောင်းဆိုးပျောက်ဆေးထဲသို့ ရောထည့်ကြသည်။ ဘိန်းကို ပိုမိုအစွမ်းထက်လာစေသဖြင့်၊ လူငယ်များအကြားတွင် ပိုမိုကြိုက်နှစ်သက်ကြသည်။ [၄၃]

(၄) အချို့က ဘိန်းစိမ်းအရေကို ရေနွေးရောပြီး၊ သွေးကြောထဲသို့ ထိုးသွင်းကြသည်။

ဘိန်းဖြူနှင့် မီသာ အမ်ဖီတမင်း စိတ်ကြွဆေးများကို၊ ဘိန်းစွဲနေသူများက အသုံးပြုကြသည်။ ဘိန်းဖြူ (၃) မျိုးရှိသည်၊ အညို၊ အဝါနှင့် အဖြူတို့ဖြစ်သည်။ အရောင်မတူသည်နှင့်အမျှ အရည်အသွေးနှင့် ဈေးနှုန်းလည်း ကွာခြားသည်။ ဘိန်းဖြူကို ရှူ၍လည်းကောင်း၊ သွေးကြောထဲသို့ ထိုးသွင်း၍လည်းကောင်း သုံးစွဲကြသည်။ ရှူသည့်နည်းတွင် ဘိန်းဖြူကို စက္ကူရိုးရိုး (သို့မဟုတ်) ငွေရောင်စက္ကူပေါ်တွင်တင်၍ အောက်မှမီးရှို့ရသည်။ ထွက်လာသောမီးခိုးငွေ့ကို၊ ကတော့ချွန်ပုံစံ စက္ကူလိပ်ဖြင့် ရှိုက်သွင်းယူသည်။ အကြောထဲသို့ထိုးသွင်းသည့်နည်းတွင်၊ ဘိန်းဖြူကို သွေးကြောထဲသို့ ထိုးသွင်းရန် ရေသန့် သို့မဟုတ်၊ ရေချက်အေးဖြင့် ရောစပ်ရသည်။ သွေးကြောထဲမှ သွေးကို ဆေးထိုးအပ်ထဲသို့ အလျင်စုပ်ယူပြီး၊ ဘိန်းဖြူနှင့် ရောနှောစေသည်။ ပြီးမှ သွေးကြောထဲသို့ ပြန်ထိုးသွင်းသည်။ ဆေးစွဲသူ၏ခံနိုင်ရည်ပေါ်မူ၍ ထိုးသွင်းသည့် ဘိန်းဖြူပမာဏ အနည်းအများလည်း ကွာခြားသည်။ 'ယာမား' ဆေးပြားများကိုမူ၊ ငွေရောင်စက္ကူပေါ်တင်၍ အောက်မှထိန်း၍ မီးပေးပြီး အငွေ့ပျံစေသည်။ အငွေ့ကို ပလပ်စတစ်ပိုက်မှတဆင့်၊ ရေပုလင်းထဲမှ ရေကိုဖြတ်စေပြီး ရှိုက်သွင်းကြသည်။

**မူးယစ်ဆေးဝါးဈေးနှုန်းများ**



ဟူးကောင်းချိုင့်ဝှမ်းတွင်၊ အများဆုံးထုတ်လုပ်နေသော မူးယစ်ဆေးဝါးများမှာ အဝတ်ဘိန်း'ဆမ်ပမ်ကနိုင်' နှင့် 'ခပ်ပုံး' ဖြစ်သည်။ (အထက်တွင် ကြည့်ပါ။) အခြား မူးယစ်ဆေးဝါးအမျိုးအစားများမှာ ရှမ်းပြည်နယ်၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ်များမှ ဝင်ရောက်လာခြင်း ဖြစ်သည်။[၆၆] ပင်နီစလင်ဆေးပုလင်း အဖုံးတစ်ဖုံးစာ ဘိန်းဖြူကို မြန်မာငွေ ၅၀၀ မှ ၁၀၀၀ ကျပ်အထိ ရောင်းချကြသည်။ ဆေးစွဲနေသူလူငယ်တစ်ဦးသည် တစ်နေ့လျှင် ဘိန်းဖြူ (၃) ဖုံးမှ (၅) ဖုံးအထိ သုံးစွဲပါသည်။ ထို့ကြောင့် ဆေးစွဲနေသူ တစ်ဦးသည် ဆေးဖိုးအတွက်၊ တစ်နေ့လျှင် အနည်းဆုံး ကျပ် ၁၅၀၀ မှ ၂၅၀၀ အထိ သုံးစွဲကြရသည်။ ရွှေမှော်ဒေသတွင် အလုပ်သမားများ၏တစ်နေ့လုပ်ခမှာ ၁၅၀၀ ကျပ် ဖြစ်သည်။ သို့ဖြင့် မူးယစ်ဆေးစွဲသူများသည် ငွေကြေးမလောက်မငှဖြစ်မှုကြားတွင် နေထိုင်ကြရင်း ဘဝဆုံးသွားကြရ ပါတော့သည်။

ဘိန်းမဲစွဲသွားပြီး နောက်ပိုင်းတွင် ဘိန်းဖြူ ဘက်သို့ ဦးလှည့်သွားတတ်ကြသည်။ မီသာ အမ်ဖီတမင်း စိတ်ကြွဆေးပြား (ကချင်လူမျိုးများက 'ယာမား' သို့မဟုတ် စိတ်ကြွ ဆေးဟုခေါ်ပြီး၊ ထိုင်းနိုင်ငံတွင် 'ယာဘာ'(ရူးသွပ်ဆေး) ဟုလည်း ခေါ်သည်။) သည် အင်အားကိုဖြစ်စေသဖြင့်၊ ရွှေတွင်းအလုပ်သမား များအဖို့ နာရီပေါင်းများစွာ အလုပ်ပိုလုပ်လာနိုင်စေသည်။ ဘိန်းမဲသည်ယခုအချိန်အထိ ရွှေမှော်ဒေသများတွင် လူကြိုက်အများဆုံး မူးယစ်ဆေးဝါးဖြစ်သည်။ (ပုံ– အမျိုးမျိုးသော မူးယစ်ဆေးဝါးများကို ကြည့်ပါ။) သို့သော် ဘိန်းဖြူနှင့် 'ယာမား' ကိုလည်း၊ ယခုအခါ လူကြိုက်များလာနေပါသည်။

ရွှေတွင်းပိုင်ရှင်များသည်၊ ၎င်းတို့၏အလုပ်သမားများကို အရက်သောက်ခွင့် မပြုပါ။ အရက်သောက်ခြင်းဖြင့် မူးယစ်ရမ်းကားရာမှ ရန်ဖြစ်တတ်သဖြင့်၊ လုပ်ငန်းကို အနှောင့်အယှက်ဖြစ်မည် စိုးရိမ်သောကြောင့် ဖြစ်ပါသည်။ သို့သော် ဘိန်းသည် အလုပ်ကို လျှင်မြန်စွာ ပြီးမြောက်စေသဖြင့်၊ အလုပ်သမားများအား ဘိန်းစားခွင့်ပြုထားကြပါသည်။ လက်တွေ့တွင်၊ အချို့တွင်းပိုင်များကိုယ်တိုင်ကပင်၊ ၎င်းတို့၏တွင်းသားများကို ဘိန်းကျွေးကြပါသည်။[၆၂] သို့သော် ရေရှည်တွင် ဘိန်းစားများဖြစ်လာကြပြီး၊ အလုပ်လုပ်နိုင်စွမ်းရည် ကျဆင်းလာပါသည်။

*"အစပိုင်းမှာတော့ မူးယစ်ဆေးဝါးက၊ သုံးစွဲသူတွေကို ပိုပြီးအလုပ်လုပ်စေနိုင်တယ်၊ ဒါပေမယ့် မကြာပါဘူး၊ သူတို့အရင်ကလို မလုပ်နိုင်ကြတော့ဘူး။ သူတို့ အရင်အခြေအနေကို ပြန်ရောက်သွားပြီးတော့လည်း၊ ဆေးကစွဲနေတာပါပဲ။ မူးယစ်ဆေးဝါးစသုံးခါစတုန်းက ကျနော်ပိုအားရှိလာပြီး၊ ပိုအလုပ်လုပ်လာနိုင်တယ်လို့ထင်ခဲ့တယ်။ ဒါပေမယ့် ဆေးစွဲလာတဲ့အခါကျတော့ ကျနော်အလုပ်မလုပ်နိုင် တော့ဘူး။ ကုန်လည်း မထမ်းနိုင်တော့ဘူး။ ကုန်တင်၊ ကုန်ချလုပ်ဖို့အတွက်လည်း ကျနော့မှာ အားမရှိတော့ပါဘူး။"* (တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဒီ ၈)

မူးယစ်ဆေးဝါးစွဲခြင်းကို ကုသပျောက်ကင်းရန် အလွန်ခက်ခဲလှပါသည်။

*"မူးယစ်ဆေးသုံးစွဲတာ မကောင်းဘူးဆိုတာ ကျနော်တို့သိပါတယ်။ ဒါပေမယ့် စသုံးမိတာနဲ့ဖြတ်ဖို့ မလွယ်ဘူးဆိုတာကို နားလည်လာကြပါတယ်။ ဆေးမသုံးရရင် ကျနော့တစ်ကိုယ်လုံး ကိုက်ခဲနေတော့တာပါပဲ။ ကျနော့တစ်ကိုယ်လုံး ပူလောင်နေပြီးတော့၊ ပုရွက် ဆိပ်တွေ အကိုက်ခံနေရသလိုမျိုး ခံစားရပါတယ်။ ... ... ... လူငယ် တော်တော်များများ မူးယစ်ဆေးဖြတ်တဲ့ကုထုံးနဲ့ ကုသခံချင်ကြပေမယ့်၊ အခုအချိန်ထိ ဒီမှာ အဲဒီအစီအစဉ်မျိုး မရှိသေးပါဘူး။"* (တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဒီ ၈)

မူးယစ်ဆေးဝါးစွဲသည်နှင့် တပြိုင်နက်၊ အများစုသည် ငွေနည်းနည်းဖြင့်၊ ပိုပြင်းသောခံစားချက်ကိုရရှိနိုင်ရန် ဘိန်းမည်းမှ ဘိန်းဖြူသို့ ကူးပြောင်း သုံးစွဲကြသည်။ သို့နှင့် စွဲလန်းမှုသည် ပို၍ဆိုးရွားလာပါတော့သည်။ ရာဇဝတ်မှုများကျူးလွန်လာစေသည့်အပြင်၊ ဘိန်း ဖြူစွဲခြင်းသည်၊ ခုခံအားကျရောဂါကူးစက်ပြန့်ပွားမှုကိုလည်း တိုးတက်လာစေပါသည်။ (ကာလသားရောဂါ ကူးစက်ပြန့်နှံ့မှုကို ကြည့် ပါ။)

*"မူးယစ်ဆေးသုံးစွဲခါစ အခြေအနေမှာ ဘယ်သူဖြစ်ဖြစ် ငွေလည်းရှိနေပြီးတော့၊ ကိုယ့်ကိုယ်ကိုလည်း ထိန်းနိုင်ကြတယ်။ သူတို့ယင်းထ လာပြီဆိုရင် ခိုးမယ်၊ ဖွက်မယ်၊ ပိုက်ဆံရဖို့ဆိုရင် ဘာဖြစ်ဖြစ်လုပ်ကြတော့တာပါပဲ။ လူသတ်ရဖို့လည်း ဝန်မလေးကြတော့ဘူး။ သူတို့ ပိုက်ဆံသိပ်မရှိတော့ရင် ဆေးထိုးအပ်တွေကို မျှသုံးကြတယ်။ ဒီနည်းနဲ့ အိပ်(ချ်)အိုင်ဗွီပိုးက၊ တစ်ယောက်ကနေ အခြားတစ်ယောက် ကို ကူးစက်ကုန်တော့တာပေါ့။"*
(တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဒီ ၈)

*"ရဲတွေက နဲနဲပါးပါးရောင်းတဲ့သူတွေကိုပဲ ဖမ်းနေတာပါ။ လက်ကြီးသမားတွေကို ဘယ်တော့မှ အရေးမယူပါဘူး။ မူးယစ် ဆေးရောင်းနေသူတွေက၊ ရဲတွေကို လစဉ်ဆက်ကြေးပေးပေါင်းပြီး လုပ်စားနေကြတာပါ။ အာဏာ ပိုင်တွေ က သူတို့ကို လာဘ်ပေးတဲ့ သူတွေကို အကာအကွယ် ပေးထားကြ ပါတယ်။ အဲဒါ မတရားဘူး။ မူးယစ် ဆေးဝါး တိုက်ဖျက်ရေးကို အစိုးရက ဦးစီးပြီး လုပ်မယ်ဆိုရင်တော့၊ အဲဒါ မဖြစ်နိုင် ပါဘူး"* ဟုဆိုပါသည်။
(တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဒီ ၈)

မူးယစ်ဆေးစွဲခြင်းကြောင့် ဆေးလွန်၍သေဆုံးခြင်း၊ စိတ် ကစဉ့်ကလျားဖြစ်ခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းတို့ အကျိုးဆက်များအဖြစ် ဖြစ်ကြပါသည်။ တွေ့ဆုံမေးမြန်းခြင်းတစ်ခုအရ (ဒီ–၁)၊ ၂၀၀၄ ခုနှစ်တွင်၊ အသက် (၂၈) နှစ်အရွယ်ရှိ မူးယစ်ဆေးသုံးစွဲသူတစ်ဦးက၊ စိတ်ရူးပေါက်ပြီး ၎င်း၏သားသမီး (၅) ယောက်လုံးကို ဓားဖြင့်ခုတ်သတ်သည့်အကြောင်းကို သိရှိရပါ သည်။ နောက်ထပ် တွေ့ဆုံမေးမြန်းခြင်တစ်ခုတွင်လည်း (ဒီ–၈)၊ မူးယစ်ဆေးသုံးစွဲနေသူဖခင်က ကလေးများမမီနိုင်သည့်နေရာတွင် မထားသဖြင့်၊ ဆေးမှားသောက်မိရာမှ မိန်းကလေးငယ် (၂) ဦး၊ ပါးစပ်မှ အမြှုပ်တစီစီထပြီး၊ သတိလစ်သွားသည့်အကြောင်း သိရှိခဲ့ ရပါသည်။ အချို့မူးယစ်ဆေးဝါးသုံးစွဲသူများလည်း အကြောမှားထိုးမိပြီး သေဆုံးကြရပါသည်။ အချို့ ဆေးဝယ်ရန်မတတ်နိုင်ကြတော့ သဖြင့် သေဆုံးကုန်ကြရပါသည်။

## ရွှေမှော်ဒေသများရှိ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု

မူးယစ်ဆေးဝါးရောင်းသူများသည်၊ ရွှေမှော်ဒေသများကို ရွေးချယ်ကြရာတွင်၊ ၎င်းတို့လွတ်လွတ်လပ်လပ်ရောင်းနိုင်သည့် နေရာဖြစ် ခြင်း၊ သုံးစွဲသူများသည့်နေရာ ဖြစ်ခြင်းနှင့် လူများ ဝင်ငွေအဆက်မပြတ်ရနိုင်သည့်နေရာများဖြစ်ခြင်းတို့ကို အဓိကထားရွေးချယ်၍ ဤဒေသများသို့ ဝင်ရောက်လာကြခြင်းဖြစ်ပါသည်။ ရွှေမှော်ဒေသများတွင် မူးယစ်ဆေးဝါးရောင်းသူများအနက်၊ အချို့သည် လက်လုပ်လက်စားများဖြစ်ပါသည်။ အခြား လုပ်ငန်းတစ်ခုခုလုပ်ရန် ငွေကြေးမတတ်နိုင်ကြသဖြင့်၊ မူးယစ်ဆေးဝါးရောင်းနေကြခြင်း ဖြစ်ပါ သည်။ ရွှေမှော်များတွင် အရင်းအနှီးထည့်ဝင်ရန် မတတ်နိုင်ကြပါ။ အချို့မှ ဘိန်းခန်းဖွင့်ရန်အတွက် အရင်းအနှီးကိုပင် ချေးငှားပြီး လုပ်ကိုင်ကြရပါသည်။ တုံမလီရှိ မူးယစ်ဆေးဝါးရောင်းသူတစ်ဦးက အောက်ပါအတိုင်း ပြောပြပါသည်။

*"ကျမကလေးမွေးပြီးရင် ရွှေတူးမယ်လို့ စိတ်ကူးထားခဲ့တာ၊ ဒါပေမယ့် ကလေးက သိပ်ငယ်နေပြီးတော့၊ ကျမလည်း အားပြန်မပြည့် သေးဘူးလေ။ ပိုက်ဆံချေးပြီးတော့ ထမင်းဖိုးလေး နဲနဲပါးပါးရပါစေတော့ဆိုပြီး၊ မူးယစ်ဆေးရောင်းရတာပါ။"*
(တွေ့ဆုံမေး မြန်းခြင်း အမှတ်–ဒီ ၁၃)

မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းတွင်၊ အာဏာပိုင်များ၏ ပါဝင်ပတ်သက်မှုကို လူအများသိရှိနေကြပြီး၊ ၎င်းတို့က ဘိန်းခန်းများ ကိုလည်း ပြောင်ပြောင်တင်းတင်း ဖွင့်လှစ်ထားကြသည်။ တုံမလီရွှေတောမှ ဆိုင်ရှင်တစ်ဦးက သူမ၏အတွေ့အကြုံကို အောက်ပါ အတိုင်း ရှင်းပြခဲ့ပါသည်။

*"ကျမဒီနေရာမှာ မနေချင်တော့ပါဘူး၊ ဒီမှာ ဘိန်းစားတွေများလွန်းအားကြီးတယ်။ ကျမဆိုင်ကို ရောင်းပြီးရင် အိမ်ပဲပြန်တော့မယ်။ ရွှေမှော် အုပ်ချုပ်ရေးအဖွဲ့ ဝင်တွေရော၊ စစ်သားတွေရော၊ ရွှေတွင်းလုပ်သား တွေရော အားလုံးဘိန်းစွဲနေကြတာပဲ။ အစိုးရအရာရှိ တချို့လည်း ဒီနေရာမှာလာပြီး၊ မူးယစ်ဆေးဝါးသုံးစွဲကြတယ်။ သူတို့က လောင်းကစားတွေ၊ အနှိပ်ခန်းတွေနဲ့ ဘိန်းခန်းတွေကို သွား ချင်ကြတယ်။ ယာဘား (စိတ်ကြွဆေး) ရော၊ ဘယ်လို မူးယစ်ဆေးဝါးပဲ ဖြစ်ဖြစ် ဒီမှာရနိုင်တယ်။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဒီ ၁၂)

(နအဖ) စစ်အစိုးရက၊ ၎င်းတို့သည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး **United Nations Office of Drugs and Crime—UNODC** နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်ဟု ပြောဆိုနေစဉ်မှာပင်၊ အစိုးရအရာရှိများက မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားမှုကိစ္စများတွင်၊ အမှန်တကယ် ပါဝင်ပတ်သက်နေကြပါသည်။ အာဏာပိုင်များ၏ အကျင့်ပျက်ခြစားမှုများ ကြောင့်၊ တရုတ်–မြန်မာနယ်စပ်မှ ဘိန်းဖြူနှင့် အခြားမူးယစ်ဆေးဝါးမျိုးစုံတို့၊ မြို့ကြီးများနှင့် ရွှေမှော်ဒေသများသို့ ရောက်ရှိ လာကြပြီး၊ ရောင်းဝယ်ဖောက်ကား သုံးစွဲနေကြခြင်း ဖြစ်ပါသည်။ မြစ်ကြီးနားမြို့အခြေစိုက် အစိုးရနှင့်မသက်ဆိုင်သော လူမှုအဖွဲ့အစည်း (NGO) တစ်ခုတွင်၊ အလုပ်လုပ်နေသူ ဝန်ထမ်းတစ်ဦးက အောက်ပါအတိုင်း ရှင်းပြပါသည်။

**အစိုးရမူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးအတွင်း၊ ဥပဒေမဲ့သတ်ဖြတ်မှု**

အာဏာပိုင်များက၊ မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်ငန်းမှ အမြတ်ထွက်နေကြချိန်တွင်၊ တပြိုင်နက်တည်းတွင် လီဒို လမ်းမကြီး တလျှောက် ကင်းလှည့်နေကြသော၊ အစိုးရတပ်ရင်းတစ်ခုမှ တပ်ဖွဲ့များသည်၊ ဘိန်းခင်းများ ဖျက်ဆီးရှင်းလင်းရေးခေါင်းစဉ်ဖြင့်၊ ဘိန်း စိုက်တောင်သူတစ်ဦးကို ဥပဒေမဲ့ သတ်ဖြတ်ခဲ့ကြပါသည်။ အစိုးရ၏ ဘိန်းခင်းများရှင်းလင်းဖျက်ဆီးရေးစီမံချက်ကာလအတွင်း၊ ကြောက်ရွံ့ထွက်ပြေးသော၊ ဘိန်းစိုက်တောင်သူ လူငယ်တစ်ဦးကို၊ (နအဖ) တပ်ဖွဲ့များက အသေရိုက်သတ်လိုက်သည့်အကြောင်းကို အောက်တွင်ဖော်ပြထားပါသည်။

*"၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ၊ တပ်ကြပ်ကြီး မျိုးထွန်း ဦးဆောင်တဲ့ အမှတ် (၂၉၈) ခြေမြန်တပ်ရင်း* က စစ်သား တွေ၊ ဘိန်းခင်းထဲရောက်လာတော့၊ ကျမသားနဲ့ သူ့သူငယ်ချင်းနှစ်ယောက်က၊ ဘိန်းခင်းထဲမှာ ဘိန်းအစေးခြစ်နေကြပါတယ်။ သူတို့ ကြောက်လို့ ထွက်ပြေးကြပါတယ်။ တပ်ကြပ်ကြီးမျိုးထွန်းက သူတို့ကို သေနတ်နဲ့ ပစ်ပါတယ်။ ကျမသားက ပေါင်မှာ သေနတ်မှန် သွားပါတယ်။ သူ မသေသေးတာကိုတွေ့တော့ စစ်သားတွေက၊ သူ့ကို ခြေတောက်ကနေ တရွတ်တိုက်ဆွဲလာပြီးတော့ အသေရိုက် သတ်လိုက်ကြပါတယ်။ အလောင်းကို တနိုင်း ဆေးရုံကိုပို့လိုက်တယ်။ အာဏာပိုင်တွေက အလောင်းဆေးရုံပို့လိုက်တာကို ကျမတို့ ကို အကြောင်းမကြားတော့၊ အဲဒီအချိန်အထိ သားသေသွားတာကို မသိရပါဘူး။ ကျမတို့အသိရဲတစ်ယောက်က ဆေးရုံမှာ အလောင်းတွေ့လာတယ်ပြောတော့မှ သိရတာ။ အဲဒီသေဆုံးမှုအတွက် ကျမတို့ ဘာလျော်ကြေးမှ မရပါဘူး။ နောက်တော့ ရဲသား တချို့ ဆရာဝန်လက်မှတ်ထိုးထားတဲ့၊ ဆေးရုံစားရိတ်ပြေစာယူလာပြီး ငွေလာတောင်းပါတယ်။ ကျမမှာ ပေးစရာငွေမရှိဘူးလို့ သူတို့ ကိုပြောတော့ သူတို့ပြန်သွားကြပါတယ်။ အစိုးရက ကျမသားအသတ်ခံရတဲ့အမှုကို ဘာမှ အရေးယူဆောင်ရွက်တာ လုပ်မပေးပါဘူး။*

*ကျမတို့မိသားစုထဲက၊ အဓိကအလုပ်လုပ်နိုင်သူကို အသတ်ခံလိုက်ရတော့၊ ကျမတို ရပ်တည် ဖို့ခက်နေပါပြီ။ ကျမတို့အတွက် ဘာမှ လုပ်မပေးဘူးဆိုတာသိလို့၊ ကျမတို့ ဘယ်သူ့ကိုမှလည်း တိုင်တာ၊ တရားစွဲတာ မလုပ်ခဲ့ပါဘူး။ အမှုနိုင်အောင်လို့ သူတို့ဘက် ကိုပဲ သူတို့ကာကွယ်ကြမှာသေချာပါတယ်။ ပြီးတော့ သူတို့နဲ့ပတ်သက်ပြီး၊ ကျမတို့မိသားစုပဲ အန္တရာယ်ဖြစ်လာမှာ ကြောက်တယ်။ ကျမတို့ သူတို့ကိုတရားစွဲချင်ပေမယ့် ဘာမှမတတ်နိုင်ပါဘူး၊ နောက်ဆုံးတော့ ဒီအကြောင်းကို ဘယ်သူ့ကိုမှလည်း သတင်းပို့မနေ တော့ပါဘူး။"*
အသတ်ခံရသူ၏ မိခင်နှင့် အစ်မကြီး (တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဒီ ၁၀)

* အမှတ် ၂၉၈ ခြေမြန်တပ်ရင်းသည် အမှတ် ၈၆၊ အမှတ် ၂၃၈ ခြေလျင်တပ်ရင်းနှင့် အမှတ် ၃၁၈ ခြေမြန်တပ်ရင်းတို့နှင့်အတူအထူးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော တပ်ရင်းဖြစ်ပြီး ဒွမ်ဘန်ရွာတွင် အခြေချတပ်စွဲထားပါသည်။

*“အစိုးရကတော့ တချို့မူးယစ်ဆေးဝါးရောင်းဝယ်နေသူတွေကို ဖမ်းပြီးထောင်ချနေတာပါပဲ။ ဒါပေမယ့် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျပ် ငွေ (၁) သိန်းကနေ သိန်း (၅၀) လောက်ပေးလိုက်ရင်၊ ပြန်လွှတ်လိုက်တာချည်းပါပဲ။ အဓိက အရောင်းအဝယ်လုပ်နေတာက ရဲအရာ ရှိတွေ၊ စစ်တပ် အရာရှိတွေနဲ့ ထောက်လှမ်းရေး အရာရှိတွေရဲ့ မိန်းမတွေက လုပ်နေကြတာပါ။ ရဲတပ်ဖွဲ့နဲ့ (နအဖ) စစ်တပ်ပါ ဒီဘိန်း ကုန်ကူးတဲ့ကိစ္စမှာ ပါနေတာတွေ့နေရတယ်။”*(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၁)

ရဲတပ်ဖွဲ့ဝင်များက၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ မူးယစ်ဆေးဝါးများကို သိမ်းယူပြီး၊ ၎င်းတို့နှင့် အကြောင်းအပေါင်းသင့်သူများ အား၊ ပြန်ရောင်းခြင်းအားဖြင့် အမြတ်ရှာနေကြပါသည်။ တနိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင်တစ်ဦးက အောက်ပါအတိုင်း ပြန်လည်တွက်ချက်ပြခဲ့ပါသည်။

*“၂၀၀၄ ခုနှစ်တုံးက၊ မူးယစ်အထူးတပ်ဖွဲ့က တနိုင်းမှာ၊ ဘိန်းမှောင်ခိုတစ်ယောက်ဆီကနေ ဘိန်းမည်း (၂) ကီလိုဂရမ် သိမ်းဆည်းခဲ့ ပါတယ်။ ဘိန်းကို သိမ်းထားလိုက်ပြီး သူတို့က ငွေကျပ် (၃) သိန်းတောင်းပြီး၊ လူကိုပြန်လွှတ်လိုက်ပါတယ်။ နောက်တော့ ဒီ နယ်ထဲ က မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ယောက်နဲ့ပေါင်းပြီး၊ အဲဒီဘိန်း (၂) ကီလိုနဲ့ ပိုက်ဆံရှာဖို့ သူတို့အစီအစဉ်တစ်ခုလုပ်လိုက်ကြပါ တယ်။ အဲဒီလူက အာဏာပိုင်တွေနဲ့ အဆက်အသွယ် ကောင်းကောင်းရှိတဲ့လူ ဖြစ်တဲ့အပြင် ဘိန်းခန်းလဲ ဖွင့်ထားပါတယ်။ သူတို့ အစီအစဉ်က၊ ဘိန်းခန်းပိုင်ရှင်က ရဲတွေသိမ်းထားတဲ့ဘိန်းကို၊ တခြားမူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ယောက်ကို ပြန်ရောင်းဖို့ပါ။ ဝယ်သူလာလို့ရှိရင်၊ သူက ရဲတွေကို သတင်းပေးလိုက်မယ်။ အဲဒီတော့ ရဲတွေက လာဝယ်သူကို ဖမ်းမယ်။ အဖမ်းခံရသူက ရဲတွေကို ငွေကျပ် (၂) သိန်းကနေ၊ (၅) သိန်းအထိပေးရင် ပြန်လွှတ်ပေးမယ်ပေ့ါဗျာ။ အဲဒီဘိန်းကိုပဲ အာဏာပိုင်တွေက ပြန်သိမ်းပြီး နောက်ထပ် တစ်ကြိမ် အဲဒီ အတိုင်းလုပ်မယ်–မလုပ်ဘူးဆိုတာ မသိနိုင်ဘူးပေ့ါဗျာ။ ဒီ နည်းနဲ့ အာဏာပိုင်တွေက မူးယစ် ဆေးဝါးအရောင်းအဝယ် ကိစ္စတွေထဲ ပါဝင်ပတ်သက်နေကြတာပါ။ ဒီ က မူးယစ်ဆေးဝါးရောင်းသူတွေနဲ့ ပေါင်းပြီး ငွေရှာနေကြတာပါဗျာ။”*(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၃)

**ဟန်ပြ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်များ**

၁၉၉၉ ခုနှစ်တွင်၊ နိုင်ငံတကာအကူအညီရရှိရန်အတွက်၊ (နအဖ) စစ်အစိုးရသည်၊ “(၁၅) နှစ်အတွင်း နိုင်ငံအတွင်း၌ မူးယစ်ဆေးဝါး ကင်းစင်ရမည်” ဟူသောဆောင်ပုဒ်ဖြင့်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံချက်တွင် အဆင့် (၃) ဆင့် ပါရှိပြီး၊ ၂၀၁၄ ခုနှစ်တွင်၊ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထားရှိပါသည်။ စီမံချက်တွင် အကျုံးဝင်သောနယ် မြေများမှာ၊

**ရွှေမှော်မှ ကလေးတယောက်၏အတွေ့အကြုံ**

*“ကျနော်ရန်ကုန်ကလာတာပါ။ အဖေနဲ့အမေကွဲသွားလို့ ကျနော့် အဖေနဲ့ ဒီနေရာကို လိုက်လာတာပါ။ အခုတော့ ကျနော်ကျောင်း တက်လို့ မရတော့ပါဘူး။ နေ့တိုင်း အဖေရွှေကျင်တဲ့အလုပ်ကို ကူလုပ်ပေးနေရပါတယ်။ ကျနော်အမေ့ဆီပြန်ပြီး ကျောင်း ပြန်တက်ချင် ပါတယ်။ ဒါပေမယ့် အခုတော့ ငွေစုဖို့ကြိုးစားနေရတာပါပဲ။”* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဂျီ ၁၂၊ အသက် (၁၁) နှစ်အရွယ်ရှိ ရွှေတွင်းအလုပ်သမား)



ပထမအဆင့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ် ၂၂ မြို့နယ် ပါဝင်ပါသည်။ ဒုတိယ အဆင့်တွင်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ် ၂၀ ပါဝင်ပြီး၊ ကချင်ပြည်နယ် အတွင်းရှိ နောက်ထပ်မြို့နယ် (၉) မြို့နယ်သည်၊ တတိယအဆင့်တွင် ပါဝင်ပါသည်။ သို့သော် ထိုစီမံချက်ကို အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိပါ။ ရှမ်းပြည်နယ်တွင် မှတ်တမ်းပြုစုထားချက်များအရ၊ လူမျိုးစုပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုဘဲ၊ တိုင်းရင်းသားလူမျိုးစုပြည်သူများကို ထိန်းချုပ်နိုင်ရန်အတွက်၊ စစ်အစိုးရသည် အမျိုးမျိုးသော ၎င်းတို့၏ ဒေသခံ ပြည်သူ့စစ် လက်နက်ကိုင်အဖွဲ့ဝင်များနှင့်၊ အပစ်အခတ်ရပ်စဲထားသော ငြိမ်းချမ်းရေးအဖွဲ့ဝင်များအား၊ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ် လုပ်ခွင့် ပေးထားပါသည်။ ဤသို့အခွင့်အရေးပေးထားခြင်းအားဖြင့်၊ အပြန်အလှန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်လာရန်အတွက် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့သော မူဝါဒများကြောင့်ပင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အဓိပ္ပါယ်မဲ့စေပါသည်။[၅၅]

၂၀၀၂ ခုနှစ်တွင်၊ (နအဖ) စစ်အစိုးရ၊ (ကေအိုင်အို) နှင့်၊ ငြိမ်းချမ်းရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော ကချင်ဒီမိုကရေစီသစ်တပ်မတော် (အဲန်ဒီအေ–ကေ) တို့ပူးပေါင်းပြီး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံချက်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုစစ်ဆင်ရေးသည် တရုတ်–မြန်မာနယ်စပ်မှအစပြုပြီး၊ ကချင်ပြည်နယ်အတွင်းသို့ တဆင့်ပြီးတစ်ဆင့်၊ တိုးချဲ့ စစ်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ဖေဖော်ဝါရီ လမှ ဧပြီလအတွင်း၊ ဘိန်းခင်း ၄၁၇၆ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြသည်ဟု ဆိုပါသည်။[၅၆] ထိုစစ်ဆင်ရေးသည် ဟူးကောင်းချိုင့်ဝှမ်းဒေသ သို့၊ ၂၀၀၄ ခုနှစ် နှောင်းပိုင်းတွင် ရောက်ရှိလာပြီး၊ (ကေအိုင်အို) နှင့် (နအဖ) စစ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါ သည်။ (ကေအိုင်အို) အဖွဲ့၏ တရားဝင်ထုတ်ပြန်ချက်များအရ၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် (၂၀၀၄–၂၀၀၅) ခုနှစ်အတွင်း၊ ဘိန်းခင်း ၃၃၉ ဧကကိုသာ ဖျက်ဆီးနိုင်ခဲ့သည်ဟု ဆိုပါသည်။[၅၇] ဟူးကောင်းချိုင့်ဝှမ်းမှ သက်ကြီးတစ်ဦးက၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၏ အဟောသိကံဖြစ်ရပုံကို အောက်ပါအတိုင်း မှတ်ချက်ပေးပါသည်။

*“မူးယစ်ဆေးဝါးတိုက်ဖျက်ရေးက မူအားဖြင့် သိပ်ကိုကောင်းပါတယ်။ စစ်ဆင်ရေးမှာ မူးယစ်အထူးတပ်ဖွဲ့၊ စစ်တပ်နဲ့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြတယ်။ သူတို့အလွယ်တကူ ရောက်နိုင်တဲ့နေရာတွေမှာ ဘိန်းပင်တွေကို ရှင်းလင်းဖျက်ဆီးခဲ့ကြတယ်။ ဒါပေမယ့် လာဘ်ထိုးနိုင်တဲ့လူတွေရဲ့ ဘိန်းခင်းတွေကိုတော့ လက်ဖျားနဲ့တောင်တို့မသွားခဲ့ကြပါဘူး။ အာဏာပိုင်တွေ မရောက်သေးတဲ့ ဘိန်းခင်းတွေ အများကြီး ရှိနေသေးတယ်။ လာဘ်မပေးနိုင်သူတွေကတော့ အဖမ်းခံရတာပေါ့။”*

*“ဟူးကောင်းချိုင့်ဝှမ်းဒေသမှာ ဘိန်းခင်းတွေအများကြီးရှိနေပါသေးတယ်။ အဲဒီစစ်ဆင်ရေးက ဘိန်းဈေးတက်အောင် လုပ်ပေးသလို ဖြစ်သွားပါတယ်။ အဲဒီစစ်ဆင်ရေးမှာပါတဲ့ ရဲတွေနဲ့ စစ်သားတွေက ဘိန်းခင်းထဲလည်း ရောက်ရော၊ သူတို့ကိုယ်တိုင်က တစ်ခါထဲ ဘိန်းစိမ်းတွေကို ကျိုပြီး သောက်ကြ၊ ရှူကြတော့တာပါပဲ။”* (တွေ့ဆုံမေးမြန်းခြင်း အမှတ်–ဒီ ၄)

(နအဖ) စစ်အစိုးရက၊ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံဖြစ်လာပြီဟု၊ နိုင်ငံတကာအသိုင်းအဝိုင်းသို့ ဝါဒဖြန့်နေပါ သည်။ တပြိုင်နက်တည်းတွင် ပြည်တွင်းမှသတင်းများ၊ ပြည်ပသတင်းဌာနများသို့မပေါက်ကြားစေရန်လည်း အစွမ်းကုန်ကြိုးစားအား ထုတ်နေခဲ့ပါသည်။ မြစ်ကြီးနားအခြေစိုက်၊ နယ်စည်းမထားဆရာဝန်များအဖွဲ့ **(Medicins du Monde)** တွင်၊ အလုပ်လုပ်နေ သော (အဲန်ဂျီအို) ဝန်ထမ်းတစ်ဦးက၊ သူ့အတွေ့အကြုံကို ရှင်းပြရာတွင်၊ “၂၀၀၄ ခုနှစ်တုန်းက၊ နိုင်ငံခြားသားတစ်ယောက် ဘိန်းကို လွတ်လွတ်လပ်လပ်ရောင်းလို့ရနေတဲ့၊ ဦးဗျစ်ရွာကို ရောက်လာပြီး ဘိန်းခန်းတစ်ခန်းကို ဓာတ်ပုံရိုက်သွားပါတယ်။ အာဏာပိုင်တွေက အဲဒီ သတင်းကို ကြားကြားချင်း၊ ဘိန်းခင်းကို ချက်ချင်း မီးရှို့လိုက်ကြပါတော့တယ်။ ဒါက (နအဖ) စစ်အစိုးရက တိုင်းပြည်တွင်း ဖြစ် ပျက်နေတဲ့ အခြေအနေမှန်တွေကို ဖုံးကွယ်တဲ့နည်းပါ။”ဟု ဆိုခဲ့ပါသည်။ [၅၈]

## ရွှေ့ပြောင်းဒေသများရှိ ပြည့်တန်ဆာလုပ်ငန်း

စီးပွားရေးချွတ်ခြုံကျမှု၊ မျှော်လင့်ချက်ကင်းမဲ့မှုနှင့် မိသားစုများမှ ဝေးကွာနေရမှုတို့သည်၊ ရွှေ့ပြောင်းဒေသများတွင် ပြည့်တန်ဆာလုပ်ငန်း ကြီးထွားကျယ်ပြန့်လာစေရေးအတွက် အထောက်အကူပြုနေသော အချက်များပင် ဖြစ်ပါသည်။ ရွှေ့ပြောင်းများတွင် သာမာန်ဆိုင်အကူ တစ်ယောက်သည်၊ တစ်လလျှင် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ကြား ဝင်ငွေရှိကြပါသည်။ ထမင်းချက်များက နှစ်ဆခန့်ပိုရပါသည်။ တစ်ခါတရံ ဆိုင်ရှင်များက၊ နေစရာပေးလေ့ရှိသော်လည်း၊ ဤနည်းပါးသောဝင်ငွေဖြင့်၊ အဝတ်အစားဖိုး၊ ဆေးဖိုးနှင့် အခြားသော မိသားစုစရိတ်များကို လောက်ငအောင် သုံးစွဲကြရပါသည်။ ကွဲပြားသောအချက်မှာ ပြည့်တန်ဆာလုပ်ငန်းဖြင့် ငွေရှာပါက၊ ဖောက်သည်တစ်ဦးလျှင် ကျပ် ၁၀၀၀၀ မှ ၅၀၀၀၀ အထိ ရနိုင်ခြင်း ဖြစ်ပါသည်။ ပြည့်တန်ဆာလုပ်ငန်းနှင့် မဆိုင်သော အလုပ်များ၏လုပ်ခနည်းပါးခြင်းသည်လည်း၊ တစ်ခါတရံ အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ် အလုပ်ဝင်လုပ်ကြစေရန် တိုက်တွန်းနေခြင်း အကြောင်းတစ်ခုလည်း ဖြစ်ပါသည်။

*"ကျမမိဘတွေ ကွယ်လွန်သွားကြတော့၊ အမျိုးတွေအိမ်မှာ ကျမလိုက်နေရပါတယ်။ သူတို့ကျမကို ဆက်ပြီး စောင့်ရှောက်ဖို့ မတတ်နိုင်တော့လို့၊ ကချင်ပြည်နယ်ကို ပို့လိုက်ကြတာပါ။ ကျမ အိမ်ဖော်အဖြစ် (၄) နှစ်လောက် လုပ်ခဲ့တယ်။ ကျမရဲ့အိမ်ရှင်က စီးပွားပျက်သွားတော့၊ သူတို့ ကျမကို ဆက်မငှားနိုင်တော့ဘူးလို့ ပြောတယ်။ ဒါကြောင့်ကျမ ရွှေတောထွက်ကိုလာခဲ့တယ်။ ကျမ စတိုးဆိုင်မှာ အလုပ်လုပ်ပါသေးတယ်။ ဒါပေမယ့်၊ ကျမ ထင်ထားသလောက် လခမရဘူး။ ကျမစိတ်ဓာတ်ကျလာပြီး ကိုယ့်ဘာသာကိုယ်ဖြေဖျောက်ဖို့ ဘီယာသောက်တယ်။ မျှော်လင့်ချက်မဲ့လာတော့ ကျမဒီဘဝကို ရောက်သွားတော့တာပါပဲ။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်–အက်စ် ၁၉)

အမျိုးသမီးများသည်၊ တစ်ခါတရံ ၎င်းတို့၏မိသားစုကို ထောက်ပံ့ရန် ဝင်ငွေရှာကြရပါသည်။ ရွှေ့ပြောင်းဒေသများတွင် အလုပ်လုပ်၍၊ မိသားစုကို ထောက်ပံ့နေရသော အခြားအမျိုးသမီးတစ်ဦးသည်လည်း၊ ထမင်းချက်အလုပ်မှ ရသောဝင်ငွေဖြင့် မိသားစုကို ထောက်ပံ့ရန် မလုံလောက်သည့်အခါ၊ ပြည့်တန်ဆာအလုပ်ကို လုပ်ခဲ့ရကြောင်း ပြောပြပါသည်။

*"(ကျမဒီအလုပ်ကိုလုပ်ခဲ့ရတာဟာ) မိသားစုအခြေအနေကြောင့်ပါ။ ကျမအဖေက အသက်ကြီးလှပါပြီ။ ကျမအမေရဲ့ ကျန်းမာရေးကလည်း၊ တခြားသူတွေနဲ့ မတူပါဘူး။ ပထမတော့ ကျမရွှေတောကို လာခဲ့တာက စီးပွားရေးတစ်ခုခုလုပ်ဖို့ပါ။ ကျမအဲဒီမှာ ထမင်းချက်လုပ်နေတုန်းမှာပဲ၊ ရွှေတော အလုပ်သမားတွေနဲ့ ဆက်ဆံခဲ့ရတယ်၊ နောက်တော့ သူတို့ဆီက ကျမ ငွေယူပါတယ်။ သူတို့ကလည်း ကျမကိုခေါ်ကြပြီး၊ ပိုက်ဆံလည်းပေးကြတယ် ... ... ...။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်–အက်စ် ၁၈)

*"ကျမဆင်းရဲတဲ့ဒဏ်ကို ဘယ်လိုမှ မခံနိုင်တော့လို့ ငွေရှာဖို့ ဒီကို လာခဲ့တာပါ။ အစပိုင်းမှာတော့ ကုန်စုံဆိုင် တစ်ဆိုင်မှာ ကျမဈေးရောင်းပါတယ်။ ပြီးတော့ ကျမ ထမင်းချက်လုပ်ပါတယ်။ အရက်သောက်ဖို့လာတဲ့ ဖောက်သည်တွေအတွက် ကျမစားစရာသောက်စရာတွေနဲ့ အကင်တွေ ကင်ပေးပါတယ်။ နောက်ဆုံးတော့ ကျမ ကိုယ်တိုင် အရက်အလွန်အကျွံသောက်လာပြီးတော့၊ ဒီဘဝကို ရောက်လာရတော့တာပါပဲ။"*
(ပြည့်တန်ဆာတစ်ဦး) (တွေ့ဆုံမေးမြန်းခြင်း အမှတ်–အက်စ် ၅)

တက္ကသိုလ်ပညာ ဆက်လက်သင်ယူချင်ကြသော၊ ကျောင်းသူကျောင်းသားများ၏ ဘဝမျှော်လင့်ချက် ကင်းမဲ့စေသော ဆင်းရဲချို့တဲ့မှု သည်လည်း၊ ၎င်းတို့အား မည်သည့်

အလုပ်ကိုမဆို လုပ်ရန် တွန်းအားပေးသလိုဖြစ်လာပါသည်။ ထိုအချက်သည် အမျိုးသမီးငယ်များ အား၊ ပြည့်တန်ဆာဘဝသို့ တွန်းပို့နေသော အကြောင်းတစ်ရပ်လည်း ဖြစ်ပါသည်။

*"ကျမ တက္ကသိုလ်တက်ဖို့ လိုတဲ့ငွေရှာဖို့ လာခဲ့တာပါ။ ပထမနှစ်စာမေးပွဲကို ထမင်းချက်လုပ်ရင်းနဲ့ ဖြေခဲ့တာပါ။ ကျမ ငွေလောက် အောင်မရှာနိုင်ခဲ့ဘူး၊ ကျမလည်း အားလျော့လာတယ်။ ထမင်းချက်လုပ်နေတုန်းမှာ ကျမ ရွှေတောအလုပ်သမားတစ်ချို့နဲ့ တစ်ခါတစ်ခါ အဆက်အဆံရှိခဲ့ပါတယ် ... ... ...။ နောက်ဆုံးတော့ ကျမ ဘွဲ့မရမချင်း ဒီအလုပ်ကိုလုပ်မယ်ဆိုတဲ့အတွေးနဲ့ ပြည့်တန်ဆာ အလုပ်ကို လုပ်ဖြစ်ခဲ့တာပါ။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်–အက်စ် ၅)

အခြား ပြည့်တန်ဆာတစ်ယောက်ကမူ–

*"ကျမကျောင်းတက်နိုင်ဖို့အတွက် အလုပ်ရှာခဲ့တာပါ။ ကျမ (၉) တန်းရောက်တော့၊ သူငယ်ချင်းတစ်ယောက်က ရွှေမှော်ဒေသသွားပြီး၊ အလုပ်လုပ်ရင် ပိုက်ဆံပိုရမယ်လို့ အကြံပေးပါတယ်။ ကျမထမင်းချက်အဖြစ်လုပ်နေတုန်းမှာ ရည်းစားတစ်ယောက်ရပြီး ကျမ အပျိုရည်ပျက်ခဲ့ရတယ်။ ကျမ တတိယရည်းစားရချိန်မှာ အလုပ်ပြုတ်သွားပါတယ်။ ကျမရည်းစားက ကျမကိုလက်ထပ်ဖို့ ကတိဖျက်ခဲ့ပါတယ်။ အရပ်ထဲမှာ ကျမနာမည်ထွက်လာတော့၊ ရွှေမှော်ဒေသက လူကြီးတွေက၊ ကျမကိုဒီနေရာကထွက်သွားဖို့ ပြောကြပါ တယ်။ ကျမနာမည်ပျက်သွားပါတယ်။ ဒီလိုနဲ့ အသက်ရှင်ဖို့အတွက် ဒီဘဝကို ရောက်ခဲ့ရတာပါ။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်–အက်စ် ၁၅)

အိမ်ထောင်ရေးပြင်ပတွင် လိင်ဆက်ဆံမှုအပေါ်၊ မလိုဖယ်ကျဉ်ကြသော လူမှုအဖွဲ့အစည်းအတွင်း အရိုးစွဲနေသော အမြင်သဘော ထားများကြောင့်လည်း၊ အမျိုးသမီးများကို အရှက်တရားသံသရာထဲ နစ်မြုပ်စေကာ၊ နောက်ဆုံး ဤလိင်ဖျော်ဖြေရေးလုပ်ငန်းထဲတွင် အမျိုးသမီးများကျရောက်စေခြင်း၊ ရုန်းမထွက်နိုင်ပဲ ဆက်လက်လုပ်ကိုင်နေရခြင်း ဖြစ်စေပါသည်။ ချစ်သူသစ္စာဖောက်ခံရခြင်း၊ သို့မဟုတ် အခွင့်အရေးယူ လှည့်စားခံရခြင်းတို့ကြောင့်၊ နောက်ဆုံးငင်းတို့ ပြည့်တန်ဆာ ဖြစ်လာရစေသည်ဟု အမျိုးသမီးအချို့က ဖော်ပြကြသကဲ့သို့၊ အချို့ကလည်း ကွာရှင်းပြတ်စဲခြင်းနှင့်၊ အိမ်ထောင်ဖက်နှင့်ဝေးကွာနေရခြင်းတို့ကို ပြည့်တန်ဆာဖြစ်စေသည့် အကြောင်းအချက်များအဖြစ် ဖော်ပြကြပါသည်။

*"လွန်ခဲ့တဲ့လေးနှစ်၊ ကျမ (၄) တန်းတုန်းက ဗမာစစ်သားတစ်ယောက်နဲ့ သမီးရည်းစားဖြစ်မိလို့ ကျမဘဝပျက်ခဲ့ရတာပါ။ သူတို့တပ်ပြောင်းတော့ သူ့မှာလက်ထပ်ပြီးသား၊ မိန်းမတစ်ယောက်ရှိလို့ ကျမကို လက်မထပ်နိုင်ဘူး ပြောပါတယ်။ ကျမဘာလုပ်ရမှန်း မသိ တော့ပါဘူး။ ရွာမှာနာမည်ပျက်ပြီး၊ တနိုင်းရွှေတောမှာ ထမင်းချက်အဖြစ်နဲ့ ဘဝကိုအခြေချဖို့ကြိုးစားရင်း ... ... ..."*။ (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် အက်စ် ၁၂)

*"ကျမယောကျ်ားနဲ့ အဆင်မပြေဖြစ်ပြီး ဖားကန့် (ရွှေမှော်ဒေသ) ကို ထွက်လာပြီး၊ နောက်တော့ ပြည့်တန်ဆာလုပ်ဖြစ်ပါတယ်။ နောက်တော့ ကျမနောင်တရပြီး အိမ်ပြန်သွားခဲ့တယ်၊ ဒါပေမယ့် ကျမမိဘတွေ ကျမအကြောင်းသိသွားကြတဲ့အခါ၊ ကျမကို*

*"ကျမပညာသင်ချင်လွန်းအားကြီးလို့၊ ဈေးရောင်းပြီးစရိတ်ရှာဖို့ တောင်ပေါ် တက်လာခဲ့တာပါ။ အဲဒီမှာ စစ်သား တစ်ယောက်ရဲ့မုဒိန်း ကျင့်ခံရပြီး ကျမ ဘဝပျက်ခဲ့ရတာပါ။ အဲဒီတုန်းက ကျမ (၈) တန်းပဲရှိပါသေးတယ်။ စာမေးပွဲ ကိုလည်း ဂုဏ်ထူးတွေနဲ့ အောင်မြင်မယ် လို့ကျမယုံတယ်။ ဒါပေမယ့် အပျိုရည် အဖျက်ခံရပြီး တဲ့နောက်၊ ကျမရှက်ပြီး မြစ်ကြီးနားကို ထွက်လာခဲ့တယ်။ အဲဒီမှာ အိမ်ဖော် အဖြစ်နဲ့ အလုပ်လုပ်နေတုံးမှာ၊ ဆံပင်ညှပ် သင်တန်းတက်ပြီး တနိုင်းမှာ အလှပြင်ဆိုင်ဖွင့်ဖို့၊ ကျမ သူငယ်ချင်း တွေနဲ့ သဘောတူခဲ့ကြတယ်။ အဲဒီနောက် ကျမ အောင်လွတ် ရွှေမှော်ကို ထွက်လာပြီး ဆံပင်အလှ ပြုပြင်ရေးဆိုင်နဲ့ အနှိပ်ခန်းဖွင့် ဖြစ်သွားပါတယ်။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ် အက်စ် ၁၄)

*အိမ်ပေါ်က နှင်ချလိုက်ကြပါတယ်။ ကျမ ဒီရွှေတော (အောင်ကျတ်မော်) ကို ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုခုလုပ်ပြီး၊ သိက္ခာရှိရှိ နေထိုင်ဖို့ ထွက်လာခဲ့တာပါ။ ဒါပေမယ့် ထမင်းချက်အဖြစ်နဲ့ရတဲ့လုပ်ခက နည်းလွန်းလို့၊ ဒီဘဝထဲ ပြန်ရောက်သွားတော့တာပါပဲ။”*(တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် အက်စ် ၃)

မြန်မာစစ်သားများ၏ မုဒိန်းကျင့်ခံရမှုကလည်း အမျိုးသမီးများ၏ဘဝကို ထိခိုက်ပြောင်းလဲစေပါသည်။ (နအဖ) စစ်အစိုးရက ကချင်ပြည်နယ်ရှိ ၎င်း၏စစ်တပ်အင်အားကို တိုးချဲ့လာသည်နှင့်အမျှ၊ ရွာများမှ အမျိုးသမီးများအပေါ် မုဒိန်းကျင့်ခံရမှုများလည်း ပိုမိုများပြားလာပါသည်။ မုဒိန်းကျင့်ခံရရာမှ ရွာတွင်မနေရဲလောက်အောင် အရှက်ရလာကြပြီး၊ နောက်ဆုံးတွင် ရွှေမှော်ဒေသများတွင် အလုပ်လုပ်ရန်အတွက် ထွက်လာခဲ့ကြရပါတော့သည်။ ထိုအခြေအနေများသည်လည်း၊ ပြည့်တန်ဆာလုပ်ငန်းကို ပိုမိုတိုးတက်ဖြစ်ပေါ်စေရန် ထောက်ကူနေသော အကြောင်းအရင်းများဖြစ်ပါသည်။

ပြည့်တန်ဆာအလုပ်လုပ်ကိုင်နေကြသူအမျိုးသမီးများအနက် အများစုသည်၊ ၎င်းတို့ရင်ဆိုင်ကြရသော ဘဝအခက်အခဲများကို အကြောင်းပြုပြီး ပြည့်တန်ဆာဖြစ်လာကြခြင်းဖြစ်ပါသည်။ ရွှေမှော်ဒေသများသို့ ပြည့်တန်ဆာလုပ်ရန် တမင်ရည်ရွယ်ပြီး ထွက်လာ ခဲ့သည့်အမျိုးသမီးများ၊ အလွန်ရှားပါးသည်ကို တွေ့ရပါသည်။ အများစုသည် ဈေးဆိုင်အကူ၊ သို့မဟုတ် ထမင်းချက်အဖြစ် အလုပ်လုပ်နေကြရင်းနှင့်ပင်၊ နောက်ဆုံးတွင် ပြည့်တန်ဆာဘဝသို့ ရောက်ကုန်ကြခြင်းဖြစ်သည်။ ပြည့်တန်ဆာအလုပ်လုပ်မိသည်နှင့် တပြိုင်နက်၊ ၎င်းတို့ကို မည်သူမျှ ကောင်းကောင်းမွန်မွန် မဆက်ဆံကြတော့သည့်အပြင်၊ ၎င်းတို့နေထိုင်ခဲ့သည့် ရပ်ရွာများမှ ရွာသူရွာသားများပင်လျှင် လက်သင့်မခံကြတော့ချေ။ ထို့ကြောင့်ပင် ထိုအမျိုးသမီးများသည် မိမိတို့နေရင်းရပ်ရွာများသို့ မပြန်ရဲကြတော့ဘဲ၊ ဘဝလိုအပ်ချက်များ ပြည့်စုံရန်အတွက်သာ ကြိုးပမ်းနေကြရပါတော့သည်။

## **အတိဒုက္ခရောက်သူများအပေါ် အမြတ်ထုတ်ခြင်း**

ပြည့်တန်ဆာလုပ်ငန်းမှ အမြတ်ရနေသူများများတွင်၊ (နအဖ)အာဏာပိုင်များပါ အပါအဝင်ဖြစ်ပြီး၊ ထိုသူများက ပြည့်တန်ဆာလုပ်ငန်းကို အားပေးအားမြှောက် ပြုနေကြပါသည်။ ၎င်းတို့၏အကျိုးစီးပွားကိုကာကွယ်ရန်အလို့ငှာ၊ ထိုလုပ်ငန်းကိုနှိပ်ကွပ်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း အားနည်းမှေးမှိန်အောင် ပြုလုပ်နေကြပါသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ကာရာအိုကေသီချင်းဆိုခန်းများကို၊ ဒေသခံရွှေတွင်းပိုင်ရှင်များ၏ လက်ထောက်ဖြစ်သူ အုပ်ချုပ်ရေးမှူးများနှင့် စီးပွားရေးသမားများက ပိုင်ဆိုင်ကြပါသည်။ သို့သော် (နအဖ) စစ်အစိုးရမှ အပြည့်အဝထိန်းချုပ်ထားသော ဟူးကောင်းချိုင့်ဝှမ်းဒေသ မြောက်ပိုင်းရှိ ရှင်ဘွီယန်ရွှေမှော်၏ အခြေအနေမှာ သိသိသာသာ ခြားနားပါသည်။ အောက်တွင်ဖော်ပြထားသော သီးခြားလေ့လာမှုဖြစ်ရပ်ပါအတိုင်း၊ ရှင်ဘွီယန်ရွှေမှော်တွင် (နအဖ) အာဏာပိုင်များသည် ဇိမ်ခန်းများ ဖွင့်လှစ်ထားခွင့်ပြုခြင်း၊ အကျိုးအမြတ်ရယူခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ ကူညီအားပေးခြင်းများပြုလုပ်နေကြယုံမျှသာမက၊ ဇိမ်ခန်းများမှ ထွက်ပြေးသောအမျိုးသမီးများကို ပြန်လည်ဖမ်းဆီးခြင်း၊ ပြန်လည် ရောင်းချခြင်းတို့တွင် ဒေသခံစီးပွားရေးသမားများနှင့်အတူတကွ လျို့ဝှက်၍လည်း၊ ပူးပေါင်းလုပ်ဆောင်ရွက်

*“ဖောက်သည်တွေမူးပြီးလာကြတဲ့အချိန်မှာဖြစ်ဖြစ်၊ တစ်ခါတစ်ခါ သူတို့မမူးရင်တောင်မှ ကွန်ဒုံးအစွပ် မသုံးချင်ကြဘူး၊ အဲဒါမျိုးဆို ကျမရှုံးမတတ်ဖြစ်ရတယ်။ ကျမ အဲဒါမျိုး မလုပ်ချင်ဘူး၊ ဒါပေမယ့် ကျမမလုပ်လို့မရဘူး။ ကျမအဲဒီလိုယောကျ်ားမျိုးကိုဆိုရင်အရမ်းစိတ်ပျက်တယ်။”* (တွေ့ဆုံမေးမြန်းခြင်း အမှတ် အက်စ် ၅)

ဖြစ်ရပ်အားလုံးတွင် အထက်ပါ အခြေအနေမျိုး၌ ခြိမ်းခြောက်ခံရမှုနှင့် အကြမ်းဖက်ခံရမည်ကို သိရှိနေခြင်းတို့ကြောင့်၊ ပြည့်တန်ဆာ အမျိုးသမီးများအတွက် ရွေးချယ်စရာ မရှိသလောက် ဖြစ်စေပါသည်။ တွေ့ဆုံမေးမြန်းခြင်း တစ်ခုတွင် “ကျမ မုဒိန်းကျင့်ခံရတာတို့၊ အသတ်ခံရတာတို့လို ကိစ္စမျိုးကို ကြားဖူးတယ်” ဟုဆိုပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ် အက်စ် ၄)



*ရွှေမှော်တစ်ခုရှိ အနှိပ်ခန်းမှ အမျိုးသားဖောက်သည်တစ်ဦး*

## သီးခြားဖြစ်ရပ်လေ့လာတွေ့ရှိချက်
## အတင်းအကျပ် ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်းတွင်၊ (နအဖ) အာဏာပိုင်များ၏ လျို့ဝှက်ပူးပေါင်းကြံစည်မှု

၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် **MWAF** မှ[၄၉] အဖွဲ့ဝင်အချို့သည်၊ ရှင်ဘွီယန်ရွှေမှော်သို့ ရန်ပုံငွေရှာရန်လာ ရောက်ခဲ့ကြသည်။ စင်တင်တေးဂီတဖြေဖျော်ပွဲတစ်ခုကို ကျင်းပပြုလုပ်ခဲ့သော်လည်း၊ ရွှေမှော်ဒေသရှိလူများစုသည် လောင်းကစားကိစ္စ များကိုသာ စိတ်ဝင်စားနေကြသဖြင့်၊ ဖြေဖျော်ပွဲသို့ မည်သူမျှမလာရောက်ခဲ့ကြချေ။ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မည်သည့် ရန်ပုံငွေမျှမရရှိကြသဖြင့်၊ ပြန်ရန်စီစဉ်နေကြစဉ် နာဂအမျိုးသမီးပြည့်တန်ဆာအချို့က၊ ၎င်းတို့အား လာရောက်ဆက်သွယ်ခဲ့ကြသည်။

ထိုပြည့်တန်ဆာအမျိုးသမီးများက၊ ၎င်းတို့အား ထိုဒေသရှိ ဦးကျော်ဝင်းဆိုသူ၏ ဇိမ်ခန်းမှ ထွက်ပြေးကြသော အမျိုးသမီးငယ် (၂) ဦး၏ အကြောင်းကို ပြောပြကြသည်။ ထိုအမျိုးသမီးငယ် (၂) ဦးသည် ထွက်ပြေးစဉ်၊ ရဲများဖမ်းဆီးခြင်းကိုခံကြရပြီး ထိုဇိမ်ခန်းသို့ပင် ပြန်လည်ရောင်းချခြင်းခံကြရသည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် တစ်စုံတရာဆောင်ရွက်မှ ဖြစ်တော့မည်ဆိုသည်ကိုနားလည်ကြသဖြင့် ထိုဇိမ်ခန်းအကြောင်းကိုစုံစမ်းပြီးနောက်၊ ထိုနေရာသို့သွားရန် ဆုံးဖြတ်လိုက်ကြသည်။

၎င်းတို့ရောက်သွားသောအချိန်တွင်၊ စစ်တပ်မှ တပ်ကြပ်ကြီးတစ်ဦး ထောင့်တစ်ထောင့်တွင် ငွေတောင်းနေသည်ကို တွေ့ကြရသည်။ ပြန်ဖမ်းခံရပြီး ပြန်ပို့ခံထားရသော အမျိုးသမီးငယ် (၂) ဦးလည်း ထိုနေရာမှာပင် ရှိနေကြသည်။ ၎င်းတို့သည် ရဝမ်အမျိုးသမီးတစ်ဦး နှင့် လီဆူးအမျိုးသမီးတစ်ဦးဖြစ်ကြပြီး၊ အသက် ၁၆ နှစ်နှင့် ၂၀ နှစ် အသီးသီး ရှိကြသည်။ အစတွင် ၎င်းတို့အား စားသောက် ဆိုင်တွင်အလုပ်လုပ်ရန် ခေါ်လာကြခြင်းဖြစ်ပြီး၊ ရွှေမှော်သို့ရောက်သောအခါ ဇိမ်ခန်းသို့ အပို့ခံခဲ့ကြရခြင်း ဖြစ်သည်။ ၎င်းတို့သည် ဖောက်သည်တစ်ဦးလျှင် ၅၀၀၀ ကျပ်မှ ကျပ် ၁၀၀၀၀ ကြား ရကြသည်။ ၎င်းတို့အား ထိုအလုပ်ကို မလုပ်လျှင် ထမင်းကျွေးမည်မဟုတ်ဟု ခြိမ်းခြောက်ထားသည်။ သူတို့သည် အစားအသောက်ဝဝလင်လင် မစားကြရသဖြင့် အာဟာရချို့တဲ့နေကြသည်။ ၎င်းတို့ထွက်ပြေးကြစဉ် ရဲများက ၎င်းတို့အားပြန်လည်ဖမ်းဆီးခဲ့ကြပြီး၊ ဇိမ်ခန်းသို့ ကျပ်ငွေ ၂၀၀၀၀ ဖြင့် ပြန်ရောင်းခဲ့ကြသည်။ ထိုအမျိုးသမီးငယ်နှစ်ဦး၏ ပုံမှန်ဖောက်သည်များမှာ စစ်တပ်အရာရှိများနှင့် စီးပွားရေးသမားများဖြစ်ကြသည်။

အမျိုးသမီးရေးရာအဖွဲ့ဝင်များသည်၊ ပြန်လည်ဖမ်းဆီးခံခဲ့ရသော ထိုအမျိုးသမီးငယ်နှစ်ဦးကို တွေ့ဆုံမေးမြန်းအသံဖမ်းယူခြင်း၊ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်းများပြုလုပ်ပြီး၊ စားသောက်ဆိုင်တစ်ခုသို့ခေါ်ဆောင်သွားခဲ့သည်။ (နအဖ) ဒေသခံတပ်စခန်း၏ တပ်မှူးနှင့် တနိုင်းမြို့နယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မယက) မှ ပုဂ္ဂိုလ်များသည် ၎င်းတို့သိက္ခာကျမည်ကို စိုးရိမ်သဖြင့်၊ နောက်တစ်နေ့တွင် ဒေသကွပ်ကဲရေးဌာနချုပ် (ဒကစ) အတွင်းရေးမှူး၊ ဦးကျော်ဦးလွင်သည် ထိုအမျိုးသမီးငယ် (၂) ဦးကို ငွေကျပ် တစ်သိန်းဖြင့်၊ ပြန်ရွေးရန်ကမ်းလှမ်းပြီးနောက် ၎င်း၏သိက္ခာကို ပြန်လည်အဖတ်ဆယ်ရန် ကြိုးပမ်းခဲ့သည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ထိုငွေကိုမယူဘဲ အမျိုးသမီးငယ်နှစ်ဦး၏ လျော်ကြေးငွေအဖြစ်လက်ခံထားလိုက်ကြသည်။ ငွေလက်ခံခြင်းကိုလည်း ဓာတ်ပုံမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် မကြာမီတွင်ပင်၊ ဓာတ်ပုံအားလုံးနှင့် တိတ်ခွေများအားလုံးကို၊ ဒေသကွပ်ကဲရေးဌာနချုပ် (ဒကစ) မှလာရောက်သိမ်းယူ လိုက်သည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးကိုလည်း စစ်ကြောရေးပြုလုပ်ပြီး၊ အသင်းမှ အတင်းအကျပ် နှုတ်ထွက်ခိုင်းခဲ့သည်။

ရှင်ဘွီယန် အမျိုးသမီးရေးရာရုံးမှလည်း စိုးရိမ်ကြောက်လန့်မှုကြောင့်၊ မည်သို့မျှ အရေးယူဆောင်ရွက်မှု မပြုရဲတော့ချေ။ ထိုအမျိုး သမီးငယ်များ၏ အမှုအတွက်လည်း အရေးယူဆောင်ရွက်ပေးမည့်သူ မရှိတော့ပါ။

ထိုဇိမ်ခန်းပိုင်ရှင်သည်၊ (မယက) မြို့နယ်အုပ်ချုပ်ရေးသို့ တစ်နှစ်လျှင် ငွေကျပ် ၁၂ သိန်း၊ (ဒကစ) သို့ ငွေကျပ် သိန်း ၃၀ ပေး ဆောင်ထားသူ ဖြစ်ပါသည်။ ထို့ကြောင့် (နအဖ) အာဏာပိုင်များ၏အဓိကပူပန်မှုမှာ ကချင်အမျိုးသမီးငယ်များ၏ဘဝမဟုတ်ဘဲ၊ ၎င်းတို့၏ ဝင်ငွေသာ ဖြစ်နေပါတော့သည်။

နေကြပါသည်။ ဖြစ်ရပ်တစ်ခုတွင်၊ ဇိမ်ခန်းများမှ ထွက်ပြေးရန် ကြိုးစားသောအမျိုးသမီးများကို၊ အကူအညီပေးမိသော ဒေသခံများကို မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ (နအဖ) အာဏာပိုင်များက၊ ထိုအမျိုးသမီးများကို ပြန်လည် ဖမ်းဆီးပြီးနောက်၊ ဒေသကွပ်ကဲရေးဌာနချုပ် (ဒကစ)၏ အရေးယူအပြစ်ပေးခြင်းကိုပါ ခံကြရ ပါသည်။ ထို့နောက် အမျိုးသမီးများကို ဖမ်းဆီး၍၊ ဇိမ်ခန်းများသို့ပြန်ရောင်းရန် လျှို့ဝှက်စွာ ပါဝင်ကြံစည်ဆောင်ရွက်ခဲ့ကြပါသည်။

## ပြည့်တန်ဆာများ ရင်ဆိုင်နေကြရသော အန္တရာယ်များ

ရှင်ဘွီယန်ရွှေမှော်ဒေသတွင် မည်သည့်နည်းနှင့်မျှထွက်ပြေး၍မလွတ်နိုင်သော၊ အတင်းအကျပ် ပြည့်တန်ဆာပြုကျင့်ခြင်းကို ပေါ်ပေါ်ထင်ထင်ကျင့်သုံးနေပါသည်။ ထွက်ပြေးရန်ကြိုးစားသူအမျိုးသမီးများသည် ပြန်အဖမ်းခံရပြီး၊ ပြန်ရောင်းခံကြရပါသည်။ ထွက်ပြေးသူ များကို ကူညီသူများသည်လည်း၊ အာဏာပိုင်များ၏ တုံ့ပြန်လက်စားချေခြင်းကို ခံကြရပါသည်။ မြစ်ကြီးနားမြို့တွင် တွေ့ဆုံမေးမြန်းခဲ့သော ပြည့်တန်ဆာများကလည်း၊ လိမ်လည်လှည့်စားခြင်း၊ အတင်းအကျပ်ကိုယ်ဝန်ဖျက်ချခိုင်းခြင်းများအပါအဝင် ဇိမ်ခန်းများတွင်၊ အတင်းအကျပ် ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်းအကြောင်းများကို ပြောပြကြပါသည်။ (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် အက်ဲစ် ၈) ပြည့် တန်ဆာလုပ်ငန်းသည်၊ သဘောသဘာဝအရ လိင်လုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရစေခြင်းနှင့် အန္တရာယ်တောတွင် အကာအကွယ်မဲ့ ဖြစ်ကျန်ရစ်စေပါသည်။

အနှိပ်ခန်းများတွင် အလုပ်လုပ်နေကြရသော၊ အမျိုးသမီးများသည်လည်း၊ ဖောက်သည်များပေးသော အခကြေးငွေ၏ (သုံးပုံတစ်ပုံ) ကိုသာရကြပြီး၊ ပိုင်ရှင်များက (သုံးပုံနှစ်ပုံ) ကို ယူကြပါသည်။ ဤစာတမ်းအတွက် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများအရ၊ (နောက် ဆက်တွဲများကိုကြည့်ပါ။) အမျိုးသမီးများသည်၊ ၎င်းတို့၏ ခန္ဓာကိုယ်ကို ကျပ်ငွေ ၁၀၀၀ မျှဖြင့်သာ ရောင်းချနေကြရသည်ကို တွေ့ရှိရပါသည်။ ဖောက်သည် မလာသောညများတွင်၊ ထိုအမျိုးသမီးများသည် ဝင်ငွေတစ်ပြားမှ မရရှိကြတော့ပါ။ မိမိတို့ဘာသာ လုပ်ကိုင်နေကြသော ပြည့်တန်ဆာများအတွက်မူ၊ အခကြေးငွေတောင်းယူရန် အခက်အခဲရှိနိုင်ပါသည်။ ပြည့်တန်ဆာအမျိုးသမီးတစ်ဦးက "တစ်ခါတစ်ခါ လူတွေကမူးပြီးလာကြတယ်၊ ပြီးတော့ ပိုက်ဆံလည်းမပေးကြဘူး။ ကျမလည်း ဘာမှ မတတ်နိုင်ဘူး။" ဟု ဆိုပါသည်။ (တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် အက်ဲစ် ၁၉) ထိုအချက်သည် လိင်ဆက်ဆံခြင်းမှတစ်ဆင့်ကူးစက်တတ်သော အခြားရောဂါများ ကာကွယ်ရေး အတွက်လည်း ပြဿနာတစ်ခု ဖြစ်ပါသည်။

ဖြစ်ရပ်အားလုံးတွင် အထက်ပါအခြေအနေမျိုး၌ ခြိမ်းခြောက်ခံရမှုနှင့် အကြမ်းဖက်ခံရမည်ကို သိရှိနေခြင်းတို့ကြောင့်၊ ပြည့်တန်ဆာ အမျိုးသမီးများအတွက် ရွေးချယ်စရာ မရှိသလောက် ဖြစ်စေပါသည်။ တွေ့ဆုံမေးမြန်းခြင်းတစ်ခုတွင် "ကျမ မုဒိန်းကျင့်ခံရတာတို့၊ အသတ်ခံရတာတို့လို ကိစ္စမျိုးကို ကြားဖူးတယ်" ဟုဆိုပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ် အက်ဲစ် ၄)

မြစ်ကြီးနားမြို့တွင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စက်တင်ဘာ (၂၅) ရက်နေ့မှ (၂၇) ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့သောတိုင်းမှူး၏ လျှို့ဝှက် အစည်းအဝေးတစ်ခု၏အရ၊ မြောက်ပိုင်း တိုင်းမှစစ်သား ၈၆၄၃ ဦး လောလော ဆယ်တွင် အိပ်(ချ်) အိုင်ဗွီ ရောဂါကူးစက် ခံထားရသည်ဟု ဆိုပါသည်။ ယင်းတို့ အနက် ၄၅၈ ဦးသည်၊ အရာရှိများ ဖြစ်သည်။ အသည်းရောင် အသားဝါ (ဘီ) ပိုး ကူးစက်ခံ ထားရသော ဦးရေမှာ ၆၃၈၄ ဦးရှိပြီး၊ ၁၇၂၄ ဦးမှာ အရာရှိများ ဖြစ်သည်ဟု သိရှိရပါသည်။

## အိပ် (ချ်) အိုင် ဗွီ၊ အေအိုင်ဒီအက် (စ်)

လိင်ဆက်ဆံရာမှ ကူးစက်သည့် ရောဂါများဖြစ်သော ကာလသားရောဂါ၊ဂနိုသောင်းကျ ရောဂါ၊ ရေယုန်နှင့် အခြားအရေပြားမှုရောဂါ တို့ကဲ့သို့သော ကူးစက်ရောဂါများသည် ရွှေမှော်ဒေသများတွင် အထူးအဆန်းရောဂါများ မဟုတ်ကြပါ။ သို့သော် ပြည့်တန်ဆာ လုပ်ငန်းနှင့်၊ သွေးကြောတွင်းသို့ မူးယစ်ဆေးထိုးသွင်းသုံးစွဲမှုများကြောင့်၊ အိပ် (ချ်) အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်) ရောဂါသည်၊ ပိုမိုဆိုး ရွားလာနေသော အရေးအကြီးဆုံးကျန်းမာရေးပြဿနာဖြစ်ပါသည်။

အိပ် (ချ်) အိုင်ဗွီရောဂါပိုး ရှိနေ–မနေကို စမ်းသပ်ရန် မဖြစ်နိုင်ပါ။ အကြောင်းမှာ စမ်းသပ်စစ်ဆေးရန် ပစ္စည်းကရိယာများ မရှိသော ကြောင့်ဖြစ်ပါသည်။ တုံမလီရွှေမှော်ဒေသတွင် ဆေးခန်းဖွင့်ထားသော၊ ဆရာဝန်တစ်ဦးက လူတစ်ရာအနက် (၃) ဦး၊ သို့မဟုတ် (၄) ဦးကသာ အိပ် (ချ်) အိုင်ဗွီ ပိုး ရှိ–မရှိ စမ်းသပ်ထားသည်ဟု ဆိုပါသည်။ စမ်းသပ်ထားသူများအားလုံးတွင်၊ အိပ် (ချ်) အိုင်ဗွီ ပိုး ရှိနေသည်ကို တွေ့ရပါသည်။ ထိုဆရာဝန်က လူအများစုသည် ကျန်းမာရေးဗဟုသုတ နည်းပါးခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေကို အခြားသူများမသိစေချင်သောကြောင့်လည်းကောင်း၊ ဆေးစစ်လေ့မရှိကြကြောင်း မှတ်ချက်ပေးပါသည်။ ထိုဆရာဝန်က အိပ် (ချ်) အိုင်ဗွီ ပိုးစစ်ရန် ပစ္စည်းများဝယ်ယူထားသော်လည်း၊ ဆေးလာစစ်သူမရှိသလောက်ဖြစ်သည်ဟု ပြောပြပါသည်။ ဆရာဝန်က ပြဿနာကို ဤသို့သုံးသပ်ပြပါသည်။

*"ရွှေမှော်တွေမှာ လူတွေက ဘဝမျိုးစုံကနေလာနေကြတာ။ ဒီနေရာမှာ စီးပွားရေးလာလုပ်နေကြတာ၊ လူနေတဲ့ ရပ်ရွာ လူမှုအဖွဲ့ အစည်းတစ်ခုလို မဟုတ်ဘူးလေ။ လူတွေက မမြဲကြဘူး၊ သူတို့က တစ်နေရာကနေ တစ်နေရာကို ပြောင်းပြောင်းနေကြပြီးတော့၊ သူတို့ သန့်ခေါင်စာရင်းကိုလည်း ယူလာလေ့မရှိကြဘူး။ အိမ်ထောင်ကျပြီးသား အမျိုးသမီးတွေရော၊ အမျိုးသားတွေရော၊ သူတို့ အိမ်ထောင်ဖက် (သို့မဟုတ်) မိသားစုတွေကို ခေါ်လာလေ့မရှိကြဘူး။ သူတို့ လိင်ပြဿနာကို အလင်းသင့်သလို ဖြေရှင်းကြတဲ့အခါ ကွန်ဒုံးအစွပ် မသုံး ကြတော့ အိပ် (ချ်) အိုင်ဗွီ ပိုးတွေ ကူးစက်ကုန်တော့တာပေါ့ဗျာ။ ရောဂါဖြစ်လာတော့လည်း၊ သူတို့က နည်းနည်းပါးပါးမေးစမ်းပြီး၊ ဆေးဝယ်သောက်လိုက်ကြတော့တာပဲ။ ဆရာဝန်ဆေးစာကိုရော အကြံပေးချက်တွေကိုရော မယူကြပါဘူး။ ဘယ် (NGO)၊ ဘယ် အစိုးရအဖွဲ့အစည်းကမှလည်း ဒီပြဿနာကို လာဖြေရှင်းမပေးကြပါဘူး။ ကျန်းမာရေးအသိပညာပေးဖို့က အရေးတကြီးလိုအပ်နေ တာပါဗျာ၊ လူမှုအဖွဲ့အစည်းထဲက ခေါင်းဆောင်တွေကိုယ်၌ကလည်း၊ ဒီကိစ္စကိုနားမလည်ကြပါဘူးဗျာ။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ် ဂျီ ၇)

ဟူးကောင်းချိုင့်ဝှမ်းရှိ ရွှေမှော်များတွင်၊ အိပ် (ချ်) အိုင်ဗွီ ပိုးကူးစက်မှု ကာကွယ်ရေးအတွက်၊ လူထုပညာပေးလုပ်ငန်း၊ ဆေးစစ်ရန် ပစ္စည်းကရိယာများနှင့် ကုသပေးမှုများလည်း မရှိကြပါ။ ထိုဆရာဝန်၏ အမြင်ကလည်း ကျန်းမာရေးကဏ္ဍတွင် လူသားအရင်းအမြစ်များ လိုအပ်နေမှုကို ထင်ဟပ်ဖော်ပြနေပါသည်။

*"ပညာရေးနဲ့ကျန်းမာရေးကိစ္စတွေမှာ ငွေပိုသုံးသင့်ပါတယ်၊ ပြည်သူတွေ ပညာတတ်လာမှ၊ ကျနော်တို့ တိုင်းပြည်တိုးတက်နိုင်မှာပေါ့။ နည်းပညာတွေနဲ့ ခေတ်မီဆေးပညာကို နေရာတကာမှာ တွေ့နေရပေမယ့်၊ ကျနော်တို့မှာ အဲဒါတွေကို နားလည်အသုံးပြုတတ်တဲ့သူ မရှိပါဘူးဗျာ။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ် ဂျီ ၇)

၁၉၉၇ ခုနှစ်တွင် ပြုလုပ်ခဲ့သော ကုလသမဂ္ဂမူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး **UNODC** ၏ ခန့်မှန်းချက်အရ ကချင်ပြည် နယ်ရှိ ၉၅ ရာခိုင်နှုန်းသော၊ အေအိုင်ဒီအက်(စ်) ကူးစက်ခံရသူများသည် အကြောထဲသို့ မူးယစ်ဆေးထိုးသွင်းသုံးစွဲခြင်းကြောင့် ဖြစ် သည်ဟု ဆိုပါသည်။[၅၀] ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သော ပြင်သစ်ဆေးပညာသုတေသန အဖွဲ့တစ်ဖွဲ့၏ ထုတ်ပြန်ချက်တွင်လည်း၊ ၇၇ ရာခိုင်နှုန်းသော အိပ် (ချ်) အိုင်ဗွီ ပိုးကူးစက်သူများသည်၊ သွေးကြောထဲသို့ မူးယစ်ဆေးထိုးသွင်းသုံးစွဲသူများ ဖြစ်သည်ဟု ခန့်မှန်းထားပါသည်။ ၎င်းအစီရင်ခံစာကပင် "ကချင်ပြည်နယ်၏ အိပ်(ချ်) အိုင် ဗွီရောဂါပိုးကူးစက်မှု သွင်ပြင်လက္ခဏာသည်၊ ၎င်း၏ အမျိုးအစားစုံလင်လှသော၊ အန္တရာယ်များလွန်းသည့် အမူအကျင့်များမှတစ်ဆင့် ပြန့်နှံ့ကူးစက်မှုပင်ဖြစ်သည်" ဟု တင်ပြထားပါသည်။ "ယင်းတို့တွင် ဝင်ငွေကောင်းသောနေရာများ (ရွှေမှော်ဒေသများ)တွင် ဘိန်းဖြူသုံးစွဲသူများပြားခြင်း၊ လူများနေထိုင်မှု အတည်တကျမရှိခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်း ကြီးထွားနေခြင်းတို့သည်လည်း အပါအဝင်ဖြစ်ပါသည်။ [၅၁]



ရွှေမှော်တစ်ခုမှ အနှိပ်ခန်းတစ်ခု



ရွှေမှော်တစ်ခုမှ အနှိပ်ခန်းတစ်ခန်း၏
အတွင်းပိုင်းမြင်ကွင်း



ရွှေမှော်တစ်ခုမှ အမျိုးသမီးတစ်ဦး
လောင်းကစားရုံတစ်ခုတွင် ကစားဝိုင်းကို
ဦးဆောင်ကစားနေစဉ်

အနောက်ဘက်တွင် ကာရာအိုကေသီချင်း
ဆိုခန်းတစ်ခန်းရှိသည်။

## ရွှေမော်ဒေသများတွင် လောင်းကစားမှု

ရွှေမော်ဒေသများသို့ ဝင်ရောက်လာကြသူများ ချက်ချင်းရင်ဆိုင်ကြရသော ပြဿနာများ အနက်တစ်ခုမှာ၊ ကုန်ဈေးနှုန်းအဆမတန် ကြီးမြင့်မှုပင် ဖြစ်ပါသည်။ မြစ်ကြီးနားတွင် ကျပ် ၁၀၀၀၀ ခန့်ပေးရသော ဆန်တစ်အိပ်ကို၊ ရွှေမော်တွင် ကျပ် ၂၀၀၀၀ ပေးဝယ်ကြ ရပါသည်။ မြစ်ကြီးနားတွင် ကျပ် ၃၀၀ ခန့်ပေးရသော ဟင်းတစ်ခွက်ကို၊ ဖားကန့်ကောင်းချိုင့်ဝှမ်းရှိ ရွှေမော်ဒေသများတွင် ကျပ် ၁၀၀၀ နီးပါးမျှ ပေးဝယ်စားကြရပါသည်။ ထမင်းချက်များ၊ ဈေးဆိုင်အရောင်းဝန်ထမ်းများကဲ့သို့ နေ့စားအလုပ်သမားများသည် အစား အသောက်နှင့် နေစရာအတွက်၊ ၎င်းတို့၏ လုပ်ငန်းရှင်များအပေါ်တွင် များစွာ မှီခိုနေကြရပါသည်။ ဤအချက်သည်ပင် ၎င်းတို့အား အမြတ်ထုတ်ခံရနိုင်သော အခြေအနေသို့ တွန်းပို့သကဲ့သို့ ရှိနေပါသည်။ ရွှေမော်များ တည်ရှိရာမြို့များသို့ သွားရန် လိုအပ်သော စားရိတ်များကို ငွေချေးငှားလာလေ့ရှိကြပါသည်။ ရွှေမော်သို့ ရောက်ရှိပြီးနောက်၊ ပြောင်းရွှေ့ အခြေချဝင်ရောက်လာသူများသည်၊ ၎င်း တို့ကတိပေးထားသကဲ့သို့ အိမ်သို့ငွေပြန်ပို့ရန် မဖြစ်နိုင်ကြောင်း တွေ့မြင်လာကြသည်သာမက၊ ၎င်းတို့ကိုယ်တိုင်ပင် စရိတ်ကျေရန် အနိုင်နိုင် ဖြစ်နေကြရပါတော့သည်။ အများစုသည် ၎င်းတို့အိမ်မှထွက်လာစဉ်က တင်ရှိလာသော အကြွေးများအတိုင်း၊ အချို့သည် ပိုဆောင်းလာသော ကြွေးမြီများကိုပင် ပြန်လည် သယ်ဆောင်၍ ပြန်သွားကြရပါသည်။

ထိုအခြေအနေမျိုးအောက်တွင် လောင်းကစားသည် ရွှေမော်များတွင်၊ အလွန် လူကြိုက်များသော မျှော်လင့်စရာ စီးပွားရေးဖြစ်လာပါ သည်။ လောလောလတ်လတ် လုပ်ခရထားသူများသည်၊ မူးယစ်ဆေးဝါးသုံးစွဲရန်၊ အိမ်သို့ငွေပြန်ပို့ရန်၊ ရွှေမော်ကို စွန့်ခွါရန်၊ ပညာဆက်သင်ရန်၊ သို့မဟုတ် စီးပွားရေးလုပ်ရန် စသည့်ဖြင့် မျှော်လင့်ချက်များအတွက်၊ ငွေကို ပို၍ များများနှင့်မြန်မြန် ရလိုကြပါသည်။ မျှော်လင့်ချက်ကင်းမဲ့လာမှုကလည်း လောင်းကစားဘက်သို့ တွန်းပို့ပါသည်။ အများစုအတွက် ရွှေမော်ဒေသမှ ထွက်ခွါနိုင်ရန်နှင့် ပြဿနာအားလုံး ဖြေရှင်းနိုင်ရန်အတွက်၊ တစ်ခုတည်းသောအဖြေသည်၊ လောင်းကစားဖြင့် ချမ်းသာအောင် လုပ်ရန်သာဖြစ်သည်ဟု ထင်မြင်နေကြပါသည်။

*"ကျမဒီရွှေမော်မှာ နေရတာစိတ်ပျက်လာပြီ။ ဆိုင်မှာဈေးရောင်းရတာလည်း မမြတ်ပါဘူး။ တွက်ချေကိုက်အောင်လုပ်ရတာ မလွယ်ဘူး။ ရွှေလည်း သိပ်မရှိတော့ပါဘူး။ ကျမ ချဲပေါက်ဖို့ပဲ စောင့်နေတာ။ ဒီရွှေမော်က ချဲထီကစားတဲ့နေရာဖြစ်လာပြီ။ ရွှေတူးတဲ့လူတွေ ရော၊ တွင်းပိုင်တွေရော၊ ဈေးဆိုင်ရှင်တွေရော အားလုံးက ချဲပေါက်ပြီး အိမ်ပြန်ရမယ့် ရက်ကိုပဲ စောင့်နေကြတယ်။ လူတိုင်း သူတို့ကံ ကောင်းမဲ့ရက်ကို မျှော်လင့်နေကြတယ်။ ကျမလည်း ငွေလုံလုံလောက်လောက်စုမိရင်တော့ အိမ်ပြန်မှာပဲ။"*

(တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် ဂျီ ၈)

*"ရွှေမော်တစ်ခုကို ရောက်လာပြီဆိုရင်၊ မျှော်လင့်မထားတဲ့ အလုပ်တစ်ခုကို လုပ်ကြရတယ်။ အဲဒါကတော့ ချဲရောင်းတာပါပဲ။ ရွှေမော်တွေမှာ စီးပွားဖြစ်နေကြတာ ရွှေကြောင့် မဟုတ်ပါဘူး၊ ချဲထီကြောင့်ပါပဲ။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ် ဂျီ ၁၁)

အချို့ကလည်း၊ ၎င်းတို့ရသမျှဝင်ငွေများကို ရွှေမော်ဒေသတွင်၊ အလွယ်တကူလုပ်နိုင်သော ချဲထီ၊ သို့မဟုတ် အခြားသော လောင်းကစားနည်းများတွင် အလွယ်တကူသုံးပစ် တတ်ကြသည်။ နေ့စားအလုပ်သမားများအတွက် ၎င်းတို့ရလာသော နေ့စားလုပ်ခ အားလုံးကို ဖဲဝိုင်းတွင်ဖြစ်စေ၊ လောင်းကစားဝိုင်းတွင်ဖြစ်စေ၊ သုံးပစ်ကြသည်မှာ အထူးအဆန်းဖြစ်ရပ် မဟုတ်တော့ချေ။ ကြွေးမြီပိုမိုထူပြောလာခြင်းသည်နှင့်အမျှ ခိုးမှု၊ လူသတ်မှုအပါအဝင် ရာဇဝတ်မှုများကို ကျူးလွန်ရန် ဦးတည်သွားစေသည်။ ချဲထီပေါက်ပြီး



*ရွှေမော်တစ်ခုမှ ဖဲဝိုင်း*

အသတ်ခံသွားရရှာသော အမျိုးသမီးတစ်ဦး၏ဖြစ်ရပ်သည်၊ ရွှေမော်ဒေသတွင် မျှော်လင့်ချက်ကင်းမှုများမှသည် ရာဇဝတ်မှုခင်းဆီသို့ မည်သို့ ဦးတည်သွားစေနိုင်သည်ကို သရုပ်ဖော် ပြသနေပါသည်။

ခဲျထီပေါက်သူများရင်ဆိုင်ရလေ့ရှိသော အန္တရာယ်များအပြင်၊ လောင်းကစားဝိုင်းများတွင် အလုပ်လုပ်နေကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ အထူးသဖြင့် ခဲျရောင်းနေကြရသော အမျိုးသမီးငယ်များသည် လိင်မှုဆိုင်ရာအရ အစော်ကားခံရမည့် ဘေး အန္တရာယ်များလည်း ကြုံရနိုင်ပါသည်။ အမျိုးသမီးတစ်ဦးက ခဲျရောင်းခြင်းသည်၊ အမျိုးသမီးများအတွက် သမရိုးကျအလုပ်ပင်ဖြစ်သည်ဟု ရှင်းပြပါသည်။

## ဒေသခံကိုယ်စားလှယ်များထံမှ အကောက်ကောက်ခြင်း

လောင်းကစားမြို့တော်မှ အမြတ်ရနေသူ အမျိုးမျိုးရှိပါသည်။ ၎င်းပုဂ္ဂိုလ်များမှာ လောင်းကစားဒိုင်များ၊ ရွှေမော်ဒေသအုပ်ချုပ်ရေးအဖွဲ့ဝင်များ နှင့် (နအဖ) စစ်အစိုးရ အာဏာပိုင်များ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် လောင်းကစားခြင်းကို တရားဥပဒေအရ ပိတ်ပင်ထားသော်လည်း၊ ဒေသခံ (နအဖ) အရာရှိများသည်၊ ရွှေတွင်းများတွင် လောင်းကစားဝိုင်းများ လိုင်စင်ထုတ်ပေးခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်းနေကြပါသည်။ ဥပမာအားဖြင့်၊ ရှင်ဘွိုင်ယန်ရွှေမော်ဒေသတွင် လောင်းကစားဝိုင်းဖွင့်လိုသူတစ်ဦးသည်၊ ဦးစွာပထမ ကျေးရွာအဆင့် (ရယက)၊ သို့မဟုတ် မြို့နယ်အဆင့် (မယက) အုပ်ချုပ်ရေးအာဏာပိုင် အရာရှိတစ်ဦးဦးထံမှ ခွင့်ပြုချက်လိုင်စင်ကို ဝယ်ယူကြရပါသည်။

(ကေအိုင်အို) မှ ဒေသဆိုင်ရာအုပ်ချုပ်ရေးကို ထိန်းချုပ်ထားသောနေရာများတွင်၊ ကာဆီနိုဝိုင်းပိုင်ရှင်များနှင့် လောင်းကစားဒိုင်များ သည်၊ တစ်နှစ်စာငှားရမ်းခ၊ သို့မဟုတ် လုပ်ကိုင်ခွင့်အတွက် ကျသင့်ငွေပေးဆောင် ရယူကြရပြီး၊ ၎င်းတို့လုပ်ငန်း လုပ်ကိုင်နိုင်ရန် အတွက် ရွှေမော်အုပ်ချုပ်ရေးကောမတီသို့ အကောက်ပေးကြရပါသည်။ အမျိုးမျိုးသော လောင်းကစားနည်းများအတွက်၊ ပေးဆောင်ကြရသော အကောက်ငွေပမာဏကို နမူနာအဖြစ် အောက်တွင်ဖော်ပြထားပါသည်။ ဒိုင်များသည် လိုင်စင်ကြေးများအပြင်၊ နှစ်စဉ် ကြေးအဖြစ် ငွေကျပ် သိန်း ၂၀၀၊ (အမေရိကန်ဒေါ်လာ – ၁၅၄၀ ခန့်) ကို အုပ်ချုပ်ရေးကော်မတီသို့ ပေးဆောင်ကြရပါသည်။

ဂျင်ဝိုင်း ... ... ... ...ကျပ် သိန်းတစ်ရာ

ဖဲဝိုင်း ... ... ... ... ကျပ် (၅) သိန်းမှ (၆) သိန်း

ဘိလိယက်ခုံ ... ... ... ... ကျပ် (၅) သိန်းမှ (၆) သိန်း

နှစ်လုံးထီ ... ... ... ... ကျပ် သိန်းတစ်ရာ

ထိုနေရာများတွင်၊ ရွှေမှော်အုပ်ချုပ်ရေးကော်မတီများသာလျှင် လုပ်ပိုင်ခွင့်ရှက်ခွင့်ပေးထားပြီး၊ (နအဖ) အာဏာပိုင်များထံသို့ ထိုက်သင့်သောအကောက်များပေးဆောင်ပြီးမှသာ လိုင်စင်ခံခွင့် ရှိပါသည်။ ထိုအကောက်ပမာဏ မည်မျှရှိသည်ကို **KDNG** မှ အတိအကျစုံစမ်းကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။ သို့သော် အပြန်အလှန်ပတ်သက်နေကြမှုသည် ထင်ရှားလှပါသည်။ (နအဖ) အာဏာ ပိုင်များသည်၊ ၎င်းတို့အတွက်အကောက်ရနေသမျှကာလပတ်လုံး၊ ထိုစီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်ဖြစ်ထွန်းနေသမျှကာလပတ်လုံး၊ လောင်းကစားဝိုင်းကို ဖမ်းဆီးပိတ်ပင်ကြလိမ့်မည် မဟုတ်ပါ။ (နအဖ) အထက်အရာရှိများသို့၊ တရားဝင်ပေးဆောင်ရသော အကောက်များအပြင်၊ (နအဖ)အာဏာပိုင်များသည် လောင်းကစားဝိုင်းများသို့ စိတ်ကြိုက်ဝင်ထွက်သွားလာလေ့ရှိကြပြီး၊ ဒိုင်များထံမှလည်း၊ ၎င်းတို့ဆန္ဒရှိသည့်အတိုင်း လာဘ်ငွေများကို



*ထီပေါက်သွားသည့်အတွက် မုဒိန်းကျင့်ခံရသည့်အပြင်၊ သတ်ဖြတ်ခံလိုက်ရသော အမျိုးသမီးငယ်တဦး၏ ထီလက်မှတ်အပါအဝင် ကိုယ်ပိုင်ပစ္စည်းများ*

**ထီပေါက်ခြင်း၏ကျိန်စာ၊ ချဲထီပေါက်သူတစ်ဦး၏ ဖြစ်ရပ်**

*၂၀၀၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင်၊ အသက် ၂၈ နှစ်အရွယ်ရှိ 'အနန်' ဟု ခေါ်သော ရဝမ် (ကချင်) အမျိုးသမီးငယ်တစ်ဦး ကျပ်တစ်သန်းဖိုး ချဲထီပေါက်ခဲ့ပါသည်။ သူမအရမ်းစိတ်လှုပ်ရှားနေပြီး၊ ပူတာအိုရှိ သူမ၏အိမ်သို့ ပြန်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဆုငွေထုတ်ပြီး နောက်တစ်နေ့တွင်၊ ရရန်ရှိသော အကြွေးများကို နောက်တစ်ခါပြန်လာမယူရဘဲ၊ တစ်ခါတည်း အိမ်သို့ပြန်ပါသွားနိုင်ရန် အတွက် ပန်ကာရွှေမှော်သို့သွား၍ အကြွေးတောင်းခဲ့ပါသည်။*

*မတ်လ ၂၈ ရက်နေ့တွင်၊ ပန်ကာမှော်သို့သွားသော လမ်းဘေးရှိ မြောင်းထဲတွင် အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရှိကြရသည်။ သတင်းရသည်နှင့်တပြိုင်နက်၊ ရွှေမှော်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ထိုနေရာသို့ လိုက်သွားခဲ့ကြသည်။ အသတ်ခံရသူ၏ မျက်နှာကို ခွဲခြားမမှတ်မိနိုင်တော့ပါ။ မျက်နှာတစ်ခုလုံးနီးပါး ယင်မဲများ စားထားကြသည်။ နောက်ဆုံးတွင်မှ သေသူအမျိုးသမီးသည် အနန်းဖြစ်သည်ဟု မှတ်မိသွားကြပါသည်။ သူမသည် မုဒိန်းအကျင့်ခံထားရပြီး၊ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုသတ်ခံထားရသည်။ ထို့နောက် အလောင်းကို မှောက်လျက် ပစ်ထားခဲ့ကြသည်။ ယခုအထိ လူသတ်သမားကို ရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသေးပါ။ သူမသည် ချဲထီဆုငွေထုတ်ယူပြီးနောက်တစ်နေ့တွင်၊ လူသတ်သမားနှင့် တွေ့ဆုံသွားပုံရပါသည်။*

(တွေ့ဆုံမေးမြန်းခြင်း၊ အမှတ် ဂျီ ၁၄)

တောင်းခံလေ့ရှိကြပါသည်။

ဒိုင်ကြီးများက လက်ခွဲဒိုင်များသို့ လိုင်စင်ခွဲများချပေးကြသည်။ လက်ခွဲဒိုင်များက အားလုံးစိတ်ကြိုက်ကစားနိုင်ရန်အတွက်၊ ဘိလိယက်၊ ၂၁ ပုံဖဲဝိုင်း၊ ၃၆ ကောင်ထီ၊ (၄) ကောင်– (၆) ကောင်အံ့စာ၊ ချဲထီနှင့် နှစ်လုံးထီ အပါအဝင် လောင်းကစား နည်းအမျိုးမျိုး နှင့် ထီမျိုးစုံကို ဖွင့်လှစ် လုပ်ကိုင်နေကြပါသည်။

လက်ခွဲဒိုင်များသည် တကယ်တမ်းတွင်၊ လုပ်ကိုင်ခွင့် သို့မဟုတ် ငှားရမ်းခွင့် ရထားသူဒိုင်ကြီးများ၏ အကျပ်ကိုင်မှုများကြောင့် အမြတ်အစွန်း အနည်းငယ်သာ ရရှိကြပါသည်။ လက်ခွဲဒိုင်တစ်ဦးက အောက်ပါအတိုင်း ပြောပြပါသည်။

*"ဒီလိုင်စင်စနစ်မပေါ်ခင်တုန်းက ချဲထီလက်မှတ်တစ်စောင်ကို ၁၀၀ ကျပ်ပဲပေးရတယ်။ အခု ၂၅၀ ကျပ် ပေးရတယ်။ ချဲထီဖွင့်တဲ့ ရက်တွေပါတဲ့ ပြက္ခဒိန်ကို၊ ဒိုင်ကြီးတွေဆီကနေပဲ ဝယ်ရတယ်၊ မဟုတ်ရင် အဖမ်းခံရမယ်။ ခါတိုင်းတော့ ၁၀၀ ကျပ်လောက်ပဲ ကုန် ကျတယ်။ ခုတော့ ၅၀၀ ကျပ်ကနေ၊ ကျပ် ၁၀၀၀ အထိပေးဝယ်ရတယ်။ အဲဒီစာရွက်ပေါ်မှာ အမှန်အကန် တံဆိပ်တုံးထုမထားရင်၊ ကျနော်တို့ ကျပ်ငါးသောင်းကနေ နှစ်သိန်းအထိ ဒဏ်ငွေဆောင်ကြရတယ်။ ချဲထီတစ်အုပ်မှာ ပေါက်မဲပါလာရင်၊ ချဲရောင်းသူက ဒိုင်ကို ကျပ် ၃၀၀၀ ပေးရတယ်။ ကျနော်တို့ပေးနေရတာနဲ့၊ ရတဲ့အမြတ်က ကုန်တာပဲ။"*

(တွေ့ဆုံမေးမြန်းခြင်း အမှတ် ဂျီ ၁၀)



# အခန်း ၆

## နိဂုံး

ဟူးကောင်းချိုင့်ဝှမ်းဒေသသည်၊ ရွှေပမာဏအမြောက်အမြားထွက်ရှိခြင်းအပါအဝင်၊ သဘာဝသယံဇာတအရင်းအမြစ် ပေါကြွယ်ဝသော ဒေသဖြစ်သည်။ သို့သော်လည်း ထိုအရင်းအမြစ်များကို ဒေသခံပြည်သူများအကျိုးခံစားခွင့် မရရှိကြပါ။ အဓိကအားဖြင့် (နအဖ)စစ်အစိုးရအာဏာပိုင်များနှင့်၊ လက်တစ်ဆုပ်စာ စီးပွားရေးသမားများ၊ ကုမ္ပဏီများကသာ အကျိုးခံစားခွင့် ရရှိနေကြပါသည်။

(နအဖ) စစ်အစိုးရသည်၊ ၁၉၉၄ ခုနှစ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ရယူချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အခွင့်ကောင်းယူပြီး၊ ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း ၎င်း၏စစ်တပ်အင်အားကို ပိုမို တိုးချဲ့ချထားလာခဲ့ပါသည်။ ယခုအခါ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် အနည်းဆုံး ခြေလျင်တပ်ရင်း (၃) ရင်း၊ အမြောက်တပ် တစ်တပ်နှင့် ဒေသဆိုင်ရာကွပ်ကဲမှု ဌာနချုပ် (ဒကစ) တို့ကို အခြေချထားခဲ့ပြီး၊ ထိုတပ်ဖွဲ့များ၏ တင်းကျပ်သော ထိန်းချုပ်မှု အောက်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ (နအဖ) စစ်အစိုးရသည်၊ တနိုင်းမြို့ရှိ နေရာဒေသအမည်များကိုလည်း၊ မူလကချင် ဘာသာမှ မြန်မာဘာသာသို့ ပြောင်းလဲခဲ့ပြီး၊ အိမ်ရာများနှင့် ဥယျာဉ်ခြံမြေများကို ၎င်း၏အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက်သော်လည်းကောင်း၊ (နအဖ) အာဏာပိုင်များ၏ ဆွေမျိုးသားချင်းများနှင့် လက်ဝေခံများ ဒေသအတွင်း အခြေချနေထိုင်နိုင်ရန် အတွက်သော်လည်းကောင်း ရည်ရွယ်၍ သိမ်းဆည်းယူငင်ခဲ့ကြပါသည်။ ဒေသခံပြည်သူများကို ၎င်းတို့၏ဘိုးဘွားပိုင်မြေများပေါ်မှ အတင်းအကျပ်နှင်ထုတ်ခဲ့ကြပြီး၊ အချို့မှာ ရွှေမှော်ဒေသများတွင် အလုပ်သမားများအဖြစ်သော်လည်းကောင်း၊ အချို့မှာရပ်တည်ရေးအတွက်ဝေးလံခေါင်ဖျားဒေသများသို့ ပြောင်းရွှေ့နေထိုင်၍ ရှာဖွေစားသောက် နေကြရပါသည်။

ရွှေတွင်းများမှရရှိလာသော အကျိုးအမြတ်များကို ထိန်းချုပ်နိုင်ရန်နှင့် ပိုမိုတိုးချဲ့ရရှိနိုင်ရန်အတွက်၊ စစ်အစိုးရက သီးသန့်လက်ရွေးစင်ကုမ္ပဏီအချို့သို့၊ ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း ရွှေထုတ်လုပ်၊ လုပ်ပိုင်ခွင့်ကို ၂၀၀၂ ခုနှစ်မှစတင်၍ အကွက်များ ရောင်းချခဲ့ပါသည်။ ဤအခြေအနေကြောင့် မူလက လွတ်လပ်စွာရွှေကျင်နေကြသော အခြေအနေမှ၊ လုပ်ပိုင်ခွင့်ရထားသော လုပ်ငန်းရှင်ကြီးများကထိန်းချုပ်ကာ၊

စက်ယန္တရားများဖြင့် စီးပွားဖြစ်ရွှေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများအဖြစ် ပြောင်းလဲ လာစေပါသည်။ ဤလုပ်ပိုင်ခွင့်များရရှိရေးအတွက်၊ သတ္တုတွင်းဝန်ကြီးဌာနသို့ ငွေကြေးအမြောက်အများ ပေးဆောင်ကြရသည့် အပြင်၊ နှစ်စဉ် အမြတ်တော်ခွန် ၃၅ မှ ၅၀ ရာခိုင်နှုန်းအထိလည်း ပေးဆောင်ကြရပါသည်။ ထို့အပြင် ဒေသခံစစ်တပ် တပ်မှူးများ၊ အဆင့်ဆင့်သောမြို့နယ်နှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်များသို့လည်း၊ အမျိုးမျိုးသော ကြေးများကိုပေး ဆောင်နေကြရပါသည်။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးသို့လည်း ပုဂ္ဂိုလ်ရေးအရ လာဘ်ပေးကြရပါသေးသည်။

ဤသို့ ရွှေတူးဖော်ထုတ်လုပ်ကြသည့် လုပ်ငန်းများကြောင့်၊ ဒေသခံပြည်သူလူထုများမှာ လူမှုရေးပြဿနာပေါင်းစုံကို ကြုံ တွေ့ကြရပါသည်။ လူထုအများမှာ သူတို့၏သက်မွေးရှင်သန်မှု ပျောက်ဆုံးခဲ့ကြရပါသည်။ ထိုသူများအတွက် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုကလည်း မဆိုစလောက်သာ ရရှိပါသည်။ ထိုမျှမက ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများ လည်း၊ ဆုတ်ယုတ်ခဲ့ရပါတော့သည်။ ရွှေမှော်ဒေသများတွင်လည်း မူးယစ်ဆေးစွဲခြင်း၊ ကြွေးတင်ခြင်း၊ ကိုယ်ခံအားကျရောဂါစွဲကပ်ခြင်းများ ထူပြောစွာဖြစ်ပေါ် လာပြီး၊ ထိုဒေသများတွင် ပြောင်းရွှေ့အခြေချခဲ့သူများ အိမ်ပြန်ကြသောအခါ ပို၍ ပြန့်နှံ့စေပါ တော့သည်။ ဘက်စုံမှဖျက်ဆီးခံရမှုကြောင့်၊ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးခဲ့ရပါတော့သည်။ ဒေသရှိ မြစ်၊ ချောင်းများ သည် စွန့်ပစ်ထားသောပြဒါးဆိပ်သင့်ခြင်းအပြင်၊ လောင်စာဆီ အညစ်အကြေးများဖြင့် စွန်းထင်းကျန်ရစ်နေပါတော့သည်။ အနာဂတ်တွင် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ဆက်လက်နေထိုင်ကြမည့်သူများအဖို့၊ ကျန်းမာရေးအန္တရာယ်ပို၍ ကြုံကြရ တော့မည်၊ သူတို့၏ သဘာဝသယံဇာတ အရင်းအမြစ်များ မရှိဘဲ နေထိုင်ကြရတော့မည်မှာ၊ မြေကြီးလက်ခတ်မလွဲသော အချက်ပင် ဖြစ်ပါသည်။

(နအဖ) စစ်အစိုးရက လက်ရှိဆောင်ရွက်နေသော၊ ဖွံ့ဖြိုးရေးစီမံချက်များမှာ ဒေသခံကချင်ပြည်သူများ အကျိုးဖြစ်ထွန်းစေရန် အတွက်၊ ရည်ရွယ်ဆောင်ရွက်နေခြင်း မဟုတ်ပါ။ (နအဖ) စစ်တပ်များ ပိုမိုတိုးချဲ့ချထားနိုင်ရေးနှင့် သူတို့၏အကျိုးအမြတ်များ ပိုမိုရရှိရေးအတွက်သာ ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဤအခြေအနေအတိုင်း ရှေ့ဆက်သွားရန် မဖြစ်နိုင်ပါ။ သို့ အတွက်ကြောင့် **KDNG** အနေဖြင့်၊ အောက်ပါအချက်များကို အကြံပြုတင်ပြလိုပါသည်။

ကချင်ပြည်နယ်နေ ပြည်သူလူထုများအနေဖြင့်၊

- လက်ရှိဆောင်ရွက်နေသော သဘာဝရင်းမြစ်ထုတ်လုပ်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့်၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာ ထိခိုက်နစ်နာရချက်များနှင့် ဤပြဿနာများ၏ ဇာစ်မြစ်ကြောင်းရင်းကို၊ ပို၍ သိရှိနားလည်သဘောပေါက်စေရန်။
- မိမိ လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်လာစေရေးကိစ္စများတွင်၊ ပို၍ တက်ကြွစွာဆောင်ရွက်လာစေရန်၊ လက်ရှိ ဖြစ် ပေါ်နေသည့် ဖျက်ဆီးတတ်သည့်၊ သဘောသဘာဝရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆန့်ကျင်ဝေဖန်ပြောဆိုရဲသူ များကို ထောက်ခံအားပေးကြရန် လိုအပ်ပါသည်။

နိုင်ငံတကာ မိသားစုအနေဖြင့်၊

- (နအဖ) စစ်အစိုးရနှင့် နှစ်နိုင်ငံချင်း တွေ့ဆုံဆွေးနွေးမှုများ၌သော်လည်းကောင်း၊ နိုင်ငံတကာအစည်းအဝေးများ၌ သော်လည်းကောင်း၊ ၎င်း၏ လူမှုရေးအရနှင့် သဘာဝပတ်ဝန်းကျင်အရ ပျက်စီးမှုကို ဖြစ်ပေါ်စေသည့် သဘာဝ ရင်းမြစ် ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နေသည့်အပေါ်၊ စိုးရိမ်ပူပန်ကြောင်း ဖော်ပြကြပါရန်၊
- သူတို့၏ နယ်မြေထိန်းသိမ်းရေးအတွက်၊ လူ့အခွင့်အရေးကာကွယ်ပေးရေးအတွက် ဆောင်ရွက်နေကြသော၊ အာမခံ ချက်ရှိသည့် ဘဝရှင်သန်ရပ်တည်မှုအတွက် ဆောင်ရွက်ကြိုးပမ်းနေကြသော ဒေသခံအဖွဲ့အစည်းများနှင့် တက်ကြွ လှုပ်ရှားသူများသို့ ထောက်ခံပံ့ပိုးမှုများ ပေးပါရန်၊
- မြန်မာနိုင်ငံအတွင်း၊ သဘာဝပတ်ဝန်းကျင် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေသော၊ ၎င်းတို့၏ အထောက်အပံ့၊ အစီအစဉ်များကို ပြန်လည်သုံးသပ်စစ်ဆေးပါရန်နှင့်၊ ဤသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ရေး အမည်နာမအောက်၌၊

ဖုံးကွယ်၍၊ စစ်အစိုးရ၏ စစ်တပ်အင်အားတိုးချဲ့ချထားရေးနှင့် သဘာဝရင်းမြစ်များ ဖြုန်းတီးသုံးစွဲရေး မူဝါဒများကို အကောင်အထည် မဖော်ဆောင်နိုင်စေရန်၊ "အစိမ်းရောင်ဆေးသုတ်ကာ ဖုံးကွယ် ဖျောက်ဖျက်ပစ်ခြင်း" အဖြစ်၊ အသုံးချခံရခြင်း မရှိရလေအောင် ကြပ်မတ်ပေးပါရန်၊ တောင်းဆိုပါသည်။

(နအဖ) စစ်အစိုးရအနေဖြင့်၊

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးစုများနှင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှု အမြန်ဆုံးစတင်ဆောင် ရွက်ပါရန်၊ သို့မှသာ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီနှင့် ဒီမိုကရေစီထွန်းကားရေး လုပ်ငန်းစဉ်များ စတင် အကောင်အထည်ဖေါ်နိုင်မည် ဖြစ်ပါသည်။
- ထို့အပြင် ကချင်ပြည်နယ်အတွင်း၊ စစ်အင်အားတိုးချဲ့ချထားနေမှုကို ရပ်ဆိုင်းပါရန်နှင့် တည်ရှိနေသော စစ်တပ်စခန်း များကို ပြန်လည် ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။

**KDNG** အနေဖြင့် ယုံကြည်သည်မှာ၊ အနာဂတ်တွင် –

- ရွှေနှင့် အခြားသော သဘာဝသယံဇာတများကို၊ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားမပါဘဲ၊ လောဘတကြီး ထုတ်ယူသုံးစွဲခြင်း မပြုစေရန်၊
- ရွှေတူးဖော်ထုတ်လုပ်ခြင်းမှလွဲ၍၊ အခြားရွေးချယ်စရာနည်းလမ်းအဖြစ်၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးစေသော အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများကို ထူထောင်ဖွံ့ဖြိုးစေရန်၊
- ယခင်က ပျက်စီး၊ ညစ်ထေးခဲ့ရသော မြေများနှင့် မြစ်ကြောင်းများကို သင့်လျော်စွာ ပြန်လည်ထူထောင်ပေးရန်၊
- အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရစေ၍၊ အသက်ရှင်ရပ်တည်နိုင်မည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ၊ ပညာရေးအခွင့်အလမ်းများ ရွေးချယ်ခွင့်ရှိစေရန်၊ (သို့မှသာ လိင်မှုဆိုင်ရာဖျော်ဖြေရေးလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရမှုမှ ကင်းလွတ်မည် ဖြစ်သည်။)
- လူငယ်များကို ပညာရေးအခွင့်အလမ်းများနှင့် သက်မွေးဝမ်းကြောင်းမှု အခွင့်အလမ်းများ ရရှိစေပြီး၊ သူတို့ စွမ်းဆောင်နိုင်ရည်ရှိသည့်အတိုင်း၊ ဆောင်ရွက်နိုင်စေရန်နှင့် မူးယစ်ဆေးဝါး၏သားကောင်အဖြစ် မကျရောက်စေရန်၊ ဆောင်ရွက်မှသာလျှင်၊ ပိုမိုသစ်လွင်ထွန်းပြောင်သော အနာဂတ်ကို ရရှိမည်မုချဖြစ်ပါသည်။

## ရှင်းလင်းချက်

၁ "Biodiversity hotspots for conservation priorties," Norman Myers, Russel A. Mittermeier, Cristina G. Mittermeier, Gustavo A. B. da Fonseca, and Jennefier Kent, Article in *Nature: International weekly journal of science*, February 2000.

၂ Information from http://www.goldenpagodatravel.com/HukawngValleyExpedition1999.htm

၃ အဓိကအုပ်စုများမှာ ရဝန်၊ ဗိုင်ဝါး (အဇီ)၊ လိုဝေါင် (မရူ)၊ လာချစ် (လေရှီး)၊ လီဆူးနှင့် ဂျိန်းဖော့တို့ ဖြစ်ကြပါသည်။ ဂျိန်းဖော့လူမျိုး စုမှာ လူများစုဖြစ်ပြီး၊ ကချင်အများစုက သူတို့၏မျိုးနွယ်စုဘာသာစကားများအပြင်၊ ဂျိန်းဖော့စကားကိုပါ ပြောဆိုတတ်ကြပါသည်။ ဘာသာစကားနှင့် အခြားသောယဉ်ကျေးမှုထုံးတမ်းအချို့ (ဥပမာ ဝတ်စားဆင်ယင်မှုများ) ကွဲပြားကြသော်လည်း၊ ရိုးရာ ဓလေ့ထုံး တမ်းမှာ များစွာတူညီကြပြီး၊ ဤလူမျိုးနွယ်စုများအချင်းချင်းကြားတွင် ချစ်ကြည်စည်းနှောင်မှု ရှိကြပါသည်။ ဤလူမျိုးစုများအားလုံး ကို လွှမ်းခြုံ၍ ကချင်ဟု ခေါ်ဆိုနိုင်ကြပါသည်။

၄ *At what price?*, Images Asia and Pan Kachin Development Society, November 2004.

၅ *A Brief History of Hugawng valley*, Wa law Bum Zau Hkawng.

၆ Information from http://www.goldenpagodatravel.com/Burma%20creates%20huge%20tiger%20reserve.htm and wcs.org

၇ "Hukaung Valley Tiger Reserve – Myanmar" description on WCS website at http://savingwildplaces.com/swp-home/swp-protectedareas/239764, accessed on 16 November 2006.

၈ "Hukaung Valley Tiger Reserve – Myanmar" description on WCS website at http://savingwildplaces.com/swp-home/swp-protectedareas/239764, accessed on 16 November 2006.

၉ "The Fight of his Life" in *National Geographic Adventure* at http://www.nationalgeographic.com/adventure/0512/features/alan_rabinowitz.html

၁၀ Information from: goldenpagodatravel.com/HugawngValleyExpedition1999l.htm and nationalgeographic.com/ ngm/0311

၁၁ *Burma Gazetteer, Myitkyina District*, Volume A, compiled by W.A. Hertz, 1960 (reprint). အမျိုးသမီးများအနေဖြင့် ဤသို့ သဘာဝအရင်းအမြစ်ဝေစုရပိုင်ခွင့် ရှိ–မရှိနှင့်ပတ်သက်၍ ဖော်ပြထားခြင်း မတွေ့ရပါ။

၁၂ *At what price?*, Images Asia and Pan Kachin Development Society, November 2004.

၁၃ *Grave Diggers: A Report on Mining in Burma*, Roger Moody, 1999. ခေတ်သတ္တုရှာဖွေတူးဖော်ရေးဥပဒေမှာ အားနည်းချက်များနှင့် အဓိပ္ပါယ်ရှင်းလင်းမှု မရှိခြင်းကြောင့် ဝေဖန်မှုအများအပြားရှိနေပါသည်။

၁၄ *Mining, Gender, and the Environment in Burma – Mining: Addressing the Gender Gap*, EarthRights International, 2004.

၁၅ *At what price?,* Images Asia and Pan Kachin Development Society, November 2004.

၁၆ ကချင်ပြည်နယ်တွင် ဤဝန်ကြီးဌာန၏ရုံးသည်၊ မြစ်ကြီးနား၌ ရှိသည်။

၁၇ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးသည်၊ ကချင်ပြည်နယ်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသအချို့တွင် စစ်ဆင်ရေးကိစ္စများအတွက် တာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် လက်ရှိ၌ စစ်တိုင်းမှူး (၁၃) ဦးရှိပြီး၊ ထိုသူများက နိုင်ငံကိုအုပ်ချုပ်နေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင်၊ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသည်။ ဆောင်းပါးတစ်ခုအရ၊ "ရန်ကုန်ရှိ အာဏာဖွဲ့စည်းပုံပြီးလျှင် ထိုသူ များသည်၊ တစ်နိုင်ငံလုံးဆိုင်ရာမူဝါဒများ ချမှတ်ရေးကိစ္စနှင့် ပတ်သက်၍ သြဇာမရှိလှပေ။ သို့သော်လည်း ထိုသူတို့အုပ်ချုပ်ရသော ဒေသများတွင်၊ စစ်တိုင်းမှူးများသည် စီးပွားရေးစာချုပ်များ၊ သဘာဝရင်းမြစ်တူးဖော်ထုတ်လုပ်ရေးကိစ္စများ၊ အိမ်ခြံမြေဆောက်လုပ် ရေးလုပ်ငန်းများ၊ ကျောင်း၊ ဈေး၊ လမ်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ကြသည်။ ထိုသူများက ရဲတပ်ဖွဲ့၊ လုံခြုံ ရေးတပ်ဖွဲ့များနှင့် ထောက်လှမ်းရေးတပ်ဖွဲ့များကို ထိန်းချုပ်ထားကြသည်။ သူတို့၏ ခွင့်ပြုချက်မပါရှိဘဲ၊ သူတို့ဒေသအတွင်း မည်သူမျှ မရွေ့လျားနိုင်ကြပေ။" From "Who Rules the Ground?: The power of Myanmar's area commanders," at http://www.asiaweek.com/asiaweek/magazine/99/0903/nat_myanmar.html

၁၈ *Mining, Gender, and the Environment in Burma – Mining: Addressing the Gender Gap*, EarthRights International, 2004.

၁၉ (KDNG) နှင့် (Pan Kachin Development Society)ကဆောင်ရွက်ခဲ့သော တွေ့ဆုံမေးမြန်းမှုများအရ၊ ကချင်ပြည်နယ် အတွင်း လုပ်ကိုင်ဆောင်ရွက်နေသော နော့သင်းစတားကုမ္ပဏီသည်၊ စစ်တပ်အရာရှိများက ပိုင်ဆိုင်ကြကြောင်း၊ လူအများကယုံကြည်နေကြပါသည်။

၂၀ ကြေးနီတူးဖော်ရေး၊ ရွှေတူးဖော်ရေးနှင့်၊ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများမှ မြန်မာနိုင်ငံတွင်ယေဘုယျပေးဆောင်နေရ သော အခွန်မှာ၊ အမြတ်ငွေ၏ (၃၀) မှ (၅၀) ရာခိုင်နှုန်းကြား ရှိပါသည်။ See *Capitalizing on Conflict*, EarthRights International, 2003, *Burma Mining Update,* August 2006, at www.minesandcommunities.org/Action/ press1194.htm, and *Supply and Command: Natural gas in western Burma set to entrench military rule*, The Shwe Gas Movement, ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုများအရ၊ လုပ်ပိုင်ခွင့်အတွက် ပေးဆောင်ရသော အခွန် (၃၀) မှ (၃၅) ရာခိုင်နှုန်း၊ သွင်းကုန်–ထုတ်ကုန်ခွန် (၁၀) ရာခိုင်နှုန်းရှိပါသည်။ အချို့က အလွယ်ပင် (၅၀) ရာခိုင်နှုန်းဟု တိုက် ရိုက်ဖော်ပြပြောဆိုကြပါသည်။

၂၁ *At what price?,* Images Asia and Pan Kachin Development Society, November 2004, p. 32.

၂၂ (၂၀၀၅) ခုနှစ်၊ ဩဂုတ်လတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနေရာတွင်၊ ဗိုလ်ချုပ်အုန်းမြင့်ကို အစားထိုးခန့်အပ်ခဲ့ပါသည်။

၂၃ (၂၀၀၆) ခုနှစ်၊ ဧပြီလတွင် သုတေသီတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးမှုမှ၊

[၂၄] (၂၀၀၆) ခုနှစ်တွင်၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက၊ (နအဖ) စစ်အစိုးရ ဗဟိုအာဏာပိုင်များထံ တိုက်ရိုက်မဖြတ်သန်း သော နယ်စပ်ကုန်သွယ်မှုများကို ပိတ်ပင်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့ပါသည်။ "မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရ၏ထုတ်ပြန်ထား သောစည်းမျဉ်းများအရ၊ ဗဟိုအစိုးရ၏ ခွင့်ပြုချက်မရှိဘဲ၊ အခြားသောအဖွဲ့အစည်းများနှင့်၊ သဘာဝရင်းမြစ်များထုတ်လုပ်ရန် သဘောတူစာချုပ်များ ချုပ်ဆို၊ ဆောင်ရွက်ခြင်းမပြုရန်၊ မည်သည့်အဖွဲ့အစည်းကိုမျှ မည်သည့်တသီးပုဂ္ဂလ ခွင့်မပြုပါ။ မြန်မာနိုင်ငံ အနေဖြင့် သစ်တော၊ ဓာတ်သတ္တုနှင့် အခြားသောသဘာဝအရင်းမြစ်များကို နိုင်ငံတော်၏ အရေးကြီးသောသယံဇာတ ပစ္စည်းများ အဖြစ် သတ်မှတ်ထားပါသည်။ ဗဟိုအစိုးရက ခွင့်ပြုထားခြင်းမရှိသော၊ သဘာဝအရင်းမြစ်ထုတ်လုပ်ရေးဆိုင်ရာ သဘောတူညီချက် များကို၊ တရားမဝင်အဖြစ် သတ်မှတ်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ကာကွယ်ပေးမှုခံရလိမ့်မည် မဟုတ်ပါ။" "တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံသားများကို၊ မြန်မာနိုင်ငံ၏ဥပဒေစည်းမျဉ်းများကို လိုက်နာရန် သတိပေးနိုးဆော်ပါ သည်။" British Broadcasting Corporation, April 5, 2006.

[၂၅] ဤအပြောင်းအလဲသည်၊ (နအဖ) စစ်တပ်နှင့် အရပ်ဖက်အုပ်ချုပ်ရေး ဌာနများသို့ ပေးဆောင်ကြရပုံကွာခြားပုံကို ဖော်ပြနေ ပါသည်။ ပြည်နယ်အဆင့် (နအဖ) အဖွဲ့၏ ဥက္ကဌ (အတွင်းရေးမှူး –၁) သည်၊ အုပ်ချုပ်စီမံခန့်ခွဲရေးပိုင်းတွင် ပို၍တာဝန်ရှိပြီး၊ မြောက် ပိုင်းတိုင်း တိုင်းမှူးက စစ်ဆင်ရေးကိစ္စများအတွက် အဓိကတာဝန်ရှိသူ ဖြစ်သည်။

[၂၆] *At what price?,* Images Asia and Pan Kachin Development Society, November 2004.

[၂၇] *At what price?,* Images Asia and Pan Kachin Development Society, November 2004.

[၂၈] Ibid.

[၂၉] *Ram Padang Journal*, January 2005, and Kachin news website.

[၃၀] "Sanctury Under Threat," article in *The Irrawaddy*, 11th October 2006.

[၃၁] ဆိုင်ယာနိုက် (cyanide) နှင့်ကြိမ်ဖန်များစွာထိတွေ့ရခြင်းဖြင့်၊ ဦးနှောက်နှင့် နှလုံးကိုထိခိုက်စေပါသည်။ ထို့အပြင်သတိလစ်မေ့ မျောစေခြင်းနှင့် သေခြင်းအထိပင် ဖြစ်နိုင်ပါသည်။ အကယ်၍ ဆိုင်ယာနိုက်အနည်းငယ်ဖြင့် ထိတွေ့အဆိပ်သင့်ပါက၊ အသက်ရှူရန် ခက်ခဲခြင်း၊ နှလုံးနာကျင်ခြင်း၊ အော့အံခြင်း၊ သွေးတွင် အပြောင်းအလဲဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သိုင်းရွိုက်အကြိတ်ကြီးမားယောင် ယမ်းလာခြင်းများ ဖြစ်စေနိုင်ပါသည်။ ဤအချက်အလက်များကို အဆိပ်သင့်စေသောပစ္စည်းများနှင့် ရောဂါများမှတ်ပုံတင်ရေးဌာန (Agency for Toxic Substances and Disease Registry) ၏ အင်တာနက်စာမျက်နှာ (www.atsdr.cdc.gov၊tfacts8.html) မှ ရယူပါသည်။

[၃၂] ခြောက်သွေ့ရာသီတွင်မူ၊ တနိုင်းမှ တုံမလီသို့လှေစီးလျှင် (၂၄) နာရီကြာမြင့်ပါသည်။

[၃၃] *Langgyi U E Pyen Yu Su*, Issue 6, My Tsaw Salum, 2005.

[၃၄] *Langgyi U E Pyen Yu Su*, Issue 6, My Tsaw Salum, 2005.

[၃၅] Ibid.

[၃၆] Ibid.

[၃၇] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၅

[၃၈] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၅

[၃၉] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၁၃

[၄၀] နမ့်ဖြူရွှေမော်ဒေသမှ ကျောင်းဆရာတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုမှ၊

[၄၁] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၉

[၄၂] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၉

[၄၃] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၂ နှင့် ဒီ ၉။

[၄၄] (KDNG) ၏တွေ့ဆုံမေးမြန်းခြင်း အမှတ်– ဒီ ၅။

[၄၅] အမှတ် (၂၉၈) ခြေမြန်တပ်ရင်းသည် အမှတ် (၈၆) ခြေလျင်တပ်ရင်း၊ အမှတ် (၂၃၈)၊ အမှတ် (၃၁၈) ခြေမြန်တပ်ရင်းတို့နှင့်အတူ အထူးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော တပ်ရင်းဖြစ်ပြီး တန်ပုံးရွာတွင် အခြေချတပ်စွဲထားပါသည်။

[၄၆] *Show Business: Rangoon's "War on Drugs" in Shan State*, Shan Herald Agency for News, 2005.

[၄၇] *Langgyi U E Pyen Yu Su,* Issue 6, My Tsaw Salum, 2005.

[၄၈] ဟူးကောင်းချိုင့်ဝှမ်းဒေသတွင်၊ (KDNG) ၏သုတေသနပြုထားမှု၊ ၂၀၀၅။

[၄၉] (KDNG) က ကချင်ပြည်နယ်၊ မြစ်ကြီးနားရှိ လူမှုရေးလုပ်သားတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုမှ။

[၅၀] The next decade-Myanmar forecasting: Insufficient resources to stop potentially devastating situation, www.unodc.org

[၅၁] "Drug-related behaviour in a high HIV prevalence rate population at Myitkyina drug treatment centre, Kachin State Northern Myanmar(Burma)" artical in AIDS, Volume 14, Guy <promeau and Thierry Prazuckab, 2000.

## နောက်ဆက်တွဲ

## ဟူးကောင်းချိုင့်ဝှမ်းရှိရွှေမှော်ရိယာများနှင့် ကုမ္ပဏီများ၏ လုပ်ကွက်နေရာသတ်မှတ်ချက်ဇယား

| နံပါတ် | ကုမ္ပဏီနာမည် | ပထဝီဝင်အနေအထား | ရွှေမှော်အမည်များ |
|---|---|---|---|
| ၁။ | ဆီး၊ ဆန်း၊ စတား ကုမ္ပဏီ | က။ တနိုင်းမြို့မှ တနိုင်းချောင်းအောက် ဘက်ရှိ ရွှေမှော်များ | ၁။ တုံမလီ<br>၂။ ဝီဘီ<br>၃။ ဝီနော်<br>၄။ ပန်ကာ<br>၅။ ရက်ခ<br>၆။ တဂွမ်<br>၇။တော်လေ<br>၈။ဝမ်းပလာ<br>၉။နမ်ဂေါ်န် |
| | | ခ။ တနိုင်းချောင်းအထက်ဘက်ရှိ ရွှေမှော်များ | ၁၀။ တိန်ဂေါ်မှော်<br>၁၁။ ကဒူရွှမ်<br>၁၂။ ရှယမ်ယန်<br>၁၃။ ဝကန်ဇွပ်<br>၁၄။ ခမန်ချန် |
| | | ဂ။ ဆပ်ဆိုင်းခနှင့် ရှိန်နိပ်ခချောင်းရိုး တစ်လျှောက်ရှိ ရွှေမှော်များ | ၁၅။ လုန်ဂျုံ<br>၁၆။ ဖလာတူ |
| ၂။ | သွေး ကုမ္ပဏီ နှင့် ဆီး၊ဆန်း၊စတားကုမ္ပဏီ | ဃ။ နမ်ပြုံ နမ်ခမ်းဒေသရှိ ရွှေမှော်များ | ၁၇။ ရာမွတ်<br>၁၈။ အောင်ဂျတ်<br>၁၉။ ပန်ဂျီ<br>၂၀။ ကပ်ဆာ<br>၂၁။ ချောင်းဖျား<br>၂၂။ နမ်မနား<br>၂၃။လုန်ကြွတ်<br>၂၄။ ဂွမ်ဂိုင်<br>၂၅။ ဒိန်ဂွမ်<br>၂၆။ ဆွတ်ကြိုင်<br>၂၇။ ဝီလင်း<br>၂၈။ တိန်ဂေါ်မှော် |
| ၃။ | ရောင်ခြည်ဦးရွှေတူးဖော်ရေး ကုမ္ပဏီ | င။ ဟူးကောင်းချိုင့်ဝှမ်းနှင့် စကိုင်းတိုင်းနယ်စပ် | ၂၉။ ကျောက်သဘော်<br>၃၀။ တိုက်ကြီး |
| ၄။ | ရတနာဟိန်းကုမ္ပဏီ | စ။ ရှင်ဘွီယန် | ၃၁။ ရှင်ဘွီယန် |
| ၅။ | ပလောင်ကုမ္ပဏီ (ပလောင်တိုင်းရင်းသားအဖွဲ့အစည်းမဟုတ်ပါ။) | | |
| ၆။ | သွေးကော်ဆိုင်းကုမ္ပဏီ(‘ဝ’အဖွဲ့အစည်းပိုင်) | | |
| ၇။ | နောတဲန်းစတားကုမ္ပဏီ | | |
| ၈။ | ဘူးဂါးကုမ္ပဏီ | | |

ရွှေတူးဖေါ်ခြင်းလုပ်ငန်းဆိုင်ရာ တွေ့ဆုံမေးမြန်းချက်

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား–မ/လူမျိုး | အသက် | အလုပ်အကိုင် | နေရပ်လိပ်စာ | မေးမြန်းသည့်နေရာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ဂျီ ၁ | မတ်လ ၃၊ ၂၀၀၅ | ကျား (ကချင်) | ၄၅ | လယ်သမား | ကင်ဆာရာ၊ တနိုင်း | တနိုင်းမြို့ | ▪ ဟူးကောင်းချိုင့်ဝှမ်းဒေသမှ ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ<br>▪ ရွှေမှော်များ၏ တည်နေရာနှင့် ဝင်ရောက်လုပ်ကိုင်နေကြသော ကုမ္ပဏီများ |
| ဂျီ ၂ | မတ်လ ၁၁၊ ၂၀၀၅ | ကျား (ကချင်) | ၄၀/ ၆၀ | ရွာလူကြီး/ ကေအိုင်အို အရာရှိ | တုံမလီ ရွှေတော | တုံမလီ ရွှေမှော် | ▪ တုံမလီရွှေမှော်၏ နောက်ခံသမိုင်းကြောင်း။ လူဦးရေ။ စီးပွားရေး လုပ်ငန်းအမျိုးအစားများ။ ဖွံ့ဖြိုးတိုးတက်မှု |
| ဂျီ ၃ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား (ကချင်) | ၅၀ | ဆီးဆန်းစတား ကုမ္ပဏီဝန်ထမ်း | ယုဇန မြစ်ကြီးနား | တုံမလီရွှေမှော် | ▪ ရွှေကောက်ယူသည့်နှုန်းထားနှင့် အစိုးရသို့ ပေးသွင်းရသောအခွန် |
| ဂျီ ၄ | ဇွန်လ ၁၀၊ ၂၀၀၅ | မ (တရုတ်) | ၃၃ | ကျောက်မျက်ရတနာဆိုင်ရှင် | မြစ်ကြီးနား | တုံမလီရွှေမှော် | ▪ ရွှေမှော်ရှိ ရွှေဈေးနှင့် ရွှေအရောင်းအဝယ်လုပ်ငန်း |
| ဂျီ ၅ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား (ရှမ်း) | ၄၆ | ရွှေမှော်အုပ်ချုပ်မှု ကော်မတီ အတွင်းရေးမှူး | တနိုင်း | တုံမလီရွှေမှော် | ▪ ရွှေမှော်ရှိ လူဦးရေ။ စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် ရွှေမှော်တွင် နေထိုင်လုပ်ကိုင်သူ အမျိုးအစားများ |
| ဂျီ ၆ | မတ်လ ၁၁၊ ၂၀၀၅ | ကျား (ဗမာ) | ၄၈ | ရွှေမှော် အုပ်ချုပ်မှု ကော်မတီဝင် | တနိုင်း | တုံမလီရွှေမှော် | ▪ ရွှေမှော်မှ ထိခိုက်ဒဏ်ရာရရှိမှု။ သေဆုံးမှုနှင့် လောင်းကစား အမျိုးအစားများ |
| ဂျီ ၇ | မတ်လ ၃၊ ၂၀၀၅ | ကျား/မ | ၅၀/ ၄၅ | ဆရာဝန်များ | ရန်ကုန် | တုံမလီရွှေမှော် | ▪ ရွှေမှော်ဒေသရှိ ကျန်းမာရေးအခြေအနေ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား–မ/လူမျိုး | အသက် | အလုပ်အကိုင် | နေရပ်လိပ်စာ | မေးမြန်းသည့်နေရာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ဂျီ ၈ | မတ်လ ၁၀၊ ၂၀၀၅ | မ (ကချင်) | ၃၄ | စားသောက်ဆိုင်လုပ်သား | နမ္မတီး | တုံမလီရွှေမှော် | ■ ရွှေမှော်ဒေသရှိ အထွေထွေအခြေအနေ |
| ဂျီ ၉ | မတ်လ ၁၁၊ ၂၀၀၅ | ကျား (ရှမ်း) | ၂၅ | ကျင်းလုပ်သား | မိုးကောင်းတောင်နီ | တုံမလီရွှေမှော် | ■ ရွှေမှော်ရှိ မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ |
| ဂျီ ၁၀ | ဇွန်လ ၁၀၊ ၂၀၀၅ | မ (တရုတ်) | ၃၇ | ရွှေဆိုင်နှင့်အဝတ်အထည်စတိုးပိုင်ရှင် | မြစ်ကြီးနား | တုံမလီရွှေမှော် | ■ ရွှေထည်ထုတ်လုပ်မှုနှုန်းနှင့် ရောင်းချသောနေရာများ |
| ဂျီ ၁၁ | ဇွန်လ ၁၀၊ ၂၀၀၅ | မ (ရှမ်း–တရုတ်) | ၂၈ | စားသောက်ဆိုင်စားပွဲထိုးနှင့်ချဲထီရောင်းသူ | မြစ်ကြီးနား | တုံမလီရွှေမှော် | ■ ချဲထီလုပ်ငန်း |
| ဂျီ ၁၂ | ဇွန်လ ၁၁၊ ၂၀၀၅ | ကျား (ဗမာ) | ၁၁ | ကျင်းလုပ်သား | ရန်ကုန် | တုံမလီရွှေမှော် | ■ ရွှေမှော်မှ ကလေးငယ်တစ်ဦး၏ ရွှေကျင်အတွေ့အကြုံ |
| ဂျီ ၁၃ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား (ရှမ်း–ဗမာ) | ၂၃ | ကျင်းလုပ်သား | တာလောကြီး | တုံမလီရွှေမှော် | ■ ရွှေမှော်အလုပ်သမားများ၏ အခြေအနေ |
| ဂျီ ၁၄ | ဇွန်လ ၁၀၊ ၂၀၀၅ | – | ၅၀<br>၄၅<br>၅၀ | ရွှေမှော်အုပ်ချုပ်မှုကော်မတီ | | တုံမလီရွှေမှော် | ■ ရွှေမှော်းဒေသရှိ လူမှုရေးပြဿနာများနှင့် မုဒိန်းမှုများ |
| ဂျီ ၁၅ | ဇန်နဝါရီလ ၁၀၊ ၂၀၀၅ | မ (ကချင်) | ၄၂ | တွင်းပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | ■ ရွှေမှော်ဒေသ၏ အခြေအနေ |
| ဂျီ ၁၆ | ဧပြီလ၊ | ကျား (ကချင်) | ၇၅ | ခရစ်ယာန်ဝတ်ပြုဆရာ | တနိုင်း | တနိုင်း | ■ ဟူးကောင်းချိုင့်ဝှမ်းဒေသမှ ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား–မ/လူမျိုး | အသက် | အလုပ်အကိုင် | နေရပ်လိပ်စာ | မေးမြန်းသည့်နေရာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ဂျီ ၁၇ | ဧပြီလ ၂၇၊ ၂၀၀၆ | ကျား (ကချင်) | ၆၀ | ရွာလူကြီး | တနိုင်း | တနိုင်း | ■ ရွှေတူးဖော်ခြင်းတားမြစ်ပြီးသော်လည်း၊ ဆက်လက်လုပ်ကိုင်နေမှုများ |
| ဂျီ ၁၈ | ဧပြီလ ၂၈၊ ၂၀၀၆ | ကျား | ၃၀ | တွင်းပိုင် | ရှင်ဘွဲယန် | ရှင်ဘွဲယန် ရွှေမှော် | ■ အစိုးရသို့ ရွှေတူးဖော်ရေးမှ ခွင့်ပြုချက်ချပေးရန် ပေးဆောင်ရမှုများနှင့် ရွှေတွင်းပိုင်ရှင်များက ခွင့်ပြုချက်ရသူလက်မှတ်ရှင်များထံသို့ ပေးရသောငွေကြေး |
| ဂျီ ၁၉ | ဧပြီလ ၂၈၊ ၂၀၀၆ | ကျား | ၃၅ | ကျင်းလုပ်သား | နမ်ဖြူ | နမ်ဖြူ ရွှေမှော် | ■ ရွှေတွင်းလုပ်ခွင့် တားမြစ်ပြီးဖြစ်သော်လည်း၊ ဆက်လက်လုပ်ကိုင်နေမှု အနေအထား<br>■ ခွင့်ပြုချက်လက်မှတ်ကိုင်ထားသူများ၏ ကုန်စည်ထိန်းချုပ်မှု |
| ဂျီ ၂၀ | မေလ ၅၊ ၂၀၀၆ | မ | ၂၅ | ရွှေထုတ်လုပ်ရေး ကုမ္ပဏီဝန်ထမ်း | မြစ်ကြီးနား | မြစ်ကြီးနား | ■ (နအဖ) အရာရှိအဆင့်ဆင့်သို့ ကုမ္ပဏီက ပေးရသော ငွေကြေး<br>■ ရွှေမှော်လုပ်ခွင့်ပိတ်ပင်တားမြစ်ထားသော်လည်း ဆက်လက်လုပ်ကိုင်နေမှု |
| ဂျီ ၂၁ | ဧပြီလ ၂၆၊ ၂၀၀၆ | ကျား | ၄၀ | ဒေခံပြည်သူ တစ်ဦး | တနိုင်း | တနိုင်း | ■ ရွှေမှော်များကြောင့် ဖြစ်ရသော သဘာဝပတ်ဝန်းကျင်ပြဿနာများ |
| ဂျီ ၂၂ | မေလ ၂၅၊ ၂၀၀၆ | ကျား | ၂၅ | တွင်းပိုင် | တနိုင်း | တနိုင်း | ■ တားမြစ်ထားသော်လည်း ရွှေဆက်တူးနေမှုများ။ ကုမ္ပဏီကြီးများက (နအဖ) စစ်အစိုးရသို့ ငွေပေး၍၊ ရွှေတူးခွင့်ရရှိနေကြသော အခြေအနေ။ ရွှေမှော်ဒေသရှိ လိင်မှုစီးပွားရေးလုပ်ငန်း။ |
| ဂျီ ၂၃ | ဧပြီလ ၂၈၊ ၂၀၀၆ | ကျား | ၂၈ | ကျင်းလုပ်သား | ရှင်ဘွဲယန် | ရှင်ဘွဲယန် ရွှေမှော် | ■ (နအဖ) စစ်အစိုးရ ထိန်းချုပ်ထားသောဒေသများတွင် ရွှေတူးမှု တားမြစ် ပိတ်ပင်ထားခြင်းကို မကြားရသောအကြောင်း။ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား–မ/လူမျိုး | အသက် | အလုပ်အကိုင် | နေရပ်လိပ်စာ | မေးမြန်းသည့်နေရာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ဂျီ ၂၄ | မေလ ၆၊ ၂၀၀၆ | ကျား | ၄၀ | လယ်သမား | နောင်းချိန်းကျေးရွာ၊ မြစ်ကြီးနား | နောင်းချိန်းကျေးရွာ၊ မြစ်ကြီးနား | ■ တားမြစ်ထားသော်လည်း ရွှေဆက်တူးကြသောအကြောင်း။ ယာယီပိတ်ပင်တားမြစ်မှုပြု၍၊ မြောက်ပိုင်းတိုင်း စစ်တိုင်းမှူး၏အကျိုးစီးပွားအတွက် အပေးအယူပြုကြပုံ။ |
| ဂျီ ၂၅ | ဩဂုတ်လ၊ ၂၀၀၆ | ကျား | ၅၀ | ရွှေထုတ်လုပ်ရေးကုမ္ပဏီ၏ကိုယ်စားလှယ် | မြစ်ကြီးနား | မြစ်ကြီးနား | ■ အခွန်ကိစ္စ၊ အပေးအယူနှင့် ကုမ္ပဏီများက (နအဖ) စစ်အစိုးရထံသို့လာဘ်ထိုးကြပုံ။ ရွှေတွင်းပိုင်ရှင်က တူးခွင့် ခွင့်ပြုချက်ရသူကို ငွေပေးကြရပုံ။ |
| ဂျီ ၂၆ | ဩဂုတ်လ၊ ၂၀၀၆ | ကျား | ၄၀ | ရွှေထုတ်လုပ်ရေးကုမ္ပဏီ၏ဝန်ထမ်း | မြစ်ကြီးနား | မြစ်ကြီးနား | ■ အခွန်ကိစ္စ၊ အပေးအယူနှင့် ကုမ္ပဏီများက (နအဖ) စစ်အစိုးရထံသို့လာဘ်ထိုးကြပုံ။ |
| ဂျီ ၂၇ | ဇွန်လ ၂၀၊ ၂၀၀၆ | ကျား | ၅၀ | ရွှေထုတ်လုပ်ရေးကုမ္ပဏီ၏ကိုယ်စားလှယ် | မြစ်ကြီးနား | ယိန်ဂျန်း၊ တရုတ်နိုင်ငံ | ■ အခွန်ကိစ္စ၊ အပေးအယူနှင့် ကုမ္ပဏီများက (နအဖ) စစ်အစိုးရထံသို့လာဘ်ထိုးကြပုံ။ |
| ဂျီ ၂၈ | ဧပြီလ ၂၇၊ ၂၀၀၆ | ကျား | ၆၅ | ရွှေထုတ်လုပ်ရေးကုမ္ပဏီ ဝန်ထမ်း | တနိုင်း | တနိုင်း | ■ ရွှေတူးဖေါ်ခွင့်ပိတ်ပင်တားမြစ်ထားသော်လည်း ဆက်လက်လုပ်ကိုင်နေမှု |

မြေယာသိမ်းဆည်းမှုတွေ့ဆုံမေးမြန်းချက်

| အမှတ်စဉ် | အသက် | ကျား/မ | အလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့် မြေဧက | သိမ်းယူသည့် ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၁ | ၅၀ | မ | ကျန်းမာရေး လုပ်သား | ကင်ဆားရာရပ်၊ တနိုင်းမြို့ | မောင်မောင်တူး (မအဖ) ဉက္ကဋ္ဌနှင့် ခလရ (၈၆) | (မအဖ) ဉက္ကဋ္ဌခေါင်းဆောင်သောအဖွဲ့က ဆက်သွယ်ရေးရုံးဆောက်လုပ်ရန် အိမ်ခြံမြေကိုခြိမ်းခြောက် သိမ်းယူသည်။ | ၅ | မေလ ၁၆၊ ၁၉၉၁ |
| အယ်လ် ၂ | ၅၂ | ကျား | လယ်သမား | ကင်ဆားရာရပ် တနိုင်းမြို့ | မောင်မောင်တူး (မအဖ) ဉက္ကဋ္ဌနှင့် ခလရ (၈၆) | ကင်ဆားရာ (၃) ရပ်ကွက်ရှိ နှစ်ထပ်တိုက် အဆောက်အဦးနှင့်မြေကို အစိုးရပိုင်အဖြစ် သိမ်းယူသည်။ | ၁.၅ | ၁၉၉၁ |
| အယ်လ် ၃ | ၄၅ | ကျား | လယ်သမား | ကင်ဆားရာရပ် ရပ်ကွက် (၃) တနိုင်းမြို့ | မောင်မောင်တူး (မအဖ) ဉက္ကဋ္ဌနှင့် ခလရ (၈၆) | ၈၀ x ၆၀ ပေအိမ်ခြံမြေကို ဆက်သွယ်ရေးရုံး ဆောက်လုပ်ရန်အတွက် သိမ်းယူသည်။ | – | ၁၉၉၁ |
| အယ်လ် ၄ | ၅၅ | ကျား | လယ်သမား | ကင်ဆားရာ ရပ်ကွက် (၃) တနိုင်းမြို့ | မောင်မောင်တူး (မအဖ) ဉက္ကဋ္ဌနှင့် ခလရ (၈၆) | ၈၀ x ၆၀ ပေအိမ်ခြံမြေကို အစိုးရပိုင်အဖြစ် သိမ်းယူသည်။ | – | မေလ ၁၆၊ ၁၉၉၁ |
| အယ်လ် ၅ | ၄၈ | ကျား | လယ်သမား | ကင်ဆားရာ ရပ်ကွက် (၃) တနိုင်းမြို့ | မောင်မောင်တူး (မအဖ) ဉက္ကဋ္ဌနှင့် ခလရ (၈၆) | ၈၀ x ၇၀ ပေအိမ်ခြံမြေကို ပိုင်ရှင်ခွင့်ပြုချက်မရယူဘဲ အစိုးရပိုင်အဖြစ် ခြိမ်းခြောက်သိမ်းယူသည်။ | – | ၁၉၉၁ |

| အမှတ်စဉ် | အသက် | ကျား/မ | ဤလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့်မြေကေ | သိမ်းယူသည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၆ | ၄၅ | ကျား | အစိုးရဝန်ထမ်း | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခမရ (၃၁၈) | လယ်မြေကို အစိုးရပိုင်အဖြစ် အတင်းအကျပ် သိမ်းယူသည်။ | ၄ | ၁၉၉၁ |
| အယ်လ် ၇ | ၅၄ | ကျား | လယ်သမား | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခမရ (၃၁၈) | လယ်မြေကို ပိုင်ရှင်သဘောမတူဘဲ သိမ်းယူသည်။ | ၃ | ၁၉၉၅ |
| အယ်လ် ၈ | ၅၆ | ကျား | လယ်သမား | ကင်ဆားရာရပ် တနိုင်းမြို့ | ခမရ (၃၁၈) | လယ်မြေကို ပိုင်ရှင်ခွင့်ပြုချက်မရယူဘဲ ခြိမ်းခြောက် သိမ်းယူသည်။ | ၃ | ၁၉၉၅ |
| အယ်လ် ၉ | ၅၇ | ကျား | အစိုးရဝန်ထမ်း | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခလရ (၈၆) နှင့် ခမရ (၃၁၈) | စပ်ဂပ်ပါကွင်းရှိ လယ်မြေကို စစ်တပ်ပိုင်အဖြစ် ပိုင်ရှင်ခွင့်ပြုချက်မရယူဘဲ ခြိမ်းခြောက်သိမ်းယူသည်။ | ၇ | ၁၉၉၅ |
| အယ်လ် ၁၀ | ၇၂ | ကျား | လယ်သမား | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခလရ (၈၆) နှင့် ခမရ (၃၁၈) | စပ်ဂပ်ပါကွင်းရှိ လယ်မြေကို ပိုင်ရှင်ခွင့်ပြုချက်မရယူဘဲ ခြိမ်းခြောက်သိမ်းယူသည်။ | ၄ | ၁၉၉၅ |
| အယ်လ် ၁၁ | ၆၀ | ကျား | လယ်သမား | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခမရ (၃၁၈) | လယ်မြေကို သိမ်းယူသည်။ | ၃ | ၁၉၉၅ |

| အမှတ်စဉ် | အသက် | ကျား/မ | အလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့်မြေဧက | သိမ်းယူသည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၁၂ | ၅၉ | ကျား | အစိုးရဝန်ထမ်း | ကင်ဆားရာ ရပ်ကွက် (၁) တနိုင်းမြို့ | ခလရ (၂၃၈) | စပ်ဂပ်ပါကွင်းရှိလယ်မြေကို စစ်တပ်ပိုင်အဖြစ် သိမ်းယူသည်။ | ၆ | ၁၉၉၄ |
| အယ်လ် ၁၃ | ၆၄ | ကျား | လယ်သမား | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆)၊ (၂၃၈) နှင့် ခမရ (၃၁၈) | လယ်မြေကို စစ်တပ်ပိုင်အဖြစ် အတင်းအကျပ် သိမ်းယူသည်။ | ၄ | ၁၉၉၄ |
| အယ်လ် ၁၄ | ၆၇ | ကျား | အစိုးရဝန်ထမ်း | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆)၊ (၂၃၈) နှင့် ခမရ (၃၁၈) | လယ်မြေကို ခြိမ်းခြောက်သိမ်းယူသည်။ | ၅ | ၁၉၉၂၊ ၁၉၉၄ ၁၉၉၇ |
| အယ်လ် ၁၅ | ၆၆ | ကျား | လယ်သမား | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆) နှင့် ခမရ (၃၁၈) | လယ်မြေ (၁၂) ဧကကို စစ်တပ်ပိုင်အဖြစ် သိမ်းယူသည်။ | မရှိ | ၁၉၉၂၊ ၁၉၉၄ |
| အယ်လ် ၁၆ | ၅၆ | ကျား | လယ်သမား | ဟူကောင်းရပ် တနိုင်းမြို့ | ခလရ (၂၃၈) | စပ်ဂပ်ပါကွင်းရှိ လယ်မြေကို သိမ်းယူသည်။ | ၅ | ၁၉၉၀ |
| အယ်လ် ၁၇ | ၆၄ | ကျား | လယ်သမား | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၂၃၈) | လယ်မြေကို စစ်တပ်မှသိမ်းယူသည်၊ | ၆ | ၁၉၉၃ |
| အယ်လ် ၁၈ | ၅၀ | ကျား | လယ်သမား | ဟူကောင်းရပ် တနိုင်းမြို့ | ခလရ (၂၃၈) | လယ်မြေကို စစ်တပ်မှသိမ်းယူသည်၊ | ၄ | ၁၉၉၃ |
| အယ်လ် ၁၉ | ၅၄ | ကျား | လယ်သမား | ဟူကောင်းရပ် တနိုင်းမြို့ | ခလရ (၂၃၈) | လယ်မြေကို စစ်တပ်မှသိမ်းယူသည်။ | ၄ | ၁၉၉၃ |
| အယ်လ် ၂၀ | ၆၀ | ကျား | လယ်သမား | ဟူကောင်းရပ် တနိုင်းမြို့ | ခလရ (၂၃၈) | စပ်ဂပ်ပါကွင်းရှိ လယ်မြေကို စစ်တပ်မှ သိမ်းယူသည်။ | မရှိ | ၁၉၉၃ |

| အမှတ်စဉ် | အသက် | ကျား/မ | အလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့်မြေဧက | သိမ်းယူသည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၂၁ | ၇၀ | ကျား | လယ်သမား | ကင်ဆားရာရပ် တနိုင်းမြို့ | ခလရ (၈၆) နှင့် ခလ၇ (၂၃၈) | လယ်မြေကို စစ်တပ်မှသိမ်းယူသည်။ | ၈ | ၁၉၉၂ မှ ၁၉၉၈ အတွင်း |
| အယ်လ် ၂၂ | ၆၁ | ကျား | ကျောင်းဆရာ | ကင်ဆားရာရပ် | ခလရ (၈၆) နှင့် ခလရ (၂၃၈) | လိမ္မော်ပင် (၁၀၆) ပင်စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေကို စစ်တပ်မှသိမ်းယူသည်။ | ၅ | ၁၉၉၂၊ ၁၉၉၄ |
| အယ်လ် ၂၃ | – | – | လယ်သမားများနှင့်လုပ်ငန်းရှင်များ | တနိုင်းမြို့ | ခလရ (၈၆)၊ (၂၃၈) နှင့် ခမရ (၃၁၈) | တနိုင်းတောင်ပိုင်း၊ တနိုင်းတံတားမှ လမောင်းရွာအထိ ကေ (၁၀၀) ကျော်ရှိသော အိမ်ခြံမြေများကို သိမ်းယူပြီး ၆၀ **x** ၈၀ ပေမြေကွက်များရိုက်ကာ လုပ်ငန်းရှင်များအား ရောင်းချသည်။ ကျန်မြေကွက်များကို မီးသတ်စခန်း၊ သစ်တောရုံး၊ သစ်စက်နှင့် စစ်တပ်မြေအဖြစ် အသုံးပြုသည်။ | ၁၀၀ ကျော် | ၂၀၀၃၊ ၂၀၀၄ |
| အယ်လ် ၂၄ | – | – | လယ်သမားများ | တနိုင်းမြို့ | ခလရ (၂၃၈) | မိသားစု (၁၁) စုပိုင် (၁၀) ကေကျော်သော ခြံမြေကို သိမ်းယူပြီး ဈေးကိုတိုးချဲ့တည်ဆောက်သည်။ | ၁၀ ကျော် | ၁၉၉၄ |
| အယ်လ် ၂၅ | – | – | လယ်သမား | မုန်ဒိန်ရပ် တနိုင်းမြို့ | ခလရ (၂၃၈) | မိသားစု (၃) စုပိုင် အိမ်ခြံမြေကို သိမ်းယူပြီး ဗုဒ္ဓဘာသာ ကျောင်းပုရိဝုဏ် သတ်မှတ်သည်။ | | ၁၉၉၂ မှ ၁၉၉၄ |
| အယ်လ် ၂၆ | ၅၉ | ကျား | လယ်သမား | ဟူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆) | မြေသိမ်းယူခြင်း | ၅ | ၁၉၉၄ |

| အမှတ်စဉ် | အသက် | ကျား/မ | အလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့်မြေဧက | သိမ်းယူသည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၂၇ | ၆၂ | ကျား | လယ်သမား | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆) | သစ်သီးပင် (၉၀) ပါ ဥယျာဉ်ခြံမြေကို သိမ်းယူသည်။ | ၄.၅ | ၁၉၉၄ |
| အယ်လ် ၂၈ | ၅၈ | မ | ကျန်းမာရေးလုပ်သား | ပုန်ခုန်းရပ် တနိုင်းမြို့ | ခလရ (၈၆) | သစ်သီးပင် (၅၀) ပါ ဥယျာဉ်ခြံမြေကို သိမ်းယူသည်။ | ၃ | ၁၉၉၅ |
| အယ်လ် ၂၉ | ၄၀ | ကျား | လယ်သမား | ဆင်ဆရပ် တနိုင်းမြို့ | ခလရ (၂၃၈) | နှစ်ထပ်သစ်သားအဆောက်အဦး | | ၁၉၉၂ |
| အယ်လ် ၃၀ | ၇၀ | ကျား | အစိုးရဝန်ထမ်း | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆)၊ (၂၃၆) နှင့် ခမရ (၃၁၈) ကျေးတိုင်နှင့် မြေစာရင်းဌာန | တနိုင်းမြို့အဝင် 'ကြိုဆိုပါ၏' ဆိုင်းဘုတ်အနီး လီဒိုလမ်းမဘေးရှိ သစ်သီးခြံကို စစ်တပ်ပိုင်အဖြစ် သိမ်းယူသည်။ | ၇ | – |
| အယ်လ် ၃၁ | ၆၇ | ကျား | လယ်သမား | ဒူကောင်းရပ် တနိုင်းမြို့ | ခလရ (၈၆) | သစ်သီးပင် (၅၀) ပါ ဥယျာဉ်ခြံမြေကို သိမ်းယူသည်။ | ၅ | ၁၉၉၃ |
| အယ်လ် ၃၂ | ၅၀ | ကျား | လယ်သမား | တနိုင်းမြို့ | ခလရ (၈၆) | သံပုရာပင် (၄၀) ပါ ဥယျာဉ်ခြံမြေကို သိမ်းယူသည်။ | ၄ | ၁၉၉၃။ ၁၉၉၄ |
| အယ်လ် ၃၃ | ၆၇ | ကျား | လယ်သမား | တနိုင်းမြို့ | ခလရ (၈၆) | ရှောက်ချိုပင် (၁၂၀) ပါ သစ်သီးခြံကို သိမ်းယူသည်။ | ၅ | ၁၉၉၄ |

| အမှတ်စဉ် | အသက် | ကျား/မ | အလုပ်အကိုင် | နေရပ်လိပ်စာ | သိမ်းယူသူ | ဖြစ်စဉ်အကျဉ်း | အသိမ်းခံရသည့်မြေဧက | သိမ်းယူသည့်ရက်စွဲ |
|---|---|---|---|---|---|---|---|---|
| အယ်လ် ၃၄ | ၇၀ | ကျား | လယ်သမား | တနိုင်းမြို့ | ခလရ (၂၃၈) | ရှောက်ချိုပင် (၁၁၀)၊ လက်ဖက်ပင် (၃၀၀) နှင့် ဂရိတ်ဖရုပင် (၅၀) ပါသော သစ်သီးခြံကို သိမ်းယူသည်။ | ၈ | ၁၉၉၃၊ ၁၉၉၄ |
| အယ်လ် ၃၅ | ၆၉ | ကျား | လယ်သမား | ကင်ဆားရာရပ် တနိုင်းမြို့ | ခလရ (၈၆) နှင့် ခလရ (၂၃၈) | ရှောက်ချိုပင် (၁၂၀) သံပုရာပင် (၁၀၀) ကျွဲကောပင် (၁၂၀) နှင့် လက်ဖက်ပင် (၂၀၀) ပါ ဥယျာဉ်ခြံကို သိမ်းယူသည်။ | ၁၂ | ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ |
| အယ်လ် ၃၆ | ၆၁ | ကျား | လယ်သမား | ကင်ဆားရာရပ် တနိုင်းမြို့ | ခလရ (၈၆) နှင့် ခလရ (၂၃၈) | ကင်းဆားရာ အသင်းအဖွဲ့ပိုင်မြေကို အားကစားကွင်း ပြုလုပ်ရန် သိမ်းယူသည်။ | – | – |
| အယ်လ် ၃၇ | ၅၀ | ကျား | လယ်သမား | ပုန်ခုန်းရပ်ကွက် တနိုင်း | ခလရ (၈၆) နှင့် ခလရ (၂၃၈) | တနိုင်းမြစ်အောက်ပိုင်းကို (နအဖ) စစ်အစိုးရ၏ ဆွေမျိုးများက သိမ်းယူကြသည်။ | – | – |
| အယ်လ် ၃၈ | ၂၆ | ကျား | လယ်သမား | ဆင်ဆရပ် တနိုင်း | ခလရ (၈၆) နှင့် ခလရ (၂၃၈) (ကျေးတိုင်နှင့် မြေစာရင်းဌာန) | လီဒိုလမ်းမကြီးဘေးရှိ သွပ်မိုးမမိုးနိုင်သော မိသားစု များနှင့်သစ်သားကြမ်းခင်း မခင်းနိုင်ကြသော မိသားစု များပိုင် အိမ်များအားလုံး အသိမ်းခံရသည်။ | – | ၂၀၀၃၊ ၂၀၀၄ |

မူးယစ်ဆေးဝါးပြဿနာတွေ့ဆုံမေးမြန်းချက်

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား/မ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | အသေးစိတ်အကြောင်းအရာ |
|---|---|---|---|---|---|---|
| ဒီ ၁ | ဖေဖေါ်ဝါရီလ ၁၂၊ ၂၀၀၅ | ကျား | ၃၀ | ဆေးဘက်ဆိုင်ရာ အဲန်ဂျီအို ဝန်ထမ်း | မြစ်ကြီးနား | ■ ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုနောက်ခံသမိုင်း<br>■ (၁၉၉၄) ခုနှစ် မတိုင်မီနှင့် ယခုဆေးဝါးသုံးစွဲမှုအခြေအနေ နှိုင်းယှဉ်ချက် လူငယ်ထုကြားရှိ မူးယစ်ဆေးဝါးသုံးစွဲမှု အခြေအနေ |
| ဒီ ၂ | ဖေဖေါ်ဝါရီလ ၁၈၊ ၂၀၀၅ | ကျား | ၂၃ | မူးယစ်ဆေးစွဲ လူငယ် | တနိုင်းမြို့နယ် | ■ သုံးစွဲသော ဆေးဝါအမျိုးအစားများ ဆေးဝါးသုံးစွဲသည့် ပုံစံနှင့် နည်းလမ်းအမျိုးမျိုး (ဘိန်းဖြူ၊ ဖော်မြူလာ၊ ဘိန်းမဲ) |
| ဒီ ၃ | ဇွန်လ ၆၊ ၂၀၀၅ | ကျား | ၃၆ | ကြံ့ဖွံ့ အဖွဲ့ဝင် | တနိုင်းမြို့နယ် | ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု သမိုင်းအကျဉ်း |
| ဒီ ၄ | ဇွန်လ ၇၊ ၂၀၀၅ | ကျား | ၆၀ | ဘိန်းခင်းပိုင်ရှင် | တနိုင်းမြို့နယ် | ■ (နအဖ) အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ရှားမှုအပေါ် ဒေသခံ ပြည်သူလူထု၏ အမြင် |
| ဒီ ၅ | မတ်လ ၁၁၊ ၂၀၀၅ | ကျား | ၄၅ | ကေအိုင်အို အရာရှိ | တုံမလီ | ■ ရွှေမော်ဒေသမှ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု အခြေအနေ<br>■ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းတွင် ဒေသအာဏာပိုင်များ၊ ပါဝင်ပတ်သက်နေမှု |
| ဒီ ၆ | မတ်လ ၁၁၊ ၂၀၀၅ | ကျား | ၃၅ | ကေအိုင်အို အရာရှိ | တုံမလီ | ■ ဟူးကောင်းချိုင့်ဝှမ်းအနီး နာဂဒေသရှိ ဘိန်းခင်းများအခြေအနေ<br>■ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှုန်းနှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ တရားမဝင် သယ်ယူပို့ဆောင်မှုနည်းလမ်း |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား/မ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | အသေးစိတ်အကြောင်းအရာ |
|---|---|---|---|---|---|---|
| ဒီ ၇ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား | ၂၈ | ကျောင်းလုပ်သား | တုံမလီ | ■ ၎င်းအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းနှင့် သုံးစွဲသော မူးယစ်ဆေးဝါးအမျိုးအစားများ<br>■ ၎င်း နေ့စဉ်သုံးစွဲသော မူးယစ်ဆေးဝါးပမာဏနှင့် ကုန်ကျစရိတ် |
| ဒီ ၈ | ဖေဖော်ဝါရီလ၊ ၂၀၀၅ | ကျား | ၂၃ | မူးယစ်ဆေးစွဲလူငယ် | မြစ်ကြီးနား (ရွှေမော်ဒေသများတွင် နေထိုင်ခဲ့သူ) | ■ ၎င်းအနေဖြင့် မူးယစ်ဆေးစွဲလာပုံ။ သုံးစွဲသော မူးယစ်ဆေးပမာဏ။ မူးယစ်ဆေးစွဲလူငယ်များ၏ အခြေအနေ<br>■ အဲန်ဂျီအိုများ၏ မူးယစ်ဆေးစွဲနေသူများအပေါ် ကူညီစောင့်ရှောက်မှု<br>■ မူးယစ်ဆေးဝါးအချို့၏ ဈေးနှုန်း<br>■ မူးယစ်ဆေးဝါးမသုံးစွဲခင်နှင့်သုံးစွဲပြီး ၎င်း၏ စိတ်ခံစားမှုနှိုင်းယှဉ်ချက်<br>■ (နအဖ) စစ်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမူဝါဒအပေါ် ၎င်း၏အမြင် |
| ဒီ ၉ | မတ်လ ၁၂၊ ၂၀၀၅ | ကျား | ၂၈ | ဆေးစွဲနေသော ကျောင်းလုပ်သား | တုံမလီ | ■ ပန်ကာရွှေမော်ဒေသအခြေအနေနှင့် ရွှေတွင်းအလုပ်သမားများ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်း<br>■ မူးယစ်ဆေးစွဲနေသူများအကြားရှိ ပျမ်းမျှဆေးဝါးသုံးစွဲမှု |
| ဒီ ၁၀ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား | ၂၈ | ဆေးစွဲနေသော ကျောင်းလုပ်သား | တုံမလီ | ■ ၎င်း မူးယစ်ဆေးစွဲလာရခြင်းအကြောင်းနှင့် ပျမ်းမျှသုံးစွဲသောအကြိမ် |
| ဒီ ၁၁ | ဖေဖော်ဝါရီလ ၁၇၊ ၂၀၀၅ | မ | ၆၀ | မှီခို | တနိုင်း | ■ သားဖြစ်သူကို အာဏာပိုင်များက မည်သို့သတ်ဖြတ်ခဲ့ပုံ<br>■ သား၏အလောင်းကို ရှာတွေ့ပုံ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | ကျား/မ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | အသေးစိတ်အကြောင်းအရာ |
|---|---|---|---|---|---|---|
| ဒီ ၁၂ | ဇွန်လ ၁၀၊ ၂၀၀၅ | မ | ၂၄ | မူးယစ်ဆေးရောင်းချသူများ | တုံမလီ | ■ မူးယစ်ဆေးဝါးရောင်းချသူတစ်ဦး၏ အတွေ့အကြုံ<br>■ မူးယစ်ဆေးဝါးများ၏ ဈေးနှုန်းနှင့် ပျမ်းမျှတစ်နေ့ အရောင်းပမာဏ<br>မူးယစ်ဆေးဝါးရယူပုံ။ ရယူသောနေရာနှင့် အာဏာပိုင်များကို လာဘ်ထိုးရသောငွေပမာဏ<br>■ မိသားစု အခြေအနေ |
| ဒီ ၁၃ | ဇွန်လ ၁၀၊ ၂၀၀၅ | ကျား/မ | ၁၇/၃၄ | မူးယစ်ဆေးဝါးရောင်းချသူများ | တုံမလီ | ■ မူးယစ်ဆေးရောင်းသူ မဖြစ်ခင် ၎င်းတို့၏ဘဝဖြတ်သန်းမှု<br>■ တစ်နေ့၌ပျမ်းမျှ မူးယစ်ဆေးအရောင်းပမာဏ<br>■ မူးယစ်ဆေးဝါးလာရောက်ဝယ်ယူသူအများစု၏ အမျိုးအစား<br>■ ၎င်းတို့မူးယစ်ဆေးဝါးဝယ်ယူရရှိကြသော နေရာ |

ပြည့်တန်ဆာလုပ်ငန်းဆိုင်ရာ တွေ့ဆုံမေးမြန်းချက်

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | နေရပ်လိပ်စာ | မေးမြန်းသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|
| အက်စ် ၁ | ဇွန်လ ၆၊ ၂၀၀၅ | ၂၈ | ဆရာမ | တနိုင်း | ပုန်ခုန်းရပ်ကွက်၊ တနိုင်း | ရှင်ဘွိုယန်းရွှေမော်ဒေသမှ ပြည့်တန်ဆာဖြစ်သွားသော ကချင်အမျိုးသမီးများအကြောင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် အာဏာပိုင်များနှင့် စီးပွားရေးသမားများ ပါဝင်ပတ်သက်နေမှု |
| အက်စ် ၂ | ဇွန်လ ၁၀၊ ၂၀၀၅ | ၂၄ | အနှိပ်ခန်း | တုံမလီရွှေမော် ဒေသ | မြစ်ကြီးနားမြို့ | တုံမလီရွှေမော်ဒေသမှ အနှိပ်ခန်းများတွင် အလုပ်လုပ်နေကြ သော ကချင်အမျိုးသမီးများအကြောင်း |
| အက်စ် ၃ | ဇွန်လ ၁၀၊ ၂၀၀၅ | ၃၄ | အနှိပ်ခန်း | တုံမလီရွှေမော် ဒေသ | နမ္မတီး | တုံမလီရွှေမော်ဒေသမှ အနှိပ်ခန်းများတွင် အလုပ်လုပ်နေကြ သော ကချင်အမျိုးသမီးများအကြောင်း |
| အက်စ် ၄ | ဖေဖော်ဝါရီလ ၁၆၊ ၂၀၀၅ | ၂၀ | ပြည့်တန်ဆာ | နမ်ဖြူရွှေမော်ဒေသ | ပေါက်ကံရွာ၊ မွန္တလေး | မိသားစုဝမ်းရေးအခက်အခဲကြောင့် ရွှေမော်ဒေသတွင် ပြည့်တန်ဆာဖြစ်သွားရသော ကချင်အမျိုးသမီးတစ်ယောက်အကြောင်း |
| အက်စ် ၅ | ဖေဖော်ဝါရီလ ၁၈၊ ၂၀၀၅ | ၂၃ | ကျောင်းသူ | ဆွတ်ကျိုင်းရွှေမော် ဒေသ | မြို့သစ်၊ ဗန်းမော် | တက္ကသိုလ်ဆက်တက်ရန် ကျောင်းစရိတ်ရှာရာမှ ပြည့်တန်ဆာဖြစ်သွားသူအမျိုးသမီးတစ်ယောက်အကြောင်း |
| အက်စ် ၆ | ဖေဖော်ဝါရီလ ၁၉၊ ၂၀၀၅ | ၂၆ | ပြည့်တန်ဆာ | အောင်ဂျတ်ရွှေမော် ဒေသ | လွိုင်ခီးရွာ၊ မြောက်ပိုင်းရှမ်းပြည် | အိမ်ထောင်ရေးအဆင်မပြေဖြစ်ရာမှ ပြည့်တန်ဆာဖြစ်သွားခြင်း အကြောင်း |
| အက်စ် ၇ | ဖေဖော်ဝါရီလ ၁၉၊ ၂၀၀၅ | ၂၄ | ထမင်းချက် | နမ့်ခမ်းရွှေမော်ဒေသ | နန့်ဟိုင်ရွာ၊ ဖားကန့်မြို့နယ် | ရွှေမော်ဒေသတွင် သင့်တော်သည့်အလုပ်လုပ်ကိုင်ရင်း ငွေရှာရန် လာရောက်ခဲ့ခြင်းဖြစ်သော်လည်း၊ နောက်ဆုံးတွင် ပြည့်တန်ဆာဖြစ်သွားရသော မိဘမဲ့အမျိုးသမီးတစ်ဦး၏ အတွေ့အကြုံ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | နေရပ်လိပ်စာ | မေးမြန်းသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|
| အက်စ် ၈ | ဖေဖော်ဝါရီလ ၁၈၊ ၂၀၀၅ | ၂၅ | ပြည့်တန်ဆာ | လုန်ကျတ်ရွှေမှော်ဒေသ | ပေါက်ကံရွာ၊ မန္တလေး | မိသားစုဆင်းရဲလွန်းသဖြင့် ပြည့်တန်ဆာဖြစ်သွားခြင်းအကြောင်း |
| အက်စ် ၉ | ဖေဖော်ဝါရီလ ၂၀၊ ၂၀၀၅ | ၂၃ | ဈေးဆိုင်အလုပ်သမား | လုန်ကျတ်ရွှေမှော်ဒေသ | ကောင်းရားရွာ၊ မြောက်ပိုင်းရှမ်းပြည် | မြန်မာစစ်တပ်က ပေါ်တာဆွဲခံရပြီး၊ ဖခင်ဖြစ်သူ သေဆုံးသွားရာမှ မိသားစုအလွန်ဆင်းရဲကျပ်တည်းလာသဖြင့် ရွှေတွင်းတွင် လာရောက်အလုပ်လုပ်နေသူ တစ်ဦးအကြောင်း |
| အက်စ် ၁၀ | ဖေဖော်ဝါရီလ ၁၆၊ ၂၀၀၅ | ၂၃ | ဈေးဆိုင်အလုပ်သမား | နမ်ပြုုရွှေမှော် | ဗန်းမော်မြို့ | မိမိချစ်သူကပေးသောငွေဖြင့် မိသားစုကိုထောက်ပံ့နေရာမှ အရပ်က ပြည့်တန်ဆာအဖြစ်သတ်မှတ်ခံရသူတစ်ဦးအကြောင်း |
| အက်စ် ၁၁ | ဖေဖော်ဝါရီလ ၁၁၊ ၂၀၀၅ | ၂၆ | ကျောင်းသူ | မြစ်ကြီးနားမြို့ | ဗန်းမော်မြို့ | နမ့်ခမ်းရွှေမှော်ဒေသတွင် ထမင်းချက်အဖြစ်အလုပ်လုပ်ကိုင် နေခဲ့သော်လည်း နောက်ပိုင်းတွင် ပြည့်တန်ဆာဖြစ်သွားခြင်းအကြောင်း |
| အက်စ် ၁၂ | ဖေဖော်ဝါရီလ ၁၂၊ ၂၀၀၅ | ၂၃ | ကျောင်းသူ | မြစ်ကြီးနားမြို့ | မချမ်းဘော၊ ပူတာအို | ချစ်သူနှင့်လွန်ကျူးမိကြရာမှ ရွာသူရွာသားများ၊ ဝိုင်းပယ်ခြင်း ခံရပြီး ကျောင်းမှထွက်ကာ ရွှေမှော်ဒေသသို့ရောက်လာပြီးနောက်၊ ပြည့်တန်ဆာဖြစ်သွားခြင်းအကြောင်း |
| အက်စ် ၁၃ | မတ်လ ၂၂၊ ၂၀၀၅ | ၂၀ | ကျောင်းသူ | လိုင်ဇာ | တနိုင်း | ရွှေမှော်ဒေသတွင် ထမင်းချက်အလုပ်လုပ်ခဲ့ပြီး၊ အစပိုင်းတွင် ရွှေတွင်းကျင်းလုပ်သားတစ်ယောက်နှင့် တွဲနေခဲ့ရာမှ နောက်ပိုင်းတွင် လိင်ဆက်ဆံခြင်းအတွက် အခကြေးငွေရယူခဲ့သည်။ ထိုမှ တဆင့် ပြည့်တန်ဆာဖြစ်သွားခဲ့ရသည်။ ရွှေတွင်းခေါင်းများက ပြည့်တန်ဆာအလုပ်ကို တားမြစ်ပိတ်ပင်သဖြင့် လိုင်ဇာသို့ပြောင်းလာခဲ့သူ။ |

| အမှတ်စဉ် | မေးမြန်းသည့်ရက်စွဲ | အသက် | အလုပ်အကိုင် | မေးမြန်းသည့်နေရာ | နေရပ်လိပ်စာ | မေးမြန်းသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|
| အက်စ် ၁၄ | မတ်လ ၂၂၊ ၂၀၀၅ | ၂၇ | ကျောင်းသူ | လိုင်ဇာ | ပူတာအို | (နအဖ) စစ်သားက မုဒိမ်းကျင့်ခံရပြီး ရွာသူရွာသားများက ဝိုင်းကျဉ်ခြင်းခံရသဖြင့် ရွှေမော်ဒေသရှိ အလှပြင်ဆိုင်နှင့် အနှိပ်ခန်းတွင် လာရောက်အလုပ်လုပ်ကိုင်နေခဲ့သူ |
| အက်စ် ၁၅ | ဖေဖော်ဝါရီလ ၂၀၊ ၂၀၀၅ | ၂၃ | ပြည့်တန်ဆာ | နမ်ဖြူ့ရွှေမော် | ညောင်သော၊ ဗန်းမော် | မိသားစုဆင်းရဲလွန်းသဖြင့် စားဝတ်နေရေးမဖူလုံရာမှ ရွှေမော်ဒေသတွင် ပြည့်တန်ဆာဖြစ်လာရခြင်းအကြောင်း။ |
| အက်စ် ၁၆ | ဖေဖော်ဝါရီလ ၂၀၊ ၂၀၀၅ | ၂၁ | ပြည့်တန်ဆာ | နမ်ဖြူ့ရွှေမော် | ကပ်မော်၊ဖားကန့် | ဆင်းရဲခြင်းကြောင့် ရွှေမော်တွင် ပြည့်တန်ဆာဖြစ်လာရခြင်းအကြောင်း။ |
| အက်စ် ၁၇ | မတ်လ ၃၊ ၂၀၀၅ | ၂၆ | ပြည့်တန်ဆာ | တနိုင်း | တနိုင်း | ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ကျခဲ့ပြီး အိမ်ထောင်ပျက်ခဲ့သည်။ သားကိုပြုစုပျိုးထောင်ရန်အတွက် ပြည့်တန်ဆာဖြစ်ခဲ့ရခြင်းအကြောင်း။ |
| အက်စ် ၁၈ | မတ်လ ၂၈၊ ၂၀၀၅ | ၂၃ | ကျောင်းသူ | မြစ်ကြီးနား | အောင်နန်း၊ မြစ်ကြီးနား | တနိုင်းရွှေမော်ဒေသတွင် ကာလအတန်ကြာထမင်းချက်လုပ်ခဲ့သော်လည်း၊ လုပ်ခနည်းသဖြင့် ပြည့်တန်ဆာလုပ်ရန်ဆုံးဖြတ်ခဲ့သူ။ |
| အက်စ် ၁၉ | ဖေဖော်ဝါရီလ ၁၀၊ ၂၀၀၅ | ၂၆ | ပြည့်တန်ဆာ | မြစ်ကြီးနား | မြစ်ကြီးနား | ရွှေမော်သို့အလာခရီးတွင် အလိမ်ခံရပြီး ပြည့်တန်ဆာဖြစ်ခဲ့ရသူ။ အတင်းအကျပ်ကိုယ်ဝန်ဖျက်ချခံရသည်။ ကိုယ်ခံအားကျရောဂါစွဲကပ်နေသူ။ |

မြန်မာနိုင်ငံ၏မြောက်ဘက်ကချင်ပြည်နယ်ရှိ ဝေးကွာလှမ်းပြီး သဘာဝပတ်ဝန်းကျင်အရကြွယ်ဝစုံလင်သည့် ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ကမ္ဘာ့ဇီဝရုက္ခမျိုးကွဲများ ထွေပြားစုံလင်ရာ အထူးဒေသတစ်ခုအဖြစ် နိုင်ငံတကာကပင် အသိအမှတ်ပြု ထားကြရပါသည်။ အလားတူ မြန်မာနိုင်ငံကိုအုပ်ချုပ်နေသောစစ်အစိုးရနှင့် သဘာဝတောရိုင်းတိရိစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ Wildlife Conservation Society တို့ကလည်း ၎င်းချိုင့်ဝှမ်းဒေသအတွင်း ကမ္ဘာ၏အကြီးဆုံး ကျားမျိုးများစောင့်ရှောက်ထိန်းသိမ်းရေးဒေသအဖြစ်သတ်မှတ်ထူထောင်ထားကြပါသည်။ သို့သော်လည်း ထိုဒေသအတွင်းနေထိုင်ကြသော ပြည်သူများ၏ဘဝအခြေအနေကိုမူ အာရုံစိုက်အလေးပေးခြင်းမခံခဲ့ကြရပါ။ ဒေသခံသုတေသီများက ဆောင်ရွက်ခဲ့ကြသော ၎င်းအစီရင်ခံစာသည် စစ်အစိုးရ၏ စစ်တပ်အင်အားတိုးချဲ့ချထားလာမှုနှင့် မိမိတို့အကျိုးအမြတ်ကိုသာကြည့်၍ တိုးချဲ့ဆောင်ရွက်နေကြသော ရွှေတူးဖော်သည့်လုပ်ငန်းများကြောင့်၊ ထိုဒေသအတွင်းရှိ ရပ်ရွာလူမှုအသိုင်းအဝိုင်းများကို မည်မျှ ထိခိုက်ပျက်စီးစေခဲ့သည်၊ သစ်တောများနှင့်ရေထွက်စမ်းများကို မည်မျှဖျက်ဆီးခဲ့ကြသည်ဟူသော လူအများဖော်ပြခဲ့ဖူးခြင်း မရှိသေးသည့် အကြောင်းဖြစ်ရပ်များကို တင်ပြထားပါသည်။



KDNG
Kachin Development Networking Group

**kdngroup@gmail.com**
**P.O Box (140)**
**Chiang Mai University PO Box**
**Chiang Mai 50202**
**Thailand**